www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၁၁၈၅/၂၀၀၄ (၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – [၅၀၀၃၀၇၀၅၀၃]
မျက်နှာဖုံးပန်းချီ ◆ မောင်မောင်သိုက်
ထုတ်ဝေသည့်လ ◆ ၂၀၀၅ ခုနှစ်၊ ဇူလိုင်လ
(ပထမအကြိမ်)
အုပ်ရေ ◆ ၅၀၀

**ထုတ်ဝေသူ**
ဦးသန်းမြင့်(၀၁၃၃၉)၊ လင်းလင်းစာပေ
အမှတ်၄/၂၉၊ မြဝတီမင်းကြီးလမ်း
၁၀–မိုင်ကုန်း၊ အင်းစိန်။ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်သူ**
ဦးဇော်မင်း (W!zard)
အမှတ်(၁၉၇)၊ ၃၃–လမ်း(အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်**
ဦးတိုးဝင်း(၀၂၄၃၁) နေလရောင်အော့ဖ်ဆက်
(၉၆/ခ)၊ ၁၁ လမ်း၊ ရန်ကုန်မြို့။

**စာအုပ်ချုပ်** ◆ ပပစိုး
**တန်ဖိုး** ◆ ၈၀၀ ကျပ်

# ဂီဂီဌေး
# ဘီလူးရဲ့မျက်ရည်

www.burmeseclassic.com

www.burmeseclassic.com

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

**နိုင်ငံရေးဦးတည်ချက် ၄ ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် ၄ ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် ၄ ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

**ဘီလူးရဲ့မျက်ရည်တဲ့လား…။**

ခက်ထန်ကြမ်းတမ်းတဲ့ ဘီလူးရဲ့ အသည်းနှလုံးမှာ အကြင်နာပန်းများ ပွင့်လန်းနိုင်ပါ့မလား၊ ဝမ်းနည်းကြေကွဲခြင်းတို့ရဲ့ သက်သေအဖြစ် မျက်ရည်မိုးတို့ ပိုးပိုးပေါက်ပေါက် ကျခဲ့ရတယ်ဆိုတာ ဒဏ္ဍာရီတစ်ပုဒ်လေလား…

ကရောင်းဆိုင်းသံ ကြမ်းကြမ်းတီးတဲ့အခါ မာန်ဟုန်ပြင်းတဲ့ ကကွက်များနှင့် လှုပ်ရှားဟန်ပန်ကို မြင်တွေ့ရတဲ့အတွက် ဘီလူးတို့၏ ပုံသဏ္ဌာန်ကို ကြည့်ရင်းနှင့်ပင် ကြောက်စရာအသွင် ထင်မြင်ခဲ့ရပါသည်။ စာရေးသူတို့ ထင်မြင်ယူဆသကဲ့သို့ ‘ဖလုံ့ရှာသူ’ မသဲအူလည်း သည်လိုပင် တွေးထင်ခဲ့ပါသည်။

ကြာတော့လည်း ကြာခဲ့ပါပြီ…။ လွန်ခဲ့သောနှစ်ပေါင်း(၅၀)ကျော်က အဖြစ်အပျက်ကလေးတစ်ခုပင်။ မသဲ

အားမာန်သစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အူလည်း ယခုအခါ ဒေါ်သဲအူဖြစ်ခဲ့ပါပြီ။ သို့သော်လည်း တစ်ခါက တွေ့ကြုံခဲ့သော အဖြစ်အပျက်တစ်ခုအတွက် ယနေ့ထက်တိုင် မမေ့ရက်နိုင်ပေ။ ဒေါ်သဲအူ၏အဖြစ်မှာ တစ်ထောင်မှာတစ်ယောက် ဖြစ်ခဲလှသော ထူးခြားဆန်း ကြယ်သည့် အဖြစ်မျိုးပင် ဖြစ်ပါသည်။

စာရေးသူနှင့် ဖလုံရွာသူ ဒေါ်သဲအူတို့သည် မမျှော် လင့်သော တစ်နေ့၌ စာရေးသူ၏ မိတ်ဆွေအိမ်တွင် အကြောင်းတစ်ခုကြောင့် တွေ့ဆုံခဲ့ပါသည်။

စာရေးသူသည် ထူးခြားဆန်းကြယ် ဖြစ်ရပ်မှန် များကို အလွန်သိချင်သော ဝါသနာရှိပြီး ထိုဖြစ်ရပ်မှန်များကို စာရှုသူတို့အား တင်ပြလေ့ရှိသည်ကို ဒေါ်သဲအူ သိရသော အခါ ဤဘီလူးရဲ့မျက်ရည်ဇာတ်လမ်း ဖြစ်ပေါ်လာခဲ့ပါ သည်။

ဖလံရွာ၏ ကွမ်းတောင်ကိုင် မသဲအူ။

မဆူမကြုံ၊ မနိမ့်မမြင့်သော ကိုယ်နေဟန်ထားရှိပြီး ဖြူစွတ်သောအသားအရည်နှင့် လုပကျော့ရှင်းသူ တစ်ဦး ဖြစ်၍ မသဲအူကိုချစ်ခင်သည့် ကာလသားများ ပေါ်များလှ ပါသည်။





သို့သော်လည်း မသဲအူမှာ မည်သူ့ကိုမျှ စိတ်မဝင် စားခဲ့ပေ။ မိခင် မုဆိုးမကြီးနှင့်အတူ နေထိုင်ရင်း လယ်ယာ လုပ်ချိန်တွင် ကောက်စိုက်ပျိုးနုတ်ကာ လက်လုပ်လက်စား လိုက်ရပါသည်။

လယ်လုပ်ငန်းပြီးချိန်တွင် သူငယ်ချင်း မိန်းကလေး အဖော် တစ်သိုက်နှင့်အတူ ‘ဖလုံတောကြီး’အတွင်းဝယ် တောင်စင်ဖက်ခူးခြင်း၊ မျှစ်ရှာ၊ မှိုနုတ်စသည့် အလုပ်များကို လည်း လုပ်ခဲ့ကြပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ငါးဆယ်ကျော်ခန့်ရှိပြီဖြစ် သော်လည်း ကျွန်မ၏ထူးဆန်းသည့် အတွေ့အကြုံကို ပြန် လည်မြင်ယောင်ခဲ့ပါသည်။

နံနက်စောစော ဝေလီဝေလင်းအချိန်တွင် ဖလုံတော ကြီးအတွင်းသို့ ရောက်နေကြပြီး ဖက်များကို ခူးကြသည်မှာ ကျွန်မ၏ နေ့စဉ်ဝတ္တရား တစ်ခုပင်။ ထိုဖက်များကို သန့်စင် ပြီး ကြိုးဖြင့်စည်းကာ ရထားမှ ကုန်ဒိုင်သို့ အချိန်မီပို့ရပါ သည်။ ထို့ကြောင့် နေ့လယ် (၁၂)နာရီမထိုးခင် အိမ်ကို အရောက်ပြန်ရပါသည်။ တစ်နေ့တစ်နေ့ အလုပ်နှင့်လက်မှာ အားရသည်ဟူ၍ပင် မရှိချေ။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ နံနက်စောစောတွင် အဖော်တစ်သိုက်နှင့်အတူ ထုံးစံအတိုင်း ဖက်ခူးထွက်ခဲ့ပါသည်။ ကျွန်မတို့ ဖက်ခူးခြင်း အလုပ်မှာ နှစ်စဉ်နှစ်တိုင်း သူ့အချိန်နှင့်သူ လုပ်ရသည့်အလုပ်ပင် ဖြစ်ပါသည်။ မိုးဖြိုင်ဖြိုင်ရွာသည်နှင့် ဖက်ပင်များမှာ အရွက်ကလေးများ ဝေလာပါသည်။

ဤဖလုံတောကြီး အတွင်းတွင် ဖက်များမှာ စိုက်ထားသည့်နှယ် အစီအရီ အကန့်လိုက် အကန့်လိုက် ပေါက်နေပါသည်။ တောင်စင်ဖက်သည် လူသုံးများသည့် အရွက်-ဈေးရသောဖက်မျိုးဖြစ်သဖြင့် တောင်စင်ဖက်ပေါက်ရာတောသို့ သူထက်ငါ အပြိုင်သွားကာ ခူးကြရပါသည်။

ဤအလုပ်မှာ ကျွန်မတို့ရဲ့ နေ့တိုင်းလုပ်နေကျ အလုပ်ဖြစ်သဖြင့် တောကြီးအတွင်းသို့ ဝင်လာခဲ့ပါသည်။ ယနေ့မှာ တစ်မူ ထူးခြားနေပါသည်။ မနေ့က ခူးရန်ချန်ထားသော တောင်စင်ဖက်ကွင်းမှာ တောင်စင်ဖက်များ မရှိတော့ဘဲ ငုတ်တုတ်ကလေးများသာ တွေ့ရပါသည်။ မည်သူများ လက်ဦးသွားသည်နည်းဟူ၍ တောင်တောင်အီအီ စဉ်းစားနေမိပါသည်။

'ဟယ်… ငြိမ်းလှရေ… တို့ ဒီနေ့ခူးဖို့ ချန်ထားတဲ့





အကွက်မှာ ဖက်တွေမရှိတော့ဘူး'

'ဟုတ်ပါရဲ့ဟယ်… ဒီလောက်များတဲ့ ဖက်တွေ ဘယ်သူများ လာခူးသွားသလဲ မသိဘူး'

'ဒုက္ခပါပဲ… ဒါဆို ဒီနေ့အဖို့ ငွေတစ်ကျပ်တောင် မရတော့ဘူးပေါ့'

'ဟုတ်ပါ့… တို့တော့ဒုက္ခပဲ၊ လာရကျိုးမနပ်တော့ဘူး'

ထိုသို့ သူငယ်ချင်းအချင်းချင်း ညည်းညူပြောဆိုနေချိန်တွင် တစ်ဖက်တောစပ်မှ အမျိုးသားတစ်ဦး ထွက်လာပြီး ကျွန်မတို့အနားသို့ တဖြည်းဖြည်း လျှောက်လာခဲ့ပါသည်။

'ညီမတို့… ဘာဖြစ်နေတာလဲ'

'ကျွန်မတို့က ဖက်ခူးထွက်လာတာပါ၊ အခု ဖက်တွေ မရှိတော့ ဘာလုပ်ရမှန်းမသိဘဲ စိတ်ညစ်နေကြလို့ ပြောမိပြောရာ ပြောနေတာပါ'

'သြော်… ဒါလား၊ အစ်ကိုတို့က မသိလို့ ဖက်တွေ ူးထားတာပါ၊ ဟိုဘက်တောစပ်မှာ ပုံထားပါတယ်၊ ညီမတို့ ယူချင်ရင် လာယူပါ'

ဖက်လိုချင်သော ကျွန်မတို့တစ်သိုက်လည်း သော

www.burmeseclassic.com



စပ်သို့ လိုက်လာခဲ့ပါသည်။ ထိုတောစပ်တွင် ဖက်များကို အစီအရီထပ်ထားသည်ကို တွေ့ရသည့်အတွက် ကျွန်မတို့ အားလုံးမှာ လွန်စွာ ဝမ်းသာသွားကြပါသည်။

'ဟယ်… ဖက်တွေ အများကြီးပဲ၊ ဝမ်းသာလိုက်တာ၊ ဒါဆို ဒီနေ့ ဖက်မခူးရဘဲ ဖက်တွေ အများကြီးရပြီပေါ့'

'ယူသွား ညီမတို့… မနက်ဖြန်လည်း အစ်ကိုတို့ ခူးထားပေးမယ်'

'မနက်ဖြန်ဆိုရင် ဟိုဘက်ကွင်းစပ်က ဖက်တွေ ရပါဦးမလား မသိဘူး၊ အရွက်တွေက သေးသေးတယ်'

'ရမှာပါ ညီမတို့ရယ်၊ အရွက်ကြီးတဲ့ဖက်တွေ အစ်ကိုတို့ ခူးထားပါမယ်'

'အစ်ကိုတို့သာပြောတယ်၊ အခြားလူတွေလည်း မတွေ့ပါလား'

'သြော်… အစ်ကို့သူငယ်ချင်းတွေက ခူးပြီးတာနဲ့ သူတို့ အလုပ်ဆီကို ပြန်သွားကြတယ်'

'ဒါထက် စပ်စုတယ်လည်း မထင်ပါနဲ့၊ အစ်ကို့ကို ဒီတောကြီးထဲမှာ တစ်ခါမှမတွေ့ဖူးဘူး၊ ညီမတို့ ဖက်ခူးတာ ကြာပြီ'





'ဘယ်တွေ့ဖူးပါ့မလဲ… အစ်ကိုတို့က အလုပ်ကိစ္စနဲ့ ဒီတောကြီးထဲမှာ စခန်းချထားတာ ဖက်တွေတွေ့တော့ ခူးချင်တာနဲ့ ခူးထားတာ'

'အစ်ကိုတို့က ဒီတောကြီးထဲမှာ စခန်းချတယ်ဆို တော့ သစ်တောဌာနကလား'

'ဆိုပါတော့ ညီမတို့ရယ်၊ ကဲ… မနက်ဖြန်လာနော်၊ အစ်ကို ဖက်ခူးထားလိုက်မယ်'

'ဟုတ်ကဲ့… အစ်ကို၊ ကျေးဇူးတင်ပါတယ်'

ထိုသို့ဖြင့် ကျွန်မတို့ လုံမပျိုတစ်သိုက်မှာ ဖက်များ တစ်ပွေ့တစ်ပိုက်နှင့် ဝမ်းသာအားရစွာ အိမ်သို့ ပြန်ခဲ့ကြ ပါသည်။ ထိုမှ ကုန်ဒိုင်သို့ သွားပို့ကြပါသည်။ ကုန်ဒိုင်မှ လည်း ယနေ့ကုန် လာပို့ချိန်စောပြီး ဖက်များစွာပါလာသဖြင့် အံ့သြနေပါသည်။

'မသဲအူတို့ ဒီနေ့ဖက်ပို့တာ တယ်စောပါလား၊ မနက်ဖြန်လည်း စောစောပို့နော်၊ ဒီရက်ပိုင်းမှာ ဖက်ဈေး ကောင်းတယ်'

'ဟုတ်ကဲ့ ဒိုင်မှူးကြီး'

ထိုနေ့က ဖက်ရွက်ကြီးသဖြင့် ဈေးကောင်းရကာ

www.burmeseclassic.com



ငွေစများရှင်သည့်နေ့ ဖြစ်ခဲ့ပါသည်။ ကျွန်မတို့အုပ်စုလည်း နောက်တစ်နေ့နံနက်၌ စောစောထကာ ဖလုံတောကြီးအတွင်းသို့ သွားရောက်ခဲ့ပါသည်။

'ညီမတို့ ရောက်လာပြီလား၊ အစ်ကို စောစောထပြီး ဖက်ခူးထားတယ်'

ဖက်ရွက်များစွာ စုပုံထားသဖြင့် တောင်ပုံရာပုံဖြစ်နေသော ဖက်ပုံကြီးကို တွေ့ရသောအခါ ကျွန်မတို့မှာ အလွန်အမင်း အားရဝမ်းသာ ဖြစ်ခဲ့ရပါသည်။

'ဟယ်... ဖက်တွေ အများကြီးပုံထားတယ်။ ကျေးဇူးတင်လိုက်တာ အစ်ကိုရယ်'

ကျွန်မတို့အုပ်စုသည် ဖက်များကို အစီအရီထပ်ကာ စည်းနှောင်ပြီး တစ်စီးချင်းတစ်စီး ထပ်ထားပါသည်။ အရုံသင့် ခူးပြီးသားဖြစ်သဖြင့် ခဏချင်းပင် ဖက်စည်းခြင်းကိစ္စ ပြီးသွားပါသည်။ နံနက် ခုနစ်နာရီပင် မထိုးသေး။ အလုပ်ကိစ္စက ပြီးသွားနှင့်လေပြီ။ သည်အချိန်နှင့် အိမ်ပြန်ရန်လည်း မဖြစ်ပေ။

'ဒါနဲ့ ညီမတို့ကို အစ်ကို တစ်ခုတောင်းပန်ချင်ပါတယ်'





'ဘာလဲ ... အစ်ကို ပြောပါ'

'အစ်ကိုဟာ ဒီဖက်တွေကို နံနက်တိုင်း ခူးပေးတဲ့အကြောင်းကို ဘယ်သူ့ကိုမှ မပြောပါနဲ့၊ အခြားလူတွေသိသွားရင် အစ်ကို ဒီတောကြီးထဲမှာ နေရမှာမဟုတ်ဘူး၊ ညီမတို့ကိုလည်း ဖက်ခူးပေးနိုင်တော့မှာ မဟုတ်ဘူး'

ကျွန်မတို့တစ်သိုက်မှာလည်း ဖက်ခူးပေးနိုင်မှာမဟုတ်ဟု ပြောသည့်အတွက် အတော်ပင် တုန်လှုပ်သွားပါသည်။ ဖက်ခူးရသည်မှာလည်း လွယ်ကူသောအလုပ်မဟုတ်ပေ။

ဖက်တောထဲကိုနင်းပြီး ခူးရသည့်အတွက် ကျွတ်ကောင်တွယ်သည်မှာ ပြောဖွယ်မရှိ။ အခန့်မသင့်လျှင် မြွေပါးကင်းပါးဆိုသကဲ့သို့ မြွေကင်းများနှင့်လည်း ရင်ဆိုင်တွေ့သည့်အခါတွေ့ရဲ့။

ဖက်ခူးခါနီးတွင် ဖက်များကို တုတ်ရှည်ဖြင့်ရိုက်ကာ တောခြောက်ရပါသည်။ အသံဗလံနှားထောင်ပြီး မည်သည့်အန္တရာယ်ပေးမည့် သတ္တဝါများ မရှိဟု ထင်မှတ်မှသာလျှင် တောထဲဝင်၍ ဖက်ခူးခြင်းလုပ်ရပါသည်။

ထိုအမျိုးသားက ဤသို့ ဖက်ခူးပေးသည့်အတွက်

www.burmeseclassic.com



အလုပ်လုပ်ရာ တွင်ကျယ်သကဲ့သို့ အန္တရာယ်လည်း ကင်းသည့်အတွက် ထိုသူ၏ပြောစကားသည် အဘွားကို လွှမ်းမိုးခံရသည့်နှယ် အထိတ်တလန့် ရှိခဲ့ပါသည်။

'အစ်ကို စိတ်ချပါ… ဖက်ခူးပေးတဲ့အကြောင်းကို ဘယ်သူ့ကိုမှ မပြောပါဘူး၊ စောစောလည်း မပြန်ပါဘူး၊ ပြန်နေကျအချိန်ကျမှ ပြန်ပါ့မယ်'

ကျွန်မတို့လည်း အချိန်ဖြုန်းရင်း ထိုအမျိုးသားနှင့် အလ္လာပ သလ္လာပ တွေရာလေးပါး စကားစမြည် ပြောဖြစ်ခဲ့ပါသည်။

'အစ်ကို… အစ်ကို့နာမည်က ဘယ်လိုခေါ်ပါသလဲ'

'အစ်ကို့နာမည်က ကိုယက္ခပါ'

'ဟင်… အစ်ကို့နာမည်ကြီးကလည်း တစ်မျိုးပါလား၊ ကိုယက္ခတဲ့လား'

'ဟုတ်ပါတယ်… အစ်ကို ငယ်ငယ်လေးတည်းက ဝဝဖိုင့်ဖိုင့်နဲ့ မျက်နှာထားဆိုးလို့ ယက္ခနဲ့တူတယ်ဆိုပြီး စ,နောက်ခေါ်ရင်းက ကိုယက္ခဖြစ်သွားတာပါပဲ'

'ညီမနာမည်က သဲအူပါ… ဒီဘက်က ငြိမ်းလှ၊





ဟိုဘက်က ဌေးမြ… နောက်က မယ်တင့်နဲ့ မယ်မြင့်တို့ညီအစ်မပေါ့'

'ညီမတို့နဲ့တွေ့ရတာ ဝမ်းသာပါတယ်။ ဒါပေမဲ့ အစ်ကိုလည်း ဒီတောကြီးထဲမှာ ခဏလာနေတာဆိုတော့ အစ်ကိုမပြန်ခင်အထိတော့ ဖက်ခူးပေးပါ့မယ်'

'ဟောတော့… အစ်ကိုကလည်း ခုနကပြောတော့ တစ်မျိုး၊ အခုပြောတော့ တစ်မျိုးနဲ့၊ စိတ်တောင်ညစ်လာပြီ'

'ညီမ မသဲအူက ဖက်မရမှာစိုးလို့ စိတ်ညစ်တာလား၊ မညစ်ပါနဲ့၊ အခုဒီမှာ အတော်ကြာကြာ ရှိနေဦးမှာပါ'

'အဲဒီလိုလည်း မဟုတ်ပါဘူး အစ်ကိုယက္ခရယ်၊ ကျွန်မတို့က ခင်လို့ပါ'

'အစ်ကိုကလည်း ညီမတို့ကို ခင်လို့ ဖက်ခူးပေးတာပါ'

ထိုသို့ဖြင့် အားလုံးပျော်ရွှင်ကာ ရယ်မောခဲ့ရပါသည်။ သည်လိုနှင့်ပင် တစ်လခန့် ကြာခဲ့ပါသည်။ ကိုယက္ခသည် အားလုံးနှင့် ရင်းနှီးခင်မင်ခဲ့ပါသည်။ ထိုအားလုံးအနက် ကျွန်မနှင့် ပို၍ ခင်မင်ပါသည်။ ခင်မင်ရင်းစွဲကို အစပြု၍ ကိုယက္ခနှင့် ကျွန်မတို့နှစ်ဦးသားမှာ ချစ်သူများ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာခဲ့ပါသည်။

ထို့ကြောင့် ဖက်စည်းခြင်းကိစ္စ ပြီးသည်နှင့် ကျွန်မတို့နှစ်ဦးသားမှာ တောစပ်ရှိ လက်ပံပင်ကြီးအောက်တွင် ထိုင်ရင်း ချစ်သူတို့၏သဘာဝအတိုင်း ရှေ့ရေးကို တိုင်ပင်ကြပါသည်။

'ညီမကို အစ်ကို တောင်းရမ်းလက်ထပ်ယူပါ့မယ်၊ ဒါပေမဲ့ အစ်ကိုမှာ ဘဘတို့ရဲ့ အစီအမံအောက်မှာ နေရတဲ့သူမို့ မကြာခင်မှာ ခရီးထွက်ရမယ်၊ ပြန်လာတဲ့အခါမှာ ညီမဆီကို ဆက်ဆက်ပြန်လာခဲ့ပါ့မယ်'

'အစ်ကိုရယ်၊ အစ်ကိုဟာ ညီမကိုချစ်တယ်ပြောပြီး ကိုယက္ခဆိုတဲ့ နာမည်နဲ့လိုက်အောင် ဘီလူးတစ်ယောက်လို ရက်စက်မသွားပါနဲ့ အစ်ကိုရယ်'

'မရက်စက်ပါဘူး ညီမရယ်၊ အစ်ကိုနဲ့ညီမဟာ ချစ်သူတွေဖြစ်ပေမယ့် အစ်ကို ညီမကို လက်ဖျားနဲ့တောင် မထိခဲ့ပါဘူး၊ ညီမပြောသလို ကိုယက္ခဟာ ကြမ်းတမ်းတဲ့ ဘီလူးမဟုတ်ပါဘူး၊ ဘီလူးဖြစ်ခဲ့ရင်တောင် အကြင်နာရှိတဲ့ ဘီလူးပဲဖြစ်မှာပါ'

'ဘီလူးမှာ ကြင်နာတတ်တဲ့ အသည်းနှလုံးရှိပါ့





မလား အစ်ကိုရယ်'

'ဘီလူးတိုင်းတော့ မဆိုလိုပါဘူး၊ ဒါပေမဲ့ လူသားတစ်ယောက်ရဲ့ ရက်စက်ခြင်းကို ခံခဲ့ရလို့ ဘီလူးမတစ်ယောက်ဟာ မျက်ရည်စက်လက်နဲ့ အဝေးတစ်နေရာကို ရှောင်ပြီးသွားရတဲ့ အဖြစ်တစ်ခုရှိဖူးတယ်'

'ဘီလူးဟာ မျက်ရည်စက်လက်ကျခဲ့ရတယ် ဟုတ်လား၊ အစ်ကိုက မဟုတ်တာတွေ ပြောနေပြန်ပြီ'

'အစ်ကို တကယ်ပြောတာပါ၊ အဲဒီဖြစ်ရပ်ဟာ တကယ်အမှန်ကို ဖြစ်ခဲ့တာပါ။ ရာဇဝင်မှာစာတင်ထားတဲ့ အဖြစ် တစ်ခုပါ'

'ဟိုး··· ရှေးရှေးတုန်းကပေါ့၊ တကောင်းပြည့်ရှင် တကောင်းမင်းတရားကြီးမှာ မဟာသမ္ဘဝ၊ စူဠာသမ္ဘဝဆိုတဲ့ မျက်မမြင်သားတော်နှစ်ပါးရှိတယ်။ မျက်စိနှစ်ကွင်း အလင်းမရတဲ့အတွက် ဖောင်ပေါ်တင်ပြီး ဧရာဝတီမြစ်ကြောအတိုင်း မျှောလိုက်တဲ့အခါ လမ်းမှာ ဘီလူးမနဲ့တွေ့တယ်။ သူ့နာမည်က စန္ဒာမုခိ ဘီလူးမပေါ့··· သူက မင်းသားနှစ်ပါးရဲ့ မျက်စိကို ကုပေးလိုက်တာ မျက်စိနှစ်ကွင်း အလင်းရခဲ့တယ်၊ ညီငယ် စူဠာသမ္ဘဝနဲ့ စန္ဒာမုခိတို့ သင့်မြတ်ခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



သရေခေတ္တရာကို ရောက်တဲ့အခါမှာ ဦးရိုးတော် ခေပဒူတ ရသေ့က သူ့တူတော်တွေမှန်းသိလို့ မွေးစားသမီး ဗေဒါရီနဲ့ ထိမ်းမြားပေးပြီး ထီးနန်းစိုးစံစေခဲ့သည်။ မဟာသမ္ဘဝ နတ်ရွာစံတော့ ညီတော် စူဠသမ္ဘဝဟာ ဗေဒါရီကို ဆက်ပြီး မိဖုရားမြှောက်ပြီး မင်းလုပ်ခဲ့တယ်။ အဲဒီမှာတင် စဏ္ဍမုခိ ဘီလူးမက စိတ်နာပြီး ပုပ္ပါးတောင်နားမှာ ယက္ခပုရပြည်ကို တည်ထောင်ပြီး နေခဲ့တယ်။ အဲဒီ စဏ္ဍမုခိဘီလူးမဆိုရင် မျက်စိမြင်အောင် ကုပေးရပြီး သူ့ကိုစွန့်ပစ်လိုက်တဲ့အတွက် အလွန် ဝမ်းနည်းကြေကွဲပြီး မျက်ရည်စက်လက်နဲ့ ထွက်ခွာလာခဲ့ရတယ်'

'ဒါဆို ဘီလူးရဲ့မျက်ရည်ပေါ့'

'ဟုတ်တာပေါ့ ညီမရယ်၊ နောက် ပန်းစားဘီလူးမ ဓိယံဝဏ္ဏာဟာလည်း ခင်ပွန်းသည်နဲ့သားတွေအတွက် မျက်ရည်စက်လက်ကျခဲ့ရတဲ့ သာဓကတွေရှိပါတယ်။ အခြားအခြားသော ကိုယ်မသိတဲ့ ဇာတ်လမ်းမှာလည်း သည်လိုမျက်ရည်ကျတာ ရှိဦးမှာပဲ'

'ကဲ... အစ်ကိုရယ် ညီမ ယုံပါပြီ၊ ညီမနဲ့ အစ်ကိုနဲ့ တကယ်လို့ဝေးကွာသွားခဲ့ရင် အစ်ကို မျက်ရည်ကျမှာလား'





'ညီမရဲ့စကားက နိမိတ်မကောင်းဘူးကွယ်။ ဒါပေမဲ့ အစ်ကို ဖြေပါ့မယ်၊ ညီမနဲ့ တစ်သက်လုံးဝေးရရင်တော့ အစ်ကိုလည်း ရင်ကွဲပက်လက် မျက်ရည်စက်လက် ဖြစ်မှာပါပဲ'

'ကဲ.. အစ်ကိုရယ်၊ အချိန်လည်း အတော်လင့်သွားပြီ၊ ညီမတို့ပြန်မယ်'

ထုံးစံအတိုင်းပင်တောစပ်နားအထိ အစ်ကိုသည် ကျွန်မအား လိုက်လံပို့ဆောင်ပေးခဲ့ပါသည်။ ကျွန်မတို့ကတော့ ဖက်များရရှိသဖြင့် ပြုံးမြုံးပျော်ကာ ရွာသို့ပြန်ခဲ့ကြပါသည်။ အစ်ကို့မျက်နှာမှာ ညှိုးရော်နေပြီး ကျန်နေရစ်ခဲ့ပါသည်။

နောက်တစ်နေ့မှာလည်း ထုံးစံအတိုင်းပင် နံနက်စောစော သည်တောကြီးထဲသို့ ရောက်လာခဲ့ပါသည်။ သည်တစ်ခါ အစ်ကို့ကို တွေ့ရခြင်းမှာ နောက်ဆုံး တွေ့ဆုံခြင်းပင် ဖြစ်ပါသည်။ ကံကြမ္မာ၏ ရိုးမယ်ဖွဲ့ကာ လှောင်ပြောင်ကျီစယ်သည့်နေ့ပင်ဖြစ်မည်ဟု ကျွန်မ မတွေးမိခဲ့ချေ။

'အစ်ကို မျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ်လို့လဲ အစ်ကို'



www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုတို့ဆီကို ဘဘတို့ရဲ့ ညွှန်ကြားချက် ရောက်လာတယ်။ မနက်ဖြန်ကစပြီး အစ်ကို ခရီးထွက်ရတော့မယ်။ ဒီကောင်တွေဟာ အစ်ကို နောက်ဆုံးခူးပေးခဲ့တာပဲ'

'အစ်ကိုရယ်၊ စိတ်မကောင်းလိုက်တာ'

'စိတ်မကောင်းမဖြစ်ပါနဲ့ ညီမရယ်၊ ညီမနဲ့ အစ်ကိုတို့ဟာ ဟိုရှေးဘဝက ရေစက်ကြောင့် အခုလိုလာပြီး ဆုံဆည်းခဲ့တာပဲ၊ အစ်ကို မကြာခင် ပြန်လာခဲ့မယ်၊ အခုတော့ အစ်ကို သွားတော့မယ်နော်'

ပြောပြောဆိုဆို ကိုယက္ခတစ်ယောက် ကသုတ်ကရက် ထွက်ခွာသွားခဲ့ပါသည်။ ကျွန်မတို့ သူငယ်ချင်းတစ်သိုက်လည်း လွန်စွာ စိတ်မကောင်းဖြစ်ကာ ကျန်ရစ်ခဲ့ပါသည်။

ကျွန်မသည် လွန်စွာဝမ်းနည်းလွန်းသဖြင့် ငိုရှိုက်ရင်း အစ်ကို့ကို လှမ်းကြည့်မိပါသည်။ အစ်ကို့ကျောပြင်ကလေးကို တောစပ်အလွန်နေရာလောက်တွင် တွေ့ရသဖြင့် အစ်ကို၏နေရပ်ကို သိချင်သည့်အတွက် ခြေရာခံကာ ချောင်းမြောင်းလိုက်လာခဲ့ပါသည်။ ကျွန်မနှင့်အတူ ငြိမ်းလှလည်း လိုက်ပါလာခဲ့ပါသည်။





အစ်ကိုသည် တောအုပ်များကိုဖြတ်သန်းကာ ရိုးချောင်းလေးတစ်ခုကို ဖြတ်ကျော်သွားပြီး စိမ်းညို့ညို့နှင့် သစ်ပင်အုပ်ကောင်းသည့် နေရာဆီသို့ ဦးတည်၍ သွားနေပါသည်။ အစ်ကိုသည် ထိုတောအုပ်ထဲသို့ ဝင်သွားပြီး မကြာမီ ကျွန်မတို့ အစ်ကို့နောက်သို့ ဆက်၍ လိုက်ခဲ့ပါသည်။

အတန်ငယ် ကြာသောအခါ အစ်ကို့ကိုမတွေ့ရတော့ပေ။ ကျွန်မတို့နှစ်ယောက်လည်း ဟိုကြည့်ဒီကြည့်ဖြင့် မှန်း၍ လျှောက်ခဲ့ရာ ပဲလိပ်ပြာပင် အများအပြားပေါက်ရောက်ပြီး ပဲလိပ်ပြာပွင့်ပြာကလေးများ အသွယ်လိုက် အသွယ်လိုက်ပွင့်နေသည်မှာ အလွန်ကြည့်၍ကောင်းသော ပန်းချီကားတစ်ချပ်နှယ် ဖြစ်နေပါသည်။

အစ်ကိုသည် နံနက်တိုင်း ပဲလိပ်ပြာ အနွယ်ကလေးများကိုယူဆောင်ပြီး ကျွန်မ၏ဦးခေါင်းတွင် ပန်ဆင်ပေးတတ်သည့်အတွက် အစ်ကိုသည် ဤနေရာတွင် နေထိုင်သည်မှာ အမှန်ပင်ဖြစ်မည်ဟု တွေးထင်ကာ ပဲလိပ် ပြာပင်ကလေးများဘက်သို့ လာခဲ့ပါသည်။ ထိုနေရာမှလွန်သော် အလွန်အံ့ဩဖွယ်ကောင်းသော နေရာဌာနတစ်ခုကို တွေ့လိုက်ရပါသည်။

ဤသည်မှာ မလှမ်းမကမ်း ကွင်းကျယ်အဝေး တင်

www.burmeseclassic.com



နေရာတွင် ဂူဘုရားတစ်ဆူကို ဖူးတွေ့ရပြီး ၄င်းဘုရား၏ ပရဝုဏ်အတွင်းသို့ ဦးတည်သွားနေသော အစ်ကို့ကို လှမ်းတွေ့ရပါသည်။ ကျွန်မတို့နှစ်ယောက်လည်း ဆက်လက်ပြီး လိုက်လာခဲ့ရာ အစ်ကိုသည် ဂူဘုရားအတွင်းသို့ ဝင်သွားသည်ကို ထင်ထင်ရှားရှား မြင်တွေ့လိုက်ရပါသည်။

ကျွန်မတို့လည်း ထိုဘုရားဆီသို့လာခဲ့ရာ ဘုရား၏ ဘေးဘက် တစ်နေရာတွင် အလွန်ကြီးသော ဘီလူးခေါင်း ရုပ်ထုကြီးတစ်ခုကို တွေ့လိုက်ရပါသည်။ သည်ဦးခေါင်းကြီး၏အမြင့်မှာ တစ်ထပ်အိမ်အမြင့်ခန့်ရှိပြီး ဂဝံကျောက်ဖြင့် ထုလုပ်ထားပြီး ကိုယ်ထည်များမပါဘဲ ဦးခေါင်းကြီးသက်သက်သည် မြေပေါ်မှ ကြွတက်နေသည့်သဖွယ် တွေ့ရသဖြင့် လွန်စွာ အံ့အားသင့်သွားပါသည်။

အဘယ့်ကြောင့်ဆိုသော် ကျွန်မတို့အားလုံးသည် သည်နေရာ သည်ဒေသကို နှံ့စပ်အောင် သွားနေကျနေရာများ ဖြစ်ပါသည်။ ဟိုယခင်သွားစဉ်က ဤရုပ်တုကြီးကို မတွေ့ခဲ့ပေ။

ယနေ့မှ ထူးဆန်းစွာ တွေ့ရှိရသည့်အတွက် ကိုယ့်မျက်စိကိုပင် ကိုယ်မယုံနိုင်လောက်အောင် ဖြစ်ခဲ့ရပါသည်။





'အစ်ကို ဂူဘုရားထဲဝင်သွားပြီ၊ တို့ လိုက်သွားရအောင် ငြိမ်းလှရေ'

ပြောပြောဆိုဆို ဂူဘုရားအတွင်းသို့ အပြေးလိုက်လာခဲ့ပါသည်။ ဤတွင် စကျင်ကျောက်ဖြူဖြင့် ထုလုပ်ထားသော ဘုရားတစ်ဆူကိုသာ ဖူးတွေ့ရပြီး အစ်ကို့ကို မတွေ့ရပေ။ ကျွန်မ စိတ်မကျေနပ်ဖြစ်ခဲ့ပါသည်။

ကျွန်မတို့နှစ်ဦးရှေ့တွင် သေသေချာချာ ဝင်သွားသည်ကို တွေ့ရပါလျက် ယခု ကျွန်မတို့ တွေ့ရသည်မှာ အင်္ဂတေနှင့် အသေပိတ်ထားသည့် စေတီတော်၏ (ဂန္ဓကုဋိ) လိုဏ်ဂူခန်း ဖြစ်နေသည့်အတွက် လွန်စွာ အံ့သြမိပါသည်။

ကျွန်မတို့နှစ်ယောက်စလုံး မြင်လိုက်ရသည့်အတွက် မျက်စိမှားခြင်းလည်း မဖြစ်နိုင်ပေ။ ကျွန်မသည် စိတ်မထိန်းနိုင်တော့ဘဲ အစ်ကို့ကို အော်ခေါ်မိပါသည်။

'အစ်ကိုရေ… ကိုယက္ခရေ'

'ဟဲ့… သဲအူ၊ လျှောက်အော်ခေါ်မနေနဲ့၊ ကိုယက္ခလည်း မတွေ့တော့ဘူး။ တောခြောက်တာများ ဖြစ်နေမလား၊ ပြန်မှ… ပြန်မှ'

ငြိမ်းလှ၏ ကြောက်လန့်စကားကို ကြားရသော



www.burmeseclassic.com

www.burmeseclassic.com



အခါမှ ကျွန်မတွင် ကြက်သီးတဖြန်းဖြန်း ထလာပါသည်။

'အေး… ပြန်မယ်ဟယ်၊ အစ်ကိုမှ မတွေ့ရတော့တာ'

ကျွန်မလည်း စိတ်ပျက်လက်ပျက်ဖြင့် ပြန်လာခဲ့ပါသည်။ ငြိမ်းလှမှာမူ ကြောက်လွန်းသဖြင့် သွေးမရှိသကဲ့သို့ ဖြူဖတ်ဖြူရော် ဖြစ်နေပါသည်။ ဂူဘုရားမှ ထွက်လာခဲ့ရာ ထိုနေရာနှင့် မလှမ်းမကမ်းရှိသော ဘီလူးကြီး၏ မြေစိုက်ဦးခေါင်းကြီးကို လှမ်းကြည့်မိပါသည်။

'အလို… ဘုရား… ဘုရား၊ ဘီလူးခေါင်းကြီးကို ကြည့်လိုက်စမ်းပါ သဲအူ'

'ဟဲ့… ဘာဖြစ်လို့တုန်း'

'မျက်ရည်တွေ ကျနေတယ်'

'ပေါက်ပေါက်ရှာရှာဟယ်'

'သေသေချာချာ ကြည့်ပါဦး၊ ဘီလူးမျက်လုံးထဲက ရေတွေ ထွက်ကျနေတယ်'

ကျွန်မလည်း ငြိမ်းလှ ညွှန်ပြရာသို့ လှမ်းကြည့်လိုက်ရာ မြေစိုက်ဘီလူးကြီး၏ မျက်လုံးထဲမှ မျက်ရည်များစီးကျနေသည်ကို သေချာစွာ တွေ့လိုက်ရပါသည်။





'သြော်… ဘီလူးရဲ့မျက်ရည်ဆိုတာ တကယ်တွေ့ရပြီပဲ'

ကျွန်မ ကြောက်လန့်ခြင်းကင်းစွာ ဤဘီလူး၏မျက်လုံးမှ စီးကျနေသော မျက်ရည်များကို စူးစိုက်စွာကြည့်လိုက်ပါသည်။ ဤမျက်ရည်များကို ကြည့်ရင်း ကျွန်မ တစ်စုံတစ်ရာကို သတိရမိပါသည်။

'ညီမရဲ့စကားက နိမိတ်မကောင်းဘူးကွယ်၊ ဒါပေမဲ့ အစ်ကို ဖြေပါ့မယ်၊ ညီမနဲ့တစ်သက်လုံး ဝေးရရင်တော့ အစ်ကိုလည်း ရင်ကွဲပက်လက် မျက်ရည်စက်လက် ဖြစ်မှာပါပဲ'

ငြိမ်းလှမှာမူ ကျွန်မလက်ကိုဆွဲကာ ဤတောကြီးမှ အလျင်အမြန် ထွက်လာခဲ့ပါသည်။ ကျွန်မတို့သည် မူလဖက်ခူးရာ တောစပ်သို့ မကြာမီပြန်ရောက်ခဲ့ပါသည်။

'နင်တို့ကလည်း ဘယ်သွားနေတာလဲ၊ ကြာလိုက်တာ'

အတင့်က လှမ်းပြောရာ ငြိမ်းလှမှ အကြောင်းစုံရှင်းပြခဲ့ပါသည်။ ကျွန်မတို့တွေ့မြင်ခဲ့သော အကြောင်းအရာကို အားလုံးသော သူငယ်ချင်းများက မယုံကြည်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အားလုံးစုံကာ ထိုနေရာသို့ တစ်ခေါက်ပြန်၍ သွားကြည့်ခဲ့ကြပါသည်။

သို့သော်လည်း ပဲလိပ်ပြာပင်ကလေးများကိုသာ တွေ့ရပြီး ဂူဘုရားနှင့် ဘီလူးရုပ်တုခေါင်းကြီးကိုမူ လုံးဝမတွေ့ရတော့ပေ။ တစ်နာရီခန့် အချိန်အတွင်း ဤဂူဘုရားနှင့် ဘီလူးခေါင်းကြီးအား မည်သူမျှ ရွှေ့ပြောင်းနိုင်မည် မဟုတ်ပေ။ ဤနေရာ ဤဌာနမှန်းသိသာသည့်အချက်မှာ လေအဟေ့တွင် ဒါန်းစီးနေသည့်နှယ် လှပစွာ သွယ်တန်းပွင့်နေသော ပဲလိပ်ပြာပွင့်ပြာပြာကလေးများ သက်သေတည်နေခဲ့ပါသည်။

ဤထူးဆန်းလှသော အဖြစ်အပျက်တို့ကြောင့် အားလုံးမှာ ယုံရခက် မယုံရခက် ဖြစ်ခဲ့ရပါသည်။ ဤဇာတ်လမ်းသည် ဤမျှနှင့်မပြီးသေးဘဲ ရွာသို့ရောက်သောအခါ လူကြီးမိဘများကို ပြန်ပြောပြကာ ထိုနေရာသို့ ရပ်မိရပ်ဖများပါ တောနင်းရှာခဲ့ပါသည်။

သို့သော်လည်း မည်သူမျှ ဂူဘုရားနှင့် ဘီလူးခေါင်းကိုမတွေ့ရပေ။ ကျွန်မတစ်ဦးတည်းသာ တွေ့ခဲ့ပါမူ ယုံတမ်းစကားကို ရှူးကြောင်ကြောင်ဖြစ်၍ ပြောသည်ဟု ဆိုကောင်းဆိုပေမည်။ ကျွန်မ၏သက်သေသည် ငြိမ်းလှပလှသော အဖော်





ပင်ဖြစ်ပြီး ယနေ့တိုင် သက်ရှိထင်ရှား ရှိနေပါသေးသည်။

တောခြောက်သည်ဟုဆိုဆို မျက်စိလည် လမ်းမှားကာ ဂူဘုရားနှင့် ဘီလူးခေါင်းဆီသို့ ရောက်ခဲ့သည်ဟု ပြောပြော တကယ်ပင် တွေ့ခဲ့ရသည်မှာ အမှန်ပင် ဖြစ်ပါသည်။

'သြော်... မိုးလည်းမရွာ၊ ဆောင်းနှင်းပွင့်တွေလည်း မကြွေပါဘဲနဲ့ ဘီလူးရုပ်ရဲ့ မျက်လုံးအိမ်က မျက်ရည်ပိုးပိုးပေါက်ပေါက်ကျနေတာ ဘာကြောင့်ပါလိမ့်'

အစ်ကို တစ်ခါက ပြောပြဖူးတဲ့ စဏ္ဍာမုခိဘီလူးမရဲ့ အဖြစ်သနစ်လို ကြေကွဲဝမ်းနည်းစွာနဲ့ နာကျင်သော အသည်းနှလုံးကို ပိုက်ကာ အဝေးတစ်နေရာသို့ ပြေးခဲ့ရတဲ့အခါ မျက်ရည်စက်တို့ တသွင်သွင်စီးကျခဲ့ရတယ်လို့ ပြောခဲ့တယ်။ ကြမ်းတမ်းခက်ထန်တယ်လို့ဆိုတဲ့ ဘီလူးမှာလည်း နူးညံ့တဲ့ နှလုံးသားရှိခဲ့တယ်ဆိုတာ စဏ္ဍာမုခိဘီလူးမဟာ သက်သေပြခဲ့တယ်။

ဟိုးဝေးကွာတဲ့အရပ်မှာ 'ယက္ခပုရမြို့' ကိုတည်ထောင်ရင်း သူ့ရဲ့ကြင်ယာတော် စုဋ္ဌသမ္ဘဝကို လွမ်းဆွတ်တမ်းတနေခဲ့ရတဲ့ အဖြစ်အပျက်ဟာ ရာဇဝင်မှာ အထင်အရှား ရှိခဲ့ဖူးပါတယ်။ ဒါပေမဲ့ ကျွန်မနဲ့ အစ်ကိုတို့ရဲ့ ဇာတ်လမ်းက



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျွန်မသာလျှင် အစ်ကိုကို လွမ်းဆွေးတမ်းတနေရဆဲပါပဲ အစ်ကိုရယ်…

ဒါပေမဲ့လေ ကျွန်မတို့ သေချာစွာတွေ့ခဲ့ရတဲ့ တောတွင်းတစ်နေရာ ဂူဘုရားအနီးက ဘီလူးရုပ်မှာတော့ မျက်ရည်စက်တို့ တပေါက်ပေါက် ကျဆင်းနေတာကို တွေ့ခဲ့ရတယ်။

ဒါကြောင့် ရာဇဝင်ထဲက စဏ္ဍမုခိ မျက်ရည်ကျသလို သမိုင်းမဝင်ခဲ့မေယ့် ကိုယ်တိုင်တွေ့ခဲ့ရတဲ့ ဘီလူးရဲ့ မျက်ရည်ကို စာစီရင်းတင်ပြလိုက်ရပါသည်။

• • •





www.burmeseclassic.com

www.burmeseclassic.com

ရွှေပုပ္ပားက
ထူးဆန်းသော အာဝဇ်နှစ်ချပ်

တောင်တော်ရွှေပုပ္ပား…။

ပုပ္ပားနတ်တောင်၊ အခေါင်မြင့်ဖျား၊ စုံတောပြားဦး၊ နံ့ရှားကြိုင်လှိုင်၊ ခါတန်ပွင့်သည်၊ ရွှေနှင့်ယှိုးမှား၊ ပန်းစကား ဟူသော ဆိုစကားနှင့်အညီ မွှေးရနံ့သင်းထုံသော စကားပန်း များနှင့် ပန်းပေါင်းစုံတို့ ပွင့်ရာမြေ။ စိမ့်စမ်းရေတံခွန်၊ ဂူ ချောင်များနှင့် ရေထွက်ပေါက်များစွာရှိပြီး ထူးခြားသည့် တောင်ပေါင်းများစွာ ဝန်းရံထားပြီး ဘူမိနက်သန်အောင်လံ မကိုင်ဋ္ဌ စိုက်ထူရာ နေရာဌာနဖြစ်၊ လောကီယဝိဇ္ဇာလမ်းစဉ်နှင့် ဂန္ဓာရီဝိဇ္ဇာလမ်းစဉ်များကို ကြိုးပမ်းတော်မူသည့် ရဟန်းရှင် လူ ရသေ့ယောဂီများ သိဒ္ဓိယူရာဌာနကြီးဖြစ်သည်ဟု ရှေး လူကြီးသူမများ ပြောခဲ့ပါသည်။

စာရေးသူသည် ထူးခြားဆန်းကြယ်သော ဖြစ်ရပ် များကို စိတ်ဝင်စားသည့်အလျောက် မြန်မာပြည်အရပ်ရပ်၌



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားသော နေရာများသို့ လေ့လာရေးခရီးထွက်ခဲ့ပါသည်။ မြတ်စွာဘုရားရှင် ရှိစဉ်ကပင် 'ငါဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက်(၁၀၁)ခုနှစ်သို့ ရောက်သောအခါ ပုပ္ပားတောင်မြေမှ စုန့်စုန့်ပေါ်လတ္တံ့' ဟူသော ဗျာဒိတ်တော်မိန့်ကြားခဲ့ရာ သာသနာနှစ် (၁၀၁)ခုနှစ်တွင် ဤတောင်တော်ထွက်ပေါ်လာခဲ့ပါသည်။ ထိုသို့သော နေရာထူးသို့ ရောက်ဖူးချင်သည့် စိတ်ဆန္ဒမှာ လွန်စွာပြင်းပျခဲ့ပါသည်။ ထိုအရပ်ဒေသ၌ သုမိုင်းဝင်စေတီတော်များရှိသဖြင့် စေတီတော်များအား ဦးခိုက်ပူဇော်ရင်း ဘုရားလည်းဖူး လိပ်ဥလည်းတူးဆိုသည့် စကားပမာနှယ် ဘုရားဖူးရင်း ထိုဒေသရှိ ထူးခြားသော အကြောင်းအရာများကို လေ့လာရန်အတွက် ပုပ္ပားမြေသို့ ရောက်ရှိခဲ့ပါသည်။

ဆောင်းဦးအစ ဖြစ်သဖြင့် ငွေနှင်းမှုန်တို့ ရစ်သိုင်းဖွဲ့ကာ အေးစိမ့်စိမ့်ဖြင့် အလွန်နေ၍ကောင်းမွန်သော ရာသီဥတုကြောင့် တောင်ခြေသို့ စာရေးသူတို့ရောက်စဉ် အေးချမ်းသော အတွေ့အထိကို ခံစားခဲ့ရပါသည်။ ပုပ္ပားတောင်ကြီး၏ ပုံသဏ္ဌာန်မှာ အရပ်လေးမျက်နှာမှကြည့်သော် နိမိတ်လေးမျိုးကဲ့သို့ ဖြစ်နေသည်ဟု ဆိုပါသည်။ အရှေ့အရပ်မှကြည့်လျှင် နွားလပို့အသွင် တွေ့မြင်ရပါသည်။ အနောက်အရပ်မှကြည့်သော် ဆင်ကြီးဝပ်တွားနေသည့်နှယ် တွေ့ရပြီး မြောက်အရပ်မှကြည့်လျှင် ရက်ကန်းလက်ခတ်အသွင် ထင်မြင်ရသည်ဆိုသဖြင့် စာရေးသူတို့လည်း ရှုထောင့်အမျိုးမျိုး နေရာအသီးသီးမှ ကြည့်ခဲ့ကြပါသည်။





ပုပ္ပားတောင်ကလပ်သို့အတက် ရေတင်စခန်းခေါ် ညောင်ပင်ဆိပ်ကားလမ်းခွဲအတက်မှ တောင်ကလပ်ခြေရင်းသို့ ရောက်လာခဲ့ပါသည်။ ထိုမှတက်လာရာ (၄)ဖာလုံခန့်အရောက်တွင် ဘဇယနတောင်ခေါ် တောင်ပုတောင်(သို့)သီလတောင်သို့ ရောက်ရှိခဲ့ပါသည်။

'ဆရာမ ဘုရားလာဖူးသလား'

စာရေးသူလည်း အသံလာရာဆီသို့ လှမ်းကြည့်ရာ ရွှေတိဂုံစေတီတော် ဝိဇ္ဇာတန်ဆောင်းတွင် တွေ့ဆုံခင်မင်ခဲ့သော ဓမ္မမိတ်ဆွေ အဘဦးကြည်မောင် ဖြစ်နေသည်ကို တွေ့လိုက်ရပါသည်။ အဘဦးကြည်မောင်ကို တွေ့ရသည့်အတွက် အံ့အားသင့်သကဲ့သို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါသည်။

'ဪ… အဘဦးကြည်မောင်ပါလား။ အဘလည်း



www.burmeseclassic.com

www.burmeseclassic.com



ဘုရားလာဖူးတာလား'

'ဟုတ်ပါတယ်၊ အဘလည်းဘုရားဖူးရင်း **အဓိဋ္ဌာန် ပုတီး**လည်းစိပ်ရင်း ဆိုပါတော့'

'အဘ ဘယ်တုန်းက ရောက်တာလဲ'

'တစ်ပတ်ကျော်ပြီ။ ဆရာမတို့က အခုမှလာတာလား'

'ဟုတ်ပါတယ်၊ ဒီနေ့မှ ပုပ္ပားကို လာခဲ့တာပါ'

'ဒါဆို ပုပ္ပားတောင်တော်ရဲ့ အကြောင်းတွေကို သိပ်သိမှာ မဟုတ်ဘူး။ အဘကတော့ အရင်က ကျောက်ပန်းတောင်းမှာနေတယ်။ ပုပ္ပားကိုလည်း မကြာခဏရောက်တယ်။ ပုပ္ပားတောင်တော်ရဲ့ ထူးခြားတဲ့အကြောင်းတွေကို ဆရာမကို ပြောပြမယ်'

'ဒါဆို သိပ်အဆင်ပြေတာပေါ့ အဘရယ်'

ထိုသို့ဖြင့် အဘဦးကြည်မောင်နှင့် စကားပြောရင်း တောင်ပေါ်သို့ တက်လာခဲ့ပါသည်။

'ပုပ္ပားတောင်ဟာ သုံးမည်ရတဲ့ ထူးခြားတဲ့တောင်တော်ပေါ့။ ပထမအမည်က ပုဗ္ဗတောင်လို့ ခေါ်ပါတယ်။ ပုဂံပြည်ရဲ့ ယုန်လွှတ်ကျွန်းနယ်မြေရဲ့ အရှေ့အရပ်မှာရှိတဲ့





အတွက် ပုဗ္ဗ၊ အရှေ့အရပ်မှာရှိတဲ့တောင် အရှေ့တောင်လို့ အဓိပ္ပာယ်ရတယ်။ နောက်တစ်မျိုးကတော့ ပုပ္ဖတောင်ပေါ့။ အဓိပ္ပာယ်ကတော့ ပန်းပေါတဲ့တောင်ပေါ့။ နောက်တစ်ခုကတော့ ပါးပုတ်တောင်လို့ခေါ်တယ်။ အခုအခေါ်ကတော့ ပုပ္ပားတောင်လို့ခေါ်ပြီး မီးတောင်ဟောင်းတစ်ခုပေါ့။ အောင်မြေကိုးဌာန၊ ပလ္လင်ကိုးဌာန၊ ကုန်းကိုးကုန်း၊ အိုင်ကိုးအိုင်၊ ကန်ကိုးကန်နဲ့ အံ့ဖွယ်ကိုးဖြာတို့ရှိတယ်'

'ဟုတ်ပါတယ်၊ ပုပ္ပားတောင်ဟာ လှေလားစရာပေါများတဲ့ ထူးခြားတဲ့ တောင်တော်တစ်ခုပါပဲ'

'ဟိုဘက်ယွန်းယွန်းက တွေ့တဲ့တောင်ဟာ 'လွှမ်းတောင်'ပေါ့။ ထွက်ရပ်ပေါက် ဆရာတော် ရှင်အဇ္ဈဂေါဏဟာ မောင်ကျော်စွာရဲ့ဇနီး မယ်သော်တာကိုခေါ်**သွားတဲ့**အတွက် မောင်ကျော်စွာဟာ သူ့ရဲ့ဇနီးကို သည်**တောင်က**နေ စောင့်စားပြီး လွမ်းဆွတ်တမ်းတတဲ့နေရာဖြစ်လို့ လွမ်းတောင်လို့ ခေါ်ပါတယ်'

'ဩော်… ဒီနေရာ ဒီဌာနမှာ လွမ်းမောဖွယ်၊ ရင်နင့်ဖွယ် ဇာတ်လမ်းကလေးတွေ ရှိခဲ့တာပေါ့နော်'

'ရှိပြီလား ဆရာမရယ်။ ဒါတင် ဘယ်ကမလဲ



www.burmeseclassic.com

www.burmeseclassic.com



တကောင်းမင်းသား မျက်မမြင်ညီနောင် မဟာသမ္ဘဝနဲ့ စူဠသမ္ဘဝတို့ကို မျက်စိမြင်အောင် ကုပေးခဲ့တဲ့ စဏ္ဍမုခိဘီလူးမရဲ့ ရင်နင့်စရာဇာတ်လမ်းကလေးလည်း ဒီအနီးအနားမှာ ဖြစ်ခဲ့ဖူးတယ်'

'ပြောပြစမ်းပါဦး အဘရယ်'

'စဏ္ဍမုခိဘီလူးမဟာ မျက်မမြင်ညီနောင်ကို မျက်စိကုပေးခဲ့တာ အလင်းရခဲ့ပြီး ညီတော် စူဠသမ္ဘဝနဲ့ ကြင်ယာတော်ဖြစ်ခဲ့တယ်။ ဦးရီးတော် ခေပဒူတရသေ့ရဲ့ မွေးစားသမီး ဗေဒါရီနဲ့ နောင်တော်ကို လက်ဆက်ပေးပြီး သန္တေသားသုံးလရတဲ့အခါ မဟာသမ္ဘဝ နတ်ရွာစံတယ်။ ဒါကြောင့် စူဠသမ္ဘဝက ရသေ့မြို့ထီးနန်းကို စိုးစံပြီး ဗေဒါရီကို ဆက်လက်မိဖုရားမြှောက်တယ်။ ဒီမှာတင် ကြင်ယာတော်ဖြစ်ခဲ့တဲ့ စဏ္ဍမုခိဘီလူးမက ငါ့အား သနားကြင်နာခြင်းမရှိ။ အမှတ်မထင်ပြုဘိလို့ဆိုပြီး ဝမ်းနည်းကြေကွဲစွာနဲ့ ဒီပုပ္ပားတောင်ကလပ်ရဲ့ အနောက်ဘက် ကျောက်ပန်းတောင်း-မြင်းခြံသွားတဲ့လမ်းမပေါ်မှာ ယက္ခပုရပြည် တည်တော်မူတယ်။ အခုဝက်တိုင် အုတ်ကျိုးအုတ်ကြေများကို တွေ့ရသေးတယ်။ အဲဒီခုတ်တွေဟာ ယက္ခပုရပြည်ရဲ့ တနင်္ဂနွေထောင့်မှာ ရွှေမင်





စေတီ အမည်ရတဲ့ မြို့ထောင့်စေတီရဲ့ ပျက်စီးသွားတဲ့ အုတ်ကျိုးအုတ်ပုံဖြစ်တယ်'

'ဒါတွေဟာ မှတ်သားစရာတွေပါပဲ။ ကျွန်မလည်း အဘ အခုပြောပြမှ သိတာ'

'နောက်ထပ် ဇာတ်လမ်းကတော့ ပန်းစားဘီလူးမ မယ်ဝဏ္ဏလည်း ပုပ္ပားတောင်မှာ နေခဲ့တာ။ နောက်ပန်းဆက်သမား ဗျတ္တနဲ့ ညားခဲ့တဲ့ပုံပြင်ကတော့ ဆရာမတို့ သိပြီးရောပေါ့'

'မယ်ဝဏ္ဏနဲ့ ပန်းဆက်သမား ကိုဗျတ္တတို့ရဲ့ ဇာတ်လမ်းကိုတော့ သိပြီးဖြစ်ပါတယ်။ အခုလာတော့ ဗျတ္တပန်းဆက်လမ်းကိုတောင် တွေ့ခဲ့သေးတယ်'

'ဆရာမတို့ ဒီညတောင်ပေါ်မှာ အိပ်မှာမဟုတ်လား။ မနက်ဖြန်မှ ကျောက်ဖွားသိုးနှစ်ကောင်ကို လိုက်ပြဦးမယ်'

ထိုသို့ဖြင့် အဘဦးကြည်မောင်လည်း တည်းခိုဆောင်သို့ ပြန်သွားခဲ့ပါသည်။ နောက်တစ်နေ့တွင် အဘဦးကြည်မောင် ဦးဆောင်၍ ရေငယ်အထက် ရေထွက်အနီးရှိ ကျောက်သယံဇာတ နဂိုသဘာဝအတိုင်း အလိုလိုဖြစ်ပေါ်နေ



www.burmeseclassic.com

www.burmeseclassic.com



သော ကျောက်နွားသိုးကြီးတစ်ကောင်ကို တွေ့ရပါသည်။ ၎င်း၏ ဦးခေါင်းထက်တွင် စေတီတစ်ဆူတည်ထားသည်ကိုလည်း တွေ့ရပါသည်။

'ဆရာမ ကျောက်နွားသိုးရဲ့ ဦးခေါင်းပေါ်က စေတီတော်ဟာ ထူးခြားပါတယ်။ စီးပွားလာဘ်လာဘအတွက် အဓိဋ္ဌာန်ဝင်ပြီး ဆုတောင်းရင် ဆုတောင်းပြည့်တယ်လို့ ဆိုပါတယ်'

စာရေးသူတို့အုပ်စုလည်း စေတီတော်အား ဖူးမြော်ကန်တော့ကာ တောင်းဆုပြုခဲ့ကြပါသည်။ ထိုကျောက်နွားသိုးမှာ အမြင့်လေးတောင်၊ အလျား ခုနစ်တောင်ရှိပါသည်။

'နောက် ကျောက်နွားသိုးတစ်ကောင်ကတော့ ဥယျာဉ်သာအိုင်မှာ ရှိပါတယ်'

ထိုကျောက်နွားသိုးဆီသို့ ခရီးဆက်ခဲ့ရာ ကျောက်နွားသိုးကြီးကို တွေ့ရပါသည်။ ဤကျောက်နွားသိုးကြီးမှာ ပို၍ကြီးပြီး အမြင့်ခုနစ်တောင်၊ အလျားတစ်ဆယ့်တစ်တောင်ခန့်ရှိပါသည်။ ထိုမှ တောင်ကလပ်၏ အရှေ့မြောက်ယွန်းယွန်းသို့သွားရာ ကျောက်လှေကလေးကို တွေ့ရှိရပါသည်။ သဘာဝတရား၏ ထူးခြားဆန်းကြယ်ခြင်းကို မျက်ဝါးထင်





ထင် တွေ့ရှိခဲ့ရပါသည်။ လူတို့ ပြုလုပ်ထားခြင်းမရှိဘဲ သဘာဝအတိုင်း ဖြစ်နေသည့် ကျောက်သားကျောက်ဆောင်များသည် အဘယ်ကြောင့် လူတို့အသုံးပြုသည့် ပစ္စည်းများနှင့် တူနေရပါသနည်း။ ပဟေဠိသဖွယ်ဖြစ်နေသော အကြောင်းအရာများကို စဉ်းစားမိပါသည်။

'ဒီလှေကလေးက စာဆိုရှိတယ် ဆရာမရဲ့။ ပုပ္ပားတောင်က လှေကလေး လေးယောက်လှော်မှ ပြေးတဲ့'

'ဩော်...'

'ဒီကျောက်လှေကို အစွဲပြုပြီး ဒီအရပ်ကို ကျောက်လှော်ကားလို့ခေါ်တယ်'

'ဩော်... တွေ့ရမြင်ရတာတွေကတော့ အတော်ထူးဆန်းတာပဲ'

'ဒီမှာ ပါးစပ်ရာဇဝင်ရှိတယ် ဆရာမရဲ့။ ဟိုးအရင်က ရှင်သာရဒရဆိုတဲ့ ရသေ့တစ်ပါးရှိခဲ့တယ်။ တောက်ရှာရိုးအထက်ဖျာမှာနေပြီး စူဠဂန္ဓာရီလမ်းစဉ်ကို ကြိုးပမ်းအားထုတ်ပြီး ဖိုထိုးခဲ့တယ်၊ ပေါက်မြောက်အောင်မြင်သွားတယ်လို့ ပြောကြတယ်။ အဲဒီရသေ့ကြီးဟာ လုံသုံးလုံးကို ထပ်ပြီး မြှုပ်ထားခဲ့တယ်။ အဲဒီနေရာဟာ တောက်ရှာရိုးဖျား

www.burmeseclassic.com



ကျောက်တန်းရဲ့ မြောက်ဘက်အစွယ်မှာရှိတဲ့ အောင် နွားကျောင်းကုန်းမှာလို့ ဆိုတယ်။ ဝါးရုံသုံးရုံရဲ့ အလယ်မှာမြှုပ်ထားတယ်တဲ့။ အပေါ်ဆုံးလုံက ရွှေငွေဖြစ်တဲ့ ပြဒါးပြာရှိတယ်။ အလယ်လုံကတော့ ကာယသိဒ္ဓိ ဖြစ်စေတယ်။ အောက်ဆုံးလုံကတော့ အထက်သိဒ္ဓိရနိုင်တယ်လို့ ဆိုတယ်။ အချို့လူများကလည်း အဲဒီလုံကို လိုက်ရှာကြတယ်။ ကာလရွေ့လျောတော့ ဘယ်နေရာဆိုတာ မသိတော့ဘူး။ ဒါကြောင့် အခုထက်တိုင် အဲဒီလုံသုံးလုံးကို ရှာမတွေ့သေးဘူး'

'ဪ... ဟုတ်လား'

'ဒါပေမဲ့ ဆရာမရယ်... တောင်ကလပ်ရဲ့အနောက်တောင်စွယ် ဆင်တမော့ခန့်အမြင့်မှာ ပြဒါးရှင်လုံးရှိတယ်လို့ ဆိုကြတယ်။ အဲဒီ ပြဒါးရှင်လုံးကတော့ ရသေ့ကြီး ရှင်သာရဒရ ထားခဲ့တဲ့ အထက်ဆုံးလုံအတွင်းက ပြဒါးပြာကို သုံးလတစ်ကြိမ် လာစားတယ်လို့ ဆိုတယ်'

'ဒါတွေကလည်း ထူးဆန်းတဲ့ အကြောင်းတွေပဲ။ လူငယ်တွေကတော့ မျက်စိနဲ့တွေ့တဲ့အရာကို ပိုပြီး စိတ်ဝင်စားတာပေါ့'

'မျက်စိနဲ့တွေ့တဲ့အရာဆိုလို့ ပြောရဦးမယ်။ အဘတို့





ငယ်ငယ်ကတည်းက နေပြီး အခုထိရှိတဲ့ ထူးဆန်းတဲ့အုတ်နှစ်ချပ်အကြောင်းပဲ'

'ထူးဆန်းတဲ့ အုတ်နှစ်ချပ် ဟုတ်လား'

'ဟုတ်ပါတယ်။ အဘတို့ ငယ်စဉ်ကတည်းက အဘရဲ့အဘိုးဟာ ပုပ္ပားတောင်ကို ခဏ ခဏလာတယ်။ ဆေးဆရာဆိုတော့ ဆေးမြစ်ရှာထွက်သပေါ့။ ပုပ္ပားတောင်ကြီးကို ဝန်းရံနေတဲ့တောင်တွေရှိတယ်။ အဲဒီတောင်တွေမှာ အဘတို့ဟာ ဆေးမြစ်ရှာ၊ ဆေးမြစ်တူးရင်းနဲ့ အလယ်တောင်ကို ရောက်ခဲ့တယ်။ အဲဒီတောင်နဲ့ တောင်နဲ့မြောက်ယှဉ်စပ်နေတဲ့ တောင်တစ်လုံးရှိတယ်။ ရွှေနားတောင်လို့ခေါ်တယ်။ ရွှေနားတောင်မှာ အုတ်(၂)ချပ်ထပ်နေတာ တွေ့ရတယ်။ အဘရဲ့ အဘိုးကပြောတယ်။ အဲဒီအုတ်နှစ်ချပ်ကို တစ်ချပ်စီခွဲထားပေမယ့်လည်း နောက်တစ်နေ့မှာ အဲဒီအုတ်နှစ်ချပ်ဟာ ပြန်ထပ်နေတာ တွေ့ရမယ်လို့ ပြောတယ်။ ဒါနဲ့ပဲ အဘလည်း အဲဒီအုတ်နှစ်ချပ်ကို တစ်ချပ်စီ ခွဲထားခဲ့တယ်။ အဲဒီတုန်းက တောင်နားကိုလည်း လူတွေ သိပ်မသွားကြဘူး။ လူအရောက်အပေါက် နည်းတယ်။ နောက်တစ်နေ့မှာ အဘတို့ထပ်သွားတော့ အဲဒီ အုတ်နှစ်ချပ်ဟာ ထပ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရတယ်'

'အဲဒီအုတ်နှစ်ချပ်အကြောင်းကတော့ မကြားဖူးဘူး'

'အဲဒါကတော့ ကိုယ်တွေ့မို့ ပြောပြလို့ရတာ။ သမီးတို့လိုလည်း အဲဒါသူငယ်ချင်းတွေကို ပြောပြတော့ သူတို့လည်း အဲဒီနေရာသွားပြီး အုတ်နှစ်ချပ်ကို ခွဲထားခဲ့တယ်။ ဒါပေမဲ့ နောက်တစ်နေ့ သွားကြည့်တော့ ပြန်ထပ်နေတာ တွေ့ရတယ်'

'ဒါကတော့ လက်တွေ့ထူးဆန်းတဲ့ အကြောင်းအရာပဲ'

'လက်တွေ့မှ ယုံချင်ပါတယ်ဆိုတဲ့ လူတွေအတွက် အခုထက်ထိ ရှိနေသေးတဲ့ အုတ်နှစ်ချပ်ရဲ့ ထူးဆန်းတဲ့အချက်ပါပဲ'

ထိုသို့ဖြင့် ရေးလွန်ခဲ့သော နှစ်ပေါင်းများစွာမှ ယနေ့ထက်တိုင် ထိုအုတ်နှစ်ချပ် ရှိပါသည်။ ထိုအုတ်နှစ်ချပ်မှာ တစ်နေရာစီ ခွဲထားစေကာမူ နောက်တစ်နေ့တွင် ပြန်ထပ်လျက်ရှိကြောင်းကို ကိုယ်တိုင်တွေ့ခဲ့ရသော အဘနည်းတူ အခြားသူ၏ သူငယ်ချင်းများလည်း မျက်မြင်သက်သေ ရှိပါသည်။ ထိုထူးဆန်းသော ရွှေပုပ္ပားမှအုတ်နှစ်ချပ်အကြောင်း





ကို ကြားသိရသောအခါ လောကဥ္စ စာရေးသူတို့ ဉာဏ်မမီသော အကြောင်းအရာများသည် မြန်မာပြည်ရှိ တောင်တော်ရွှေပုပ္ပားတွင်ရှိကြောင်း သိခဲ့ရပါသည်။ သို့သော်လည်း စာရေးသူ၏ ရင်ထဲတွင် သည်အုတ်နှစ်ချပ်သည် အဘယ့်ကြောင့် မကွဲမကွာ ထပ်လျက်ရှိနေပါသနည်းဟူသော အဖြေကို လွန်စွာ သိလိုသောဆန္ဒများ ဖြစ်ခဲ့ရပါသည်။ ဤအဖြေကို အဘဦးကြည်မောင်လည်း မဖြေနိုင်ပေ။ ဤထူးဆန်းသောအုတ်နှစ်ချပ်၏ နောက်ဆက်တွဲ ဇာတ်လမ်းအဖြစ်သနစ်လေးကို သိသူများရှိပါက ရေးသားပေးပို့လျှင် လောကကြီး၏ ထူးဆန်းအကြောင်းတရားများ ပိုမိုပြည့်စုံသွားပေမည်ဟု ထင်မြင်ယူဆရင်း ဤစာစုကို ရေးသားလိုက်ရပါသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ကြေကွဲဖွယ်သော ဒဂါးများ

ဟိုးလွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော်ခန့်က ဒင်္ဂါးကလေးများ. . .။ သည်ဒင်္ဂါးကလေးများမှာ ပျူလူမျိုး၏ အသည်းနှလုံးသဖွယ် တန်ဖိုးထားခဲ့ရသော ပျူဒင်္ဂါးကလေးများပင် ဖြစ်ပါသည်။ သည်ပျူဒင်္ဂါးကလေးများသည် သက်မဲ့ဒြပ်ပစ္စည်းများ ဖြစ်သော်လည်း နှစ်ပေါင်းများစွာက ပျူလူမျိုးတစ်စု၏ သမိုင်းကြောင်းတွင် ကြေကွဲဝမ်းနည်းဖွယ်၊ လွမ်းမောဖွယ်၊ နာကျည်းဖွယ်သော ရင်နင့်စရာအတိတ်ဇာတ်ကြောင်းကလေး၌ ကာယကံရှင်များနည်းတူ၊ သူလည်းလိုက်ပါ ဖြတ်သန်းခဲ့ဖူးပါသည်ဟုဆိုလျှင် ကြားရသူအပေါင်းမှာ အံ့သြကောင်း အံ့သြပေလိမ့်မည်။

အတိတ်ကို ပြန်ကြည့်မည်ဆိုလျှင် 'မြန်မာအစ အကောင်းက' ဆိုသကဲ့သို့ တကောင်းမြို့ကို အဘိရာဇာမင်းကြီး စိုးစံတော်မူပြီး သုနာပရန္တတိုင်းသား ပျူ၊ ကမ်းယံ၊



www.burmeseclassic.com

www.burmeseclassic.com



သက်တို့က 'ကလေးမြို့'တွင် ကံရာဇာကြီးစံခိုက်မင်းလောင်းမင်းလျာ တောင်းခဲ့ပါသည်။ ကံရာဇာကြီး၏ သားတော်မုဒုစိတ္တသည် ဧရာဝတီမြစ်အနောက်ဘက် လယ်ကိုင်း၊ စကုစသော သုနာပရန္တတိုင်း၌ ပျူလူမျိုးတို့အပေါ် မင်းပြု၏။ ထိုမင်းအဆက် သမ္ဘုလမည်သော ပျူမင်းကို ဓညဝတီမှ နောင့်ယှက်သိမ်းယူသောကြောင့် မိဖုရားနန်းခမ်းသည် သရေခေတ္တရာ တည့်ရာအရပ်၌ နေခဲ့ပါသည်။

ထိုစဉ် တကောင်းမင်းဆက် အဆုံးစွန်ဖြစ်သော သတိုးမဟာရာဇာမင်း၏ ယောက်ဖတော် အိမ်ရှေ့မင်း ဓေပဒ္ဓတသည် ဝက်ကြီးကိုလိုက်လံရာမှ ခရီးလွန်ပြီး သရေခေတ္တရာပြည်တည်ရာအနီးသို့ ရောက်လာသည်တွင် တကောင်းသို့ မပြန်တော့ဘဲ ရသေ့ပြုနေခဲ့ပါသည်။ ထိုရသေ့ကို သကျအင်းနေ ပျူမိဖုရားနန်းခမ်းနှင့်တကွ ပျူလူမျိုးတို့ ကြည်ညိုကိုးကွယ်ခဲ့ပါသည်။ တကောင်းမင်းတွင် သားတော်မဟာသမ္ဘဝနှင့် စူဠသမ္ဘဝ မျက်မမြင်ညီနောင်နှစ်ပါး ဖွားမြင်သဖြင့် ဖောင်တွင်တင်၍ မျှောလိုက်ရာ လမ်းတွင် ဘီလူးမတစ်ယောက်နှင့် တွေ့၍ ထိုဘီလူးမ၏တန်ခိုးကြောင့် မျက်စိအလင်းရပြီး ရသေ့နေရာအနီးသို့ ရောက်ခဲ့ပါသည်။ ရသေ့





လည်း မင်းသားတို့ကို မေးမြန်း၍ ထိုအဖြစ်သိလေလျှင် ပျူမိဖုရားနှင့်တိုင်ပင်၍ မဟာသမ္ဘဝအား သမင့်မှမွေးသော 'ဗေဒါရီ'နှင့် ထိမ်းမြား၍ မင်းမြှောက်ခဲ့ပါသည်။ မဟာသမ္ဘဝလွန်သော် ညီတော် စူဠသမ္ဘဝသည် ဗေဒါရီကိုပင် မိဖုရားမြှောက်၍ မင်းပြုခဲ့ပါသည်။ မဟာသမ္ဘဝလွန်သော် မဟာသမ္ဘဝ၏သားတော် ဒွတ္တဘောင် မင်းပြုပါသည်။ ထိုမင်းလက်ထက်တွင် သရေခေတ္တရာပြည်ကို တည်ခဲ့ပါသည်။ သရေခေတ္တရာမင်းဆက်မှာ (၂၇)ဆက်ရှိပြီး နောက်ဆုံးမင်းမှာ သမုန္ဒြိမင်း၏သားတော် နာဂရသိန္နမင်းဖြစ်ပြီး ၎င်းလက်ထက်တွင် မွန်လူမျိုး ကမ်းယံလူမျိုးတို့ တိုက်ခိုက်သည်ကတစ်ကြောင်း၊ အချင်းချင်း စစ်မက်ဖြစ်၍ တိုက်ခိုက်သည်ကတစ်ကြောင်း၊ အကြောင်းကြောင်းကြောင့် သရေခေတ္တရာပြည်ကြီး ပျက်စီးခဲ့ပါသည်။ (ကျမ်းကိုး ဦးဘသန်းရေး မြန်မာရာဇဝင်)

ထိုသရေခေတ္တရာပြည်မြို့ မပျက်စီးမီ သွန်းလုပ်ခဲ့သော ပျူဒင်္ဂါးကလေးများမှာ ယခုထက်တိုင် အကောင်းပကတိရှိပြီး ယနေ့ခေတ် လူငယ်တစ်ဦး၏ ဘဝပုံရိပ်တွင် တိုက်တိုက်ဆိုင်ဆိုင် ပါဝင်လာခဲ့ပါသည်။ ထိုသူ၏ ဖြစ်ပုံမှာ



www.burmeseclassic.com

www.burmeseclassic.com



နေသော အကြောင်းတစ်ရပ်နှင့် ထိုဒင်္ဂါးလေးများမှာ လွန်စွာဆက်စပ်နေသဖြင့် တစ်ခေတ်တစ်ခါက ဇာတ်လမ်းတစ်ပုဒ်၏ ကြေကွဲဖွယ်သော ဒင်္ဂါးကလေးများအဖြစ် ကမ္ပည်းထိုးခဲ့ရသော အဖြစ်အပျက်ကလေးတစ်ခုမှာ. . .

ကျွန်တော် ကိုမင်းဝေမှစသည်ဟု ဆိုရချေမည်။ ကျွန်တော်သည် တရားရုံးချုပ် ရှေ့နေတစ်ဦးဖြစ်ပြီး မမျှော်လင့်ဘဲ ပြည်မြို့အပိုင် မော်ဇာသို့ ရောက်သွားခဲ့ရာမှအစ ဤထူးခြားဆန်းကြယ်သော ဖြစ်ရပ်များနှင့် တွေ့ဆုံခဲ့ရပါသည်။ ပုဗ္ဗနိမိတ်ဟု ဆိုရလေမလား မသိချေ။ မော်ဇာသို့ မရောက်မီ ခြောက်လခန့်မှ စတင်က ကျွန်တော့်ဘဝရဲ့ အပြောင်းအလဲများဖြစ်လာခဲ့ပါသည်။ ဤသည်မှာကျွန်တော့်ဘဝ၏ အိပ်မက်ဆိုးလေလား၊ ချောက်ချားဖွယ် အိပ်မက်လေလား၊ မည်သို့ပြောရမှန်းမသိအောင်ပင် ဆိုးဝါးနှိပ်စက်လှန်းတဲ့အိပ်မက်များအတွက် နေ့စဉ်အိပ်ပျက်ခဲ့ရတဲ့ ညပေါင်းများစွာကို ဖြတ်သန်းခဲ့ရပါသည်။ ညအချိန်ရောက်ပြီဆိုလျှင် ကျွန်တော် အိပ်ရမှာကို အလွန်ကြောက်ရွံ့နေမိပါသည်။

သို့သော်လည်း မအိပ်လို့လည်း မဖြစ်၊ မှေးခနဲ အိပ်ပြီဆိုတာနဲ့. . . .





'သုယောနန္ဒီ'

ရတ်တရက် ခေါင်းသံလေးတစ်သံကို သဲ့သဲ့ကလေး ကြားလိုက်ရပါသည်။ ထိုစဉ် အခြားတစ်ဘက်သို့ မျက်နှာမူထားသော မိန်းကလေးတစ်ဦးသည် တဖြည်းဖြည်း ကျွန်တော့်ဘက်သို့ လှည့်လာခဲ့ပါသည်။ သူမ၏မျက်နှာကလေးကို မြင်လျှင် မြင်ချင်း သုယောနန္ဒီမှန်း အလိုလိုသိခဲ့ပါသည်။ သူမ၏မျက်နှာကလေးမှာ ညှိုးနွမ်းနေပြီး ကျွန်တော့်ကိုတွေတွေကြီး စိုက်ကြည့်နေပါသည်။ သူမ၏ ပါးပြင်ပေါ်တွင် မျက်ရည်ဥများ ပိုးပိုးပေါက်ပေါက် ကျဆင်းလာကာ သူမ၏ အစိမ်းရောင် မြပုဝါနှင့်တို့ကာ တို့ကာ သုတ်နေပါသည်။ သူမ၏မျက်နှာကလေးကို မြင်ရုံနှင့် ကျွန်တော့်၏ရင်ထဲဝယ် တလှပ်လှပ် တုန်ရီလာခဲ့ပါသည်။ သူမ၏လှပသော မျက်နှာတွင် အဆွေးရိပ်များ သန်းနေပြီး တစ်စုံတစ်ခုကို ပြောချင်နေဟန်ရှိပါသည်။ ထိုစဉ် သူ၏လက်ထဲတွင် ငွေဖလားကြီးတစ်လုံးကို ကိုင်ထားပြီး ထိုဖလားကြီးအတွင်းတွင် ပျူငွေဒင်္ဂါးများ ပြည့်လျှံနေသည်ကို တွေ့ရပါသည်။ သူမသည် ပျူငွေဒင်္ဂါးပြားကလေးကို ထောင်ပြပြီး. . .

'သီရိဝဍ္ဎ'



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောဆိုကာ ပျူဒင်္ဂါး၏ခေါင်းဘက် အခြမ်းရှိ အပေါ်ပိုင်းကားပြီး အောက်ပိုင်းရှုံ့သွားသော ရုပ်ပုံကလေးကို လက်ညှိုးညွှန်ပြပါသည်။ ထို့နောက် ငှင်းပျူငွေဒင်္ဂါးကလေး၏ အောက်ခြေတွင် တြိဂံနှစ်ခုထိပ်ချင်းဆိုင်ထားသည့် ပုံကလေးကို ပြကာ…

'ဗဒ္ဓပီဌ'

ဟူ၍ ရွတ်ဆိုပြန်သည်။ ထို့နောက် အောက်ခြေရှိ အစက်အပြောက်များအား ပြကာ…

'ဗိန္ဒုပြောက်'

ဟူ၍ ငှင်းပြောပြပါသည်။ ငှင်းနောက် ပျူဒင်္ဂါးလေး၏ ပန်းဘက်အခြမ်းသို့ပြကာ…

'သူရဇ္ဇနဲ့ ရောင်ခြည်ဖြာ' ဟု ပြောပါသည်။

သူမပြသည့် ဒင်္ဂါး၏ ပန်းဘက်အခြမ်းတွင် နေမင်းကြီးနှင့် ရောင်ခြည်များ ဖြာထွက်နေသည့်ပုံကို တွေ့ရပါသည်။ ကျွန်တော်သည် ဤပုံများကို အိပ်မက်၌တွေ့ရသောအခါ မြင်ဖူးသလိုလို သိသလိုလိုဖြစ်လာပြီး သူမ၏မျက်နှာကို စိမ်းစိမ်းကြီးကြည့်ကာ ကျွန်တော်၏စိတ်၌ မည်သို့ဖြစ်မှန်းမသိအောင်တူးတူးခါးခါး မုန်းမိပါသည်။ ထိုစဉ် ဒေါသ





အခိုးအလျှံတို့ ဆူဖြိုးလာကာ သူမကို များစွာဒေါသဖြစ်မိပါသည်။ ဤတွင် သူမမှ…

'မောင်တော်သခင်…ကျွန်တော်မျိုးမအပေါ် အပြစ်တော်မြင်ခဲ့သည်မှာ လွန်စွာ မှားခဲ့လေပြီ။ တစ်ခါက ဘဝတစ်ခုတွင် အသက်မက ချစ်ခင်ကြင်နာစွာ ပေါင်းသင်းခဲ့သည့် ဇနီးသည်တစ်ယောက်အပေါ်မှာ ဖြေရှင်းရန် အခွင့်အရေးမပေးဘဲ မောင်တော်ရဲ့ အမုန်းတို့ကို ရက်စက်စွာပေးခဲ့ပြီး၊ သံသရာတစ်လျှောက်လုံး ရှောင်ပုန်းခဲ့တဲ့ မောင်တော်သခင်ကို ကျွန်တော်မျိုးမရှာခဲ့ရတာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။ ရုပ်ခန္ဓာအမျိုးမျိုးပြောင်းသွားသော်လည်း မောင်တော်သခင်ကို ယနေ့ ကျွန်တော်မျိုးမ ဖူးတွေ့ရပြီ။ ဘဝတစ်ခုမှ အမုန်းကြွေးကို ဆပ်ရန် အချိန်တန်ပါပြီ။ သို့သော်လည်း မောင်တော်၏အမုန်းကို ခံယူရန် မဝံ့သည့်အတွက် ကျွန်တော်မျိုးမတို့၏ တိုင်းပြည်တော်သို့ မောင်တောင်သခင် ရောက်လာခိုက်တွင် ကျွန်တော်မျိုးမကိုယ်စား ဤပျူဒင်္ဂါးများက မောင်တော်အား



www.burmeseclassic.com

www.burmeseclassic.com



အမှန်တရား ထင်ရှားစေပြီး နှလုံးသားမှ အမှန်းတရားများ ကင်းဝေးပျောက်ကွယ်နိုင်ပါစေ မောင်တော်သခင်ရယ်'

အစိမ်းရောင် မြပုဝါလေးကို လည်တိုင်တွင်ရစ်သိုင်းလျက် ပုဆစ်ဒူးတုတ်ပြီး ညှိုးနွမ်းနေသော သူမ၏မျက်နှာကလေးမှာ ကျွန်တော့်အား တောင်းပန်တိုးလျှိုးသည့် အမူအရာဖြင့် ကြည့်စဉ် ကျွန်တော် အိပ်ရာမှလန့်နိုးခဲ့ရပါသည်။ ကျွန်တော့်တစ်ကိုယ်လုံးတွင် ချွေးများဖြင့် ရွဲနစ်နေပါသည်။ ကဝ္ဂန်ကရီဖြစ်ကာ နှလုံးခုန်မြန်ပြီး ကျွန်တော် ပြန်အိပ်၍ မရတော့ပေ။

ကျွန်တော်သည် စာကြည့်စားပွဲတွင်ထိုင်ကာ အိပ်မက်အကြောင်း ပြန်စဉ်းစားနေမိပါသည်။ 'သီရိဝဍ္ဎ''ဗဒ္ဒပိဋ္ဌ''ဗိန္ဒုပြောက်'ဟူသည့် ထူးဆန်းသော စကားလုံးများ…။ သည်အခေါ်အဝေါ်ကို အိပ်မက်ထဲတွင် သိသလိုလိုရှိသော်လည်း အိပ်မက်ပြင်ပတွင် ကျွန်တော် တစ်ခါဖူးမျှ မကြားဘူးပေ။ ဤစကားလုံးများသည် ကျွန်တော့်ဘဝနှင့် မည်သို့ သက်ဆိုင်နေပါသနည်း။ ထိုစကားလုံး၏ အဓိပ္ပာယ်မှာ
" ကျွန်တော် တွေးရင်း တွေးရင်း ဦးနှောက်





ခြောက်ခဲ့ရပေါင်း များလှပါသည်။ ထို့နောက် ကျွန်တော် တစ်ခါမှမတွေ့မြင်ဘူးသော အိပ်မက်ထဲမှ မင်းသမီးကလေး 'သုယောနန္ဒီ'…။ သူမ၏ချောမောလှပသောမျက်နှာကလေးမှာ ညှိုးနွမ်းနေပြီး ကျွန်တော့်အားစိုက်ကြည့်စဉ် အဘယ်ကြောင့် တုန်ရီလှိုက်မောစွာ အမှန်းတရားများ ဝင်ရောက်လာခဲ့သနည်း…။ အကြောင်းတစ်ခုရှိပေမည်မှာ စွဲဆွဲချက်ချခဲ့မိပါသည်။

ကျွန်တော်လည်း မအိပ်သည့်အခါ ကြားလာသောအခါ အင်အားချိန့်လာသလို စိတ် သိရပါသည်။

လာခဲ့ပါသည်။ သည့်ခုနှစ်တွင် သရေခေတ္တရာမြို့ဟောင်းကြီးများနှင့် ပြွသပေါ်ရွာအနီး မောင်ကန်ကုန်းကို တူးဖော်ဝန်ကြီး၏ဆေး၃ပ်နှစ်ချပ်ရရှိပြီး 'ယေဓမ္မာဟေတုပ္ပဘဝါ' အိပ်ပျော်သွားခဲ့ကတ်တော် ကောက်နုတ်ချက်များ ရေးထိုးပါသည်။ တွေ့ရှိခဲ့ရပါသည်။ ၄င်းအပြင် သရေခေတ္တရာလပ်ချိန်အတွင်း ဦးခင်ဘပိုင်ယာမြေကုန်းရှိ ရှေးဟောင်းတွင်..ဂ်၏ ဌာပနာတိုက်အတွင်းမှ ပျူအက္ခရာနှင့် ရေးသော ရွှေပြားပေချပ် (၂၀)တွေ့ရှိခဲ့သည်ဟု ဆိုပါကောင်း သို့လှေလာပြီးနောက် အမှုသည်၏ ဦးလေးရှိရာ



www.burmeseclassic.com

www.burmeseclassic.com



ကာ သုယောနန္ဒီကို လွန်စွာသတိရလာပါသည်။ ကျွန်တော်၏စိတ်ကို အတန်တန်ကြိုးစား၍ ဖျောက်ဖျက်သော်လည်း အချည်းနှီးပင်။ သူမ၏ ရုပ်ပုံလွှာတို့သည် ကျွန်တော်၏ အသည်းနှလုံးတွင် စွဲထင်နေသကဲ့သို့ သူမ၏အသံကလေးကို ကြားယောင်နေမိပါသည်။ သည်လိုနှင့်ပင် စိတ်ဝေဒနာကို ကြိတ်မှိတ်ခံစားရင်း ဆေးသောက်ခဲ့ရာ ရောဂါအခြေအနေ အတော်အတန် ကောင်းမွန်လာပါသည်။

သည်တွင် ကျွန်တော်၏ဆရာဖြစ်သူအား ပြည်မြို့[...]ဖြစ်ကာ နှလုံး[...]ဂမ်းသဖြင့် ဆရာနှင့်အတူ မရတော့ပေ။ [...]ပါသည်။ အမှန်မှာ

ကျွန်တော်သည် စာကြည့်စား[...]ခဲ့သလို စိတ်[...]မက်အကြောင်း ပြန်စဉ်းစားနေမိပါသည်။ ဖြစ်ပေါ်လာ ပိဋ "ဗိန္ဒုပြောက်' ဟူသည့် ထူးဆန်းသော စ[...]ည်။ ဆရာသည်အခေါ်အဝေါ်ကို အိပ်မက်ထဲတွင် သိ[...]ည်မြို့မှ လည်း အိပ်မက်ပြင်ပတွင် ကျွန်တော် တစ်ခါမှ[...]သည်။ ဘူးပေ။ ဤစကားလုံးများသည် ကျွန်တော့်ဘဝနှင့်ဦးဖြစ် သက်ဆိုင်နေပါသနည်း။ ထိုစကားလုံး၏ အ[...]င်းနှင့် [...]။ ကျွန်တော် တွေးရင်း တွေးရင်း[...]ဝင်စား





သည့်အလျောက် သရေခေတ္တရာမြို့ရိုး အပြင်ဘက်ရှိ ဘောဘောကြီးဘုရား၊ ဘုရားကြီး၊ ဘုရားမာစေတီများနှင့် မြို့ရိုးအတွင်းဘက်ရှိ ဘဲဘဲဂူဘုရား၊ လေးမျက်နှာဘုရားသို့ သွားရောက်ဖူးမျှော်ခဲ့ပါသည်။ ဤစေတီတော်များ တည်ရှိခြင်းသည် ပျူခေတ်ဗုဒ္ဓသာသနာ၏ အထိမ်းအမှတ်များပင် ဖြစ်ပါသည်။ ရှေးဟောင်းသုတေသန သမိုင်းကြောင်းဆိုင်ရာ အထောက်အထားများအရ ပျူလူမျိုးများသည် အေဒီ(၁)ရာစုကပင် ဗိဿနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာဒေသများတွင် အခြေစိုက်နေထိုင်ခဲ့ကြောင်း သိရပါသည်။

အေဒီ ၁၉၉၇ ခုနှစ်တွင် သရေခေတ္တရာမြို့ဟောင်း မော်ဇာအပိုင် လယ်ပေါ်ရွာအနီး မောင်ကန်ကုန်းကို တူးဖော်ရာတွင် ရွှေပေချပ်နှစ်ချပ်ရရှိပြီး 'ယေဓမ္မာဟေတုပ္ပဘဝါ' အစချီသော ပိဋကတ်တော် ကောက်နုတ်ချက်များ ရေးထိုးထားသည်ကို တွေ့ရှိခဲ့ရပါသည်။ ၎င်းအပြင် သရေခေတ္တရာမြို့ဟောင်းအတွင်း ဦးခင်ဘပိုင်ယာမြေကုန်းရှိ ရှေးဟောင်းဘုရားပျက်၏ ဌာပနာတိုက်အတွင်းမှ ပျူအက္ခရာနှင့် ရေးသားထားသော ရွှေပြားပေချပ် (၂၀)တွေ့ရှိခဲ့သည်ဟု ဆိုပါသည်။ ထိုသို့လေ့လာပြီးနောက် အမှုသည်၏ ဦးလေးဖြစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



'မော်ဓာ'၌ ညအိပ်ခဲ့ပါသည်။ ၎င်း၏ဦးလေးမှာ လယ်ယာစိုက်ပျိုးသည့် လယ်သမားတစ်ဦးဖြစ်ပြီး အလွန်ဖော်ရွေစွာ ဧည့်ခံကျွေးမွေးခဲ့ပါသည်။

'ဆရာ ဦးအောင်တင်တို့ ကိုမင်းဝေတို့ တစ်ခုပြောရဦးမယ်၊ မနက်ဖြန်မှာ ဟိုဘက်ရွာမှာ ထီးတင်ပွဲရှိတယ်၊ ဆရာတော်က ခေါ်ထားလို့ ကျုပ်တို့သွားရမယ်၊ ဆရာတို့လည်း လိုက်ခဲ့ပေါ့၊ ဗဟုသုတရတာပေါ့'

ကျွန်တော်လည်း ဒီကနေ့တစ်နေ့လုံး သွားထားရသည့်အတွက် အလွန်ညောင်းညာကာ မည်သည့်နေရာသို့မျှ မသွားချင်တော့ပေ။ ငြင်းရမည်မှာလည်း မကောင်းသဖြင့် စကားကို အထိုက်အလျောက် ပြောနေမိပါသည်။ ထိုစဉ် ဦးလေးဦးဘိုးမြမှ ဆက်၍ပြောပါသည်။

'ဒီဘုရားက တန်ခိုးကြီးတယ်၊ ရှေးဟောင်းစေတီတစ်ဆူပဲ၊ ပျက်စီးနေလို့ ဆရာတော်ကြီးက ဦးဆောင်ပြီး ငုံပြီးထပ်တည်တာပေါ့။ ထူးဆန်းတယ်ဆရာလေးရာ၊ တမြန်နေ့ကပဲ အမျိုးသမီးတစ်ယောက် လာပြီး ရှေးဟောင်းပျူဒင်္ဂါးတွေ လာလှူသွားတယ်။ အိမ်တိုင်တူးရင်းနဲ့ တွေ့လို့ဆိုလားပဲ။ သူ့နာမည်ကိုမေးတော့ 'သုယောနန္ဒီ'အတွက် လာလှူပေး





တာလို့ ပြောတယ်'

'ဦးလေးမြ… ဘာပြောလိုက်တယ်၊ သုယောနန္ဒီ ဟုတ်လား'

'အေးလေ… အဲဒီဘုရားရဲ့ မူလဒါယိကာမဟာမင်းသမီး သုယောနန္ဒီပေါ့၊ ဒါကြောင့် အဲဒီဘုရားကို 'ဝဋ္ဋကြွေးတော်ပြေစေတီ' လို့လည်းခေါ်တယ်။ အလွယ်ကတော့ သုယောနန္ဒီတည်ခဲ့တာမို့ သုယောနန္ဒီဘုရားလို့လည်း ခေါ်တယ်'

'ဘုရား… ဘုရား… သုယောနန္ဒီတဲ့၊ ငါအိပ်မက်မက်နေတာတော့ မဟုတ်ပါဘူးနဲ့တူတယ်'

ကျွန်တော် အသံမထွက်ဘဲ စိတ်၌ ရေရွတ်မိပါသည်။

'ဆရာဦးအောင်တင်၊ ကျွန်တော့်အိပ်မက်ထဲက မင်းသမီးနာမည်ဖြစ်နေတယ်၊ ကျွန်တော်တို့ မနက်ဖြန်ကို အဲဒီဘုရားထီးတင်ပွဲသွားမှဖြစ်မယ်'

'ဟော့ကောင်… မင်း အိပ်မက်ထဲက မင်းသမီးတွေဘာတွေ ပြောမနေနဲ့၊ သွားချင်ရင်တော့ သွားကြတာပေါ့၊ ဒါပေမဲ့ ဣန္ဒြေတော့ထိန်းနော်'



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြင့် ဦးဖိုးမြလည်းဖြင့် ကျွန်တော်ရယ်၊ ဦးဖိုးမြရယ်၊ ကျွန်တော့်ဆရာရယ် ဘုရားတည်သည့်နေရာသို့ ရောက်ရှိခဲ့ပါသည်။ ဘုရားတည်ထားသည့် နေရာကလေးမှာ ကုန်းမြင့်မြင့်ကလေးဖြစ်ပြီး သစ်တောအုပ်ညို့ညို့ဖြင့် အလွန်ပဏာရကာ အတန်ငယ်တက်သွားရပါသည်။

'အဲဒီကုန်းကို သုယောနန္ဒီကုန်းလို့ ခေါ်တယ်'

ဦးဖိုးမြက ပြောပြပါသည်။ ကျွန်တော်၏စိတ်ထဲတွင် အိပ်မက်ပုံရိပ်ရှင် မင်းသမီးကလေး၏ အမည်တူနေသဖြင့် အလွန် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါသည်။ ကျွန်တော့်အိပ်မက် တစ်ပိုင်းတစ်စများနှင့်လည်း အလွန် တိုက်ဆိုင်နေသည့်အတွက် ဤနေရာသို့ လာရခြင်းပင် အလွန်စိတ်ဝယ်ရွှင်လန်းနေပါသည်။ ကျွန်တော်တို့အား ဆရာကြီးနှင့် မိတ်ဆက်ပေးပြီးနောက် ဆရာတော်ကြီးမှ ပျူဒင်္ဂါးများအကြောင်း ရှင်းပြပါသည်။

'မနေ့ကပဲ အမျိုးသမီးတစ်ယောက် ပျူဒင်္ဂါးတွေ လာလှူသွားတယ်၊ အိမ်တိုင်တူးရင်းနဲ့ ဒင်္ဂါးတွေကောက်ရလို့ လာလှူသွားတာဆိုပဲ'

'ဘုန်းဘုန်း... အဲဒီဒင်္ဂါးကလေးတွေကို ကြည့်ချင်လို့ပါဘုရား'

'အေး... ပြရတာပေါ့'

ထိုသို့ပြောဆိုကာ ကျက်သရေခန်းထဲတွင်သိမ်းထားသော ပျူဒင်္ဂါးအချို့ကို ယူပြပါသည်။

'ဒကာကြီးတို့ ပျူခေတ်တုန်းက ပျူဒင်္ဂါးများနဲ့အတူ ပေါ်တဲ့ ဒင်္ဂါးတွေက ဝေသာလီဒင်္ဂါး... အိန္ဒိယဒင်္ဂါးတွေ ရှိတယ်။ ပျူဒင်္ဂါးနဲ့ မှားနိုင်တယ်။ ဒါပေမဲ့ ပျူဒင်္ဂါးစစ်စစ်ကို ကြည့်လိုက်စမ်းပါ၊ ဒီမှာ သီရိဝစ္ဆ၊ ဒီမှာ ဗဒ္ဒပီဌ၊ ဒီမှာ ဗိန္ဓုပြောက်၊ ဒါတွေပါမှ ပျူဒင်္ဂါးအစစ်ပေါ့'

ထိုသို့ပြောဆိုကာ ကျွန်တော်၏လက်ထဲသို့ ထည့်ပေးလိုက်ပါသည်။ ကျွန်တော်လည်း ဆရာတော်ပေးသည့် ပျူဒင်္ဂါးကလေးကို ကိုင်ကြည့်ကာ အိပ်မက်ထဲမှ အမည်များဖြစ်နေသဖြင့် လွန်စွာ အံ့သြစွာရေရွတ်မိပါသည်။

'သီရိဝစ္ဆ၊ ဗဒ္ဒပီဌ၊ ဗိန္ဓုပြောက်ဆိုပါလား၊ ငါ့အိပ်မက်ထဲက နာမည်တွေပဲ၊ ငါနဲ့ ဘာကြောင့်များ ဒီလောက်ဆက်နွယ်နေရပါလိမ့်'

အိပ်မက်ထဲမှ မင်းသမီးကလေးသည် ဤအမည်ကလေးများကို ရွတ်ဆိုကာ ပျူဒင်္ဂါးကလေးကို ထောင်ပြသည်






www.burmeseclassic.com

www.burmeseclassic.com



မှာ ပျူဒင်္ဂါးစစ်ကြောင်း ပြသဟန်များဖြစ်လေမလား...။ သို့သော်လည်း ကျွန်တော်၏အိပ်မက်ပုံရိပ်မှ အမည်များနှင့် ယခုတွေ့ရှိရသည့် ပျူဒင်္ဂါးပေါ်ရှိ အရုပ်များ၏ အမည်များမှာ တိုက်တိုက်ဆိုင်ဆိုင် တူနေသည်မှာ ထူးဆန်းသော အကြောင်းတစ်ရပ်ပင် ဖြစ်ခဲ့ပါသည်။ ထိုမှတစ်ဖန် အိပ်မက်ရှင်၏အမည်မှာ သုယောနန္ဒီဖြစ်သကဲ့သို့ ဤစေတီတော်၏ မူလဒါယိကာမအမည်မှာ သုယောနန္ဒီဟု ဆိုပါသည်။ ထို့ကြောင့်လည်း ဆရာတော်ကြီးအား ဤစေတီတော်နှင့် ပတ်သက်ပြီး သိလိုသည့်အချက်များကို လျှောက်တင်ခဲ့ပါသည်။

'ဘုန်းဘုန်းဘုရား၊ ဒီစေတီတော်ရဲ့ သမိုင်းကြောင်းလေး သိပါရစေဘုရား'

'ဒီစေတီတော်ကို သုယောနန္ဒီမင်းသမီး တည်တော်မူခဲ့တယ်လို့ ဆိုတယ်။ ဒါကြောင့် သုယောနန္ဒီဘုရားလို့လည်း ခေါ်တယ်၊ ဒီကုန်းတော်ကလည်း အကျယ်ကြီးနော်၊ တွေ့တယ်မဟုတ်လား၊ အဲဒီ ကုန်းပတ်ဝန်းကျင်ကို သုယောနန္ဒီကုန်းလို့ခေါ်တယ်၊ ဟို... အရင်က ဒီကုန်းထက်မှာ သုယောနန္ဒီမင်းသမီးကလေးရဲ့ ကြင်ယာတော်မင်းသားကလေး





'အဘယကုမ္မာရ' ဟာ မင်းမျက်သင့်လို့ ဒီကုန်းမှာ ကွပ်မျက်ခံခဲ့ရတယ်။ စေတီတော်ရဲ့ သမိုင်းကြောင်းကလေးကတော့ ဒီလိုပါကွယ်'

သုနာပရန္တတိုင်း၏ အရှင်သခင်မြို့စားမင်းသားငယ် အဘယကုမ္မာရနှင့် ကြင်ယာတော်မင်းသမီး သုယောနန္ဒီတို့ ချစ်ကြည်စွာ စိုးစံတော်မူခိုက်တွင် ကရဏ္ဍကတိုင်း၊ (သုဝဏ္ဏဘုမ္မိ၏ရှေးအမည်)၏ အရှင်သခင် မြို့စားမင်း တင်မြှောက်တော်မူခြင်းခံရသည်။ ဤတွင် အိမ်ရှေ့စံမင်းသား စန္ဒကသင်္ဂ သည် အလွန်ချောမောလှပသော မင်းသမီး သုယောနန္ဒီအား တော်ကောက်လိုသဖြင့် အဘယကုမ္မာရအား အကောက်ကြံခဲ့ပါသည်။ အဘယကုမ္မာရသည် ပျူလူမျိုးများနှင့် မသင့်တင့်သော 'အနောက်သား' ခေါ် ဝေသာလီသားများနှင့်ပူးပေါင်းကာ ဘုရင်၏ထီးနန်းအား လုပ်ကြံမည်ဟု ဘုရင်ကြီးထံ လျှောက်တင်ပြီး အဘယကုမ္မာရ၏ စံအိမ်တော်၌ ရှာဖွေခဲ့ပါသည်။ မည်သည့်အရာမှ မတွေ့သည့်အဆုံးတွင် အသင့်ယူဆောင်လာသော ဝေသာလီဒင်္ဂါးများကို ပျူဒင်္ဂါးများနှင့်ရောနှောပြီး ဝေသာလီသားများနှင့် ပူးပေါင်းကြံစည်သည်ဟုဆိုကာ အဘယကုမ္မာရမင်းသားလေးအား ဖမ်းဆီးခေါ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ပါသည်။ ဝေသာလီဒဂါးမှာ ပျူဒင်္ဂါးနှင့်မတူညီဘဲ တစ်ဘက်၌ ခရုသင်းပုံပါပြီး တစ်ဘက်တွင်သီရိဝစ္ဆပုံအသေး ပါပါသည်။ မင်းသား အဘယကုမ္မာရ၏စိတ်တွင် ဤဝေသာလီဒဂါးများ မိမိအိမ်၌ ရောက်ရှိနေခြင်းမှာ မင်းသမီးသုယောနန္ဒီ၏ နည်းပရိယာယ်ဟု မှတ်ထင်ကာ လွန်စွာစိတ်နာကျည်းခဲ့ပါသည်။ မင်းသား အဘယကုမ္မာရအား တောင်စွယ် နေကွယ်သောအခါ သတ်ရမည်ဟု ဘုရင်က အမိန့်တော်တစ်ရပ် ချမှတ်လိုက်ပါသည်။ မင်းသားကလေးအဘယကုမ္မာရအား လက်ဝါးကပ်တိုင်တွင် ချည်နှောင်ခဲ့သောနေရာသည် ယခုဘုရားတည်ထားသော ကုန်းဖြစ်ပါသည်။ မင်းသားလေး၏စိတ်တွင် မင်းသမီးသုယောနန္ဒီအား မိမိ၏အသည်းနှလုံးအဖြစ် အလွန်ချစ်မြတ်နိုးသော်လည်း ဝေသာလီမင်းတို့နှင့် ပူးပေါင်းကာ မိမိအပေါ် သစ္စာဖောက်ခဲ့လေပြီဟု ထင်မြင်သဖြင့် လွန်စွာ မုန်းတီးမိပါသည်။

မင်းသား အဘယကုမ္မာရ မကွယ်လွန်မီ မင်းသမီးသုယောနန္ဒီသည် မင်းသားလေးထံ ရောက်လာပြီး ဝေသာလီသားများနှင့် မပတ်သက်ကြောင်း အတန်တန်ရှင်းပြသော်လည်း မင်းသားကလေးမှာ လုံးဝလက်ခံခြင်းမရှိဘဲ မင်း





သမီးလေးအပေါ်၌ အမုန်းတရားများကို သေသည့်တိုင် သူယူဆောင်သွားခဲ့လေသည်။

နေညိုညိုညနေစောင်းတွင် သူသတ်သမားများ၏ ထုံးစံအတိုင်း မင်းသားကလေး အဘယကုမ္မာရအား ကွပ်မျက်ခဲ့ပါသည်။ ဤတွင် မင်းသမီးသုယောနန္ဒီသည် ၄င်းပိုင်ဆိုင်သည့် ပျူဒင်္ဂါးများနှင့်အတူ ဘုရားဆင်းတုတော်များကို ဌာပနာ၍ မိမိအပေါ်၌ အထင်လွဲမှားခဲ့ပြီး မင်းသားကလေး၏ နောက်ဆုံးဇီဝိန်ချုပ်ရာ ဤနေရာ၌ ဘုရားတစ်ဆူ တည်တော်မူခဲ့ပါသည်။ မင်းသားကလေး၏ ကံအကြောင်းမလှခဲ့သော ဝဋ်ကြွေးများ၊ အပြစ်မဲ့သော ဇနီးမယားတစ်ယောက်အပေါ် အထင်အမြင်မှားခဲ့သော အကြောင်းတရားများကြောင့် ဤစေတီတော်အား ဝဋ်ကြွေးတော်ပြေစေကြောင်းဖြင့် 'ဝဋ်ကြွေးတော်ပြေစေတီ' ဟူ၍ သမုဒ်ခဲ့ရပါသည်။ မင်းသမီး သုယောနန္ဒီသည် အိမ်ရှေ့စံ၏ အန္တရာယ်ကို ကြိုတင်ကာကွယ်ကာ ထိုစေတီတော်၌ပင် ရသေ့မပြုကာ နေထိုင်ခဲ့ပါသည်။

ဆရာတော်ကြီး၏ ရာဇဝင်သမိုင်းကြောင်းမှာ ဤမျှပင်ဖြစ်သော်လည်း ကျွန်တော့်အတွက်တွင်မူ ပဟေဠိသဖွယ်



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်လှိုက်မောကာ အိပ်မက်၏အဖြေကို ရှာရာ၌ ယနေ့မှပင် အမှန်တရား သိလာခဲ့ရပါသည်။ အကျိုးအကြောင်းတို့၏ ဆက်စပ်ပုံမှာ လွန်စွာ ထူးခြားအံ့သြဖွယ်အတိ ဖြစ်ခဲ့ရပါသည်။ ကျွန်တော် တစ်ခေါက်မျှ မရောက်ခဲ့ဖူးသောနေရာသို့ မမျှော်လင့်ဘဲ ကျွန်တော် ရောက်ရှိချိန်တွင် ကျွန်တော့်အိပ်မက်ပုံရိပ်ထဲမှ ပျံ့ဒင်္ဂါးများကို တိုက်တိုက်ဆိုင်ဆိုင် တွေ့ကြုံခဲ့ရပါသည်။ အိပ်မက်မင်းသမီးကလေး သုယောနန္ဒီ၏ ညှိုးနွမ်းသော မျက်နှာကလေးကို မြင်ယောင်နေမိပါသည်။ သူမပြောသည့် စကားသံကလေးကိုလည်း ကျွန်တော် ပြန်လည် ကြားယောင်နေမိပါသည်။

'မောင်တော်၏အမှန်းကို ခံယူရန် မဝံ့သည့်အတွက် ကျွန်တော်မျိုးမတို့၏ တိုင်းပြည်တော်သို့ မောင်တော်ရောက်လာခိုက်တွင် ကျွန်တော်မျိုးမကိုယ်စား ဤပျံ့ဒင်္ဂါးများက မောင်တော်အား အမှန်တရား ထင်ရှားစေပြီး နှလုံးသားမှ အမှန်းတရားများ ကင်းဝေး ပျောက်ကွယ်နိုင်ပါစေ မောင်တော်သခင်ရယ်'

ကျွန်တော် ဤစေတီတော်သို့မရောက်မီ အမျိုးသမီးတစ်ယောက်မှ ပျံ့ဒင်္ဂါးများ လာလှူသွားသည်ဟု ဆရာတော်ကြီးမှ ပြောသည်မှာ သုယောနန္ဒီမင်းသမီးကလေး၏ ပြောစကားနှင့် အလွန်ပင်ကိုက်ညီနေသည်ကို သတိပြုမိပါသည်။ ထို့ကြောင့် ဆရာတော်အား ထိုအမျိုးသမီးအကြောင်း မေးမြန်းမိပါသည်။

'အရှင်ဘုရား... ဒီဒင်္ဂါးတွေ လာလှူသွားတဲ့ အမျိုးသမီးက ဘယ်မှာနေတာလဲဘုရား'

'အိမ်း... မေးတော့လည်း သေသေချာချာ မပြောဘူး၊ ဒီနားဟိုနားက ရွာကလိုလို ပြောသွားတာပဲ။ အင်း... မှတ်မိပြီ၊ သူ့နာမည်ကိုမေးတော့ တပည့်တော်နာမည်က အဓိက မဟုတ်ပါဘုရား၊ ဒီစေတီရဲ့ မူလဒါယိကာမင်းသမီးလေး 'သုယောနန္ဒီ'ရဲ့ ကောင်းမှုအတွက် လာလှူပေးတာလို့ ပြောသွားတာပဲ။ ဒါကလည်း သူ့သဘောသူဆောင်ပေါ့၊ ဘုန်းကြီးတို့အလုပ်လည်း မဟုတ်ပေဘူး။ ဘုန်းကြီးကတော့ သာသနာ စည်ပင်ပြန့်ပွားရေးအတွက် စေတီတော်ပြုပြင်ပြီး ကုသိုလ်ပြုတာပဲ'

'တင်ပါ့ဘုရား'

သည်တွင် ကျွန်တော် ကောင်းစွာ သဘောပေါက်သွားခဲ့ပါပြီ။ ဤဝင်္ကြွေးတော်ပြေ စေတီတော်ရဲ့ ထီးတော်လှူ







www.burmeseclassic.com

www.burmeseclassic.com



ပွဲ အခမ်းအနားကို မဖိတ်ခေါ်ဘဲ ရောက်ခဲ့သည့်အတွက် ဤမှု တိုက်ဆိုင်ခြင်းမှာ ပြုဖူးသည့်အကြောင်းတရားတစ်ခု၏ ကွင်းဆက်ပင်ဖြစ်ချေမည်။ ထိုစေတီတော်အား ကြည်ညိုစွာ ဖူးမျှော်ကန်တော့ရင်း မင်းသမီးကလေး သုယောနန္ဒီအတွက် ကျွန်တော် ဆုတောင်းခဲ့ပါသည်။ ဟိုး လွန်ခဲ့သော နှစ်ပေါင်းများစွာက သည်ဒင်္ဂါးများအတွက် အသက်ပေးသွားခဲ့ရသော မင်းသားလေးတစ်ပါး ရှိခဲ့ဖူးပါသည်။ ထိုမင်းသားကလေးမှာ ကြင်ယာတော်မင်းသမီးကလေးကို အထင်အမြင်လွဲမှားကာ အမုန်းတရားတို့နှင့် လမ်းခွဲသွားခဲ့လေသည်။ ထိုအမုန်းတရားတို့ကို ပြေပါစေကြောင်း ဤစေတီတော်ကို တည်ကာ ဆုတောင်းခဲ့ဖူးပါသည်။ ဤစေတီတော်၌ ဘုရားဆင်းတုတော်နှင့်တကွ ဤဒင်္ဂါးများကို ဌာပနာပြုခဲ့ပါသည်။ မင်းသမီး၏ စိတ်သဏ္ဌာန်တွင် ပျူလူမျိုးတို့၏ အသည်းနှလုံး ပျူဒင်္ဂါးများကိုသာ သိမ်းဆည်းခဲ့သော သဘောအဖြစ် ဤဒင်္ဂါးကလေးများကိုပြကာ သီရိဝစ္ဆ၊ ဗဒ္ဒပီဌ၊ ဗိန္ဒုပြောက်များကို ကျွန်တော့်အား မှတ်မိစေခဲ့ပါသည်။ အခြားသော ဒင်္ဂါးများနှင့် မရောယှက်ကြောင်းလည်း သိသာစေခဲ့ပါသည်။ ဤနေရာ၌ အဘယကုမ္မာရ မင်းသားကလေးသာ ဤအဖြစ်





အပျက်အမုန်ကို သိမည်ဆိုလျှင် မင်းသမီးကလေး သုယောနန္ဒီအပေါ် ခွင့်လွှတ်နိုင်ကောင်းပါရဲ့ဟူ၍ ကျွန်တော် တွေးတောမိပါသည်။

အချိန်တန်တော့ အိမ်ပြန်ရပေမည်။ ကျွန်တော်ရယ်၊ ဆရာရယ် ဤစေတီတော်မှ ခွဲခွာလာခဲ့ရပါသည်။ ဦးလေး၏ လှည်းပေါ်တွင် ထိုင်စီးရင်း၊ ဤစေတီတော်ကလေးမှာ ဝေး၍ ကျန်ရစ်ခဲ့လေပြီ။ ကျွန်တော်သည် တစ်ခါက တစ်ဘဝတွင် မင်းသားကလေး အဘယကုမ္မာရ ဖြစ်ကောင်းဖြစ်ပေမည်။ ကျွန်တော့်အဖြစ်မှာ အသောသူ၏အိပ်မက်နှယ်ပြောထွက်သကဲ့သို့ မည်သို့မျှမပြောသာခဲ့ပေ။ ကိုယ့်အကြောင်းမှာ ကိုယ်သာသိသည်ဆိုသည့်အတိုင်းပင်။

တဖြည်းဖြည်း ဝေး၍ ဝေး၍ ကျန်ခဲ့ပါသည်။ သို့သော်လည်း ကျွန်တော်၏နှလုံးသားအိမ်တွင် ကြေကွဲဖွယ်သော ဒင်္ဂါးလေးများတွင် ထင်ကျန်ရစ်သော အိပ်မက်ရှင် မင်းသမီးကလေး သုယောနန္ဒီ၏ မျက်နှာကလေးအား မြင်ယောင်မိရင်း...

ကျွန်တော်သာ အဘယကုမ္မာရ မင်းသားကလေး ဖြစ်ခဲ့ရင် ကြေကွဲဖွယ်သော ဒင်္ဂါးများရဲ့သက်သေပြချက်



www.burmeseclassic.com

www.burmeseclassic.com



အရ သုယောနန္ဒီအပေါ် အမုန်းတရားများ ကင်းစင်ပြီး နှလုံးသားမှချစ်ခြင်းမေတ္တာတို့ဖြင့် ရစ်ပတ်နှောင်ဖွဲ့ကာ သူမအပေါ် ခွင့်လွှတ်ကြောင်းကို သံသရာတစ်ကွေ့မှာ ပြန်ဆုံတွေ့ရင် ပြောလိုက်ချင်လွန်းပါဘိ'

◆ ◆ ◆





www.burmeseclassic.com

# စိန်ဘုရား မြဘုရား ဖူးကြမလား

ဖတ္တမြားစေတီ၊ စိန်စေတီ၊ မြစေတီ၏ သမိုင်းကြောင်းမှာ ထူးခြားအံ့ဖွယ်သောဖြစ်ရပ်များနှင့်အတူ သာသနာ့အောင်မြေဟာသည်ရှိရာ သရက်မြို့အပိုင် စမ်းအိုင်ရွာ၏ အနောက်ဘက်တစ်မိုင်ခွဲခန့်ရှိ အာရုံဟောင်နှင့် အနီးတစ်ဝိုက်သည် လေးနက်ဆန်းကြယ်သော ဂမ္ဘီရစွမ်းအားများ ပြည့်နက်နေသည့် ဘူမိနက်သန် နေရာမှန်တစ်ခုဖြစ်ပါသည်။

ဤစေတီများ၏သမိုင်းကြောင်းနှင့်ပတ်သက်၍ အဖြစ်မှန်ကို ကိုယ်တွေ့ကြုံခဲ့ရသော ဆရာတော်ကြီးမှာဘဒ္ဒန္တ ဦးရာစိန္တဖြစ်ပြီး သက်တော် (၇၄)နှစ်၊ သိက္ခာတော် (၅၄)ဝါ ရှိပြီဖြစ်ပါသည်။

အားမာန်သစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



## ဆရာတော်၏အဓိဋ္ဌာန်

စမ်းအိုင်ကျေးရွာ၊ ဆူးပုတ်ကုန်းကျောင်း၊ လယ်ပြင်ကျောင်းနှင့် အရှေ့ကျောင်းဟူ၍ ဘုန်းတော်ကြီးကျောင်းသုံးကျောင်းရှိသည့်အနက် စမ်းအိုင်ရွာတောင်ဘက် အရှေ့ကျောင်းကြီးတွင် မူလ ကျောင်းထိုင်ဆရာတော် ဦးရာစိန္ဒသည် ၄င်းကျောင်းမှာပင် သက်တော် (၆၀)ပြည့်သောအခါ ယခု မဟာစေလီတောင်ကြောကြီး၏ တောင်ဘက်ထိပ်ဖျား၌ တောင်ငယ်ကလေး တစ်ခုကိုတွင်း၍ ဂူကျောင်း၌ပင် ဘဝနတ်ထံပျံလွန်တော်မူ သွားကြပါသည်။

၄င်းဆရာတော်ကြီးထွင် တပည့်ကြီးနှစ်ဦးမှာ ဦးကဝိနှင့် တပည့်ဦးရာစိန္ဒပဲ ဖြစ်ကြပါသည်။ ၄င်းဆရာတော်ကြီးနှစ်ပါးသည် ဆရာတော်ကြီး ပျံတော်မူပြီးနောက် အချင်းချင်း တိုင်ပင်ကြသည်မှာ တို့တစ်တွေလည်း ဆရာတော်ကြီး၏ လမ်းစဉ်အတိုင်း သက်တော်(၆၀)ပြည့်လျှင် ဆရာတော်ကြီးသီတင်းသုံးရာ ဂူကျောင်းကလေး၌ တောရဆောက်တည်မှီကြစို့ ဟူ၍ နှစ်ဦးသဘောတူ အဓိဋ္ဌာန်ပြုထားကြပါသည်။ သို့သော်လည်း ဦးကဝိဆရာတော်ကြီးမှာ ဂျပန်တော်လှန်ရေးကာလ၏ နောက်ပိုင်းတွင် ဘဝနတ်ထံပျံလွန်တော်





မူသွားသဖြင့် ၄င်း၏အဓိဋ္ဌာန်မှာ အထမမြောက်တော့ဘဲ အဓိဋ္ဌာန်ပျက်သွားရပါတော့သည်။

ကျန်ရှိသော ဆရာတော်ကြီး ဦးရာစိန္ဒမှာ 'ငါသည် အသက်မသေဘဲ သက်တော် (၆၀)ပြည့်လျှင် မဖြစ်မနေ ဤဂူအတွင်း၌ တောရဆောက်တည်ရန် အဓိဋ္ဌာန်ပြုပါ၏' ထိုသို့ဖြင့် ဆရာတော်ကြီးသည် ဂူကျောင်းကလေး၏အနီး တောင်ငယ်ကလေး၏ ဘေးနားတွင် ဝါးကျောင်းကလေး ဆောက်လုပ်ကာ ၁၃၂၉ ခုနှစ်၊ ဝါဆိုလဆန်း (၈)ရက်နေ့တွင် ဆရာတော်ကြီး၏ အဓိဋ္ဌာန်အတိုင်း အောင်မြင်စွာ ဤဂူကျောင်းအတွင်း၌ တောရ ဆောက်တည်ခဲ့ပါတော့သတည်း။

## ဆရာတော်ကြီး၏ထူးခြားသောအိပ်မက်

၁၃၃၄ ခု၊ တန်ဆောင်မုန်းလဆန်း (၁၀)ရက်နေ့တွင် ဆရာတော်ကြီးသည် ထူးခြားသော အိပ်မက်မက်ခဲ့ပါသည်။ ထိုအိပ်မက်တွင် ဒါယကာကလေးတစ်ဦးနှင့် ဒါယိကာမကလေးတစ်ဦးသည် ဆရာတော်ကြီး၏ ဝါးကျောင်းကလေးဆီသို့ရောက်လာပြီး ဆရာတော်ကြီးအား သာကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မာကြောင်းလျှောက်ထားပြီးလျှင် ဤအနီးအနား၌ စေတီတော်တစ်ဆူ တည်ထားကိုးကွယ်လျှင် အလွန်ကောင်းမည်ဖြစ်ကြောင်း လျှောက်ထားခဲ့ပါသည်။ ဆရာတော်ကြီးမှ ပြန်လည်ဖြေကြားသည်မှာ စေတီတစ်ဆူတည်ထားကိုးကွယ်လျှင် ကောင်းသည်မှန်ပါသည်။ သာသနာတော်အတွက်လည်း ကောင်းပေမည်။ သို့သော်လည်း ဤအနီးတစ်ဝိုက် ရွာနီးချောက်စပ်တွင် နေထိုင်ကြသူများမှာ ဆင်းရဲသားတောင်သူလယ်သမားများနှင့် လက်လုပ်လက်စားသမားများ ဖြစ်နေသည့်အတွက် တတ်စွမ်းနိုင်မည်မထင်ကြောင်းနှင့် ယခုအချိန်၌ ပစ္စည်းပစ္စယများ၏ ဈေးနှုန်းမှာလည်း များပြားနေသဖြင့် စေတီတစ်ဆူ တည်ရန်မလွယ်ကြောင်း မိန့်တော်မူပါသည်။

တိုအခါ ၎င်းတို့နှစ်ဦးမှာ အရှင်ဘုရားကသာ ဘုရားတစ်ဆူတည်မည်ဆိုပါက အနီးအနားက သူများနှင့်တကွ တပည့်တော်များကပါ ကူညီပါမည်ဘုရားဟု ပြောပြီး ဆရာတော်ကြီးအား ဝတ်ပြုကာပြန်သွားကြပါသည်ဟု အိပ်မက်မက်ပါသည်။

နံနက် မိုးသောက် အလင်းရောက်သောအခါ ဆရာတော်ကြီးမှာ ညကမက်သည့် အိပ်မက်အကြောင်း စဉ်းစား





ရင်း အိပ်မက်သည် ရိုးစင်းသော်လည်း အစီအစဉ်တကျမက်သည့်အတွက် ထူးခြားမှုကြောင်း သတိပြုမိပါသည်။ သို့သော်လည်း မြတ်စွာဘုရားရှင်အား အာရုံပြုနေသည့်အတွက် ဖွဲလမ်းစိတ်နှင့် မက်သည်နှင့်တူကြောင်း ဟူ၍စဉ်းစားကာ အေးဆေးစွာ နေခဲ့ပါသည်။

နောက်သုံးလေးရက်ခန့်ကြာသောအခါ ပထမအတိုင်း ပင် ထပ်၍ အိပ်မက်မက်ခဲ့ပါသည်။ ဆရာတော်ကြီးမှာ နှစ်ခါမက်သည့် အိပ်မက်ဖြစ်သဖြင့် ထူးခြားသည်ဟု စဉ်းစားမိသော်လည်း ဆရာတော်ကြီးသည် အေးဆေးစွာသီတင်းသုံးနေတော်မူပါသည်။ ဆရာတော်ကြီး၏ တပည့်ရင်းမှာ စမ်းအိုင်ရွာသား လက်သမားဆရာကြီး ဦးထွန်းမောင်ဖြစ်ပြီး ကျောင်း၏ဝေယျာဝစ္စများကို နံနက်မိုးလင်းမှ မိုးချုပ်အထိ လာရောက်လုပ်ကိုင်ပေးခဲ့ပါသည်။ ညနေစောင်း၌ ဒါယကာကြီးဦးထွန်းမောင်ပြန်သွားပြီး များမကြာမီတွင် ဒါယကာကလေးတစ်ယောက်နှင့် ဒါယိကာမလေး တစ်ယောက် ရောက်လာပြီး မည်သည့်အကြောင်းမှ မပြောသေးဘဲ ပြုံးပြီးကြည့်နေပါသည်။

ထိုအခါ ဆရာတော်ကြီးမှာ ၎င်းတို့အားမြင်ဖူးသည်



www.burmeseclassic.com

www.burmeseclassic.com



ဟုစဉ်းစားရင်း နောက်ဆုံး၌ အိပ်မက်ထဲမှ ဒါယကာလေးနှင့် ဒါယိကာမလေးမှန်း မှတ်မိပါတော့သည်။ ဆရာတော်ကြီးမှ လျှောက်စရာရှိလျှင် လျှောက်ထားဟု အမိန့်ရှိသောအခါ ဒါယိကာမလေးမှ ယခင်နှစ်ရက် သုံးရက်တုန်းကလည်း ဆရာတော်ကို လျှောက်ထားပြီးပါပြီ၊ ယခုလျှောက်ထားရမည်ဆိုလျှင် အာရုံတောင်ပေါ်၌ ဘုရားတစ်ဆူ တည်ထားကိုးကွယ်လိုပါသည်ဘုရားဟု လျှောက်ထားပါသည်။ ဆရာတော်ကြီးအနေနှင့် ကမ္မကထပြုပြီး ဦးဆောင်ဦးရွက်ပြုပြီးဘုရားတည်ပါက အနီးအနားရှိ ရွာသူရွာသားများကလည်း ဝိုင်းဝန်းကူညီပါလိမ့်မည်။ တပည့်တော်တို့လည်း အတတ်နိုင်ဆုံး ကူညီပါမည်ဟု လျှောက်ထားပြီး ပြန်သွားခဲ့ပါသည်။

## အာရုံတောင်ပေါ်မှပတ္တမြားကြီး

ဆရာတော်ကြီးသည် အိပ်မက်ရှင်များ၏ လျှောက်ထားချက်အရ အာရုံတောင်ပေါ်သို့ သွားရောက်ကြည့်မည်ဟု အကြံရှိကာ ညနေ (၅)နာရီလောက်တွင် ဆရာတော်တစ်ပါးတည်း အာရုံတောင်သို့သွားကြည့်ခဲ့ပါသည်။ ထိုအာရုံတောင်





၏ ထူးခြားချက်မှာ တောင်ဘက်တွင် ခဲပစ်တောင်နှင့်ထမင်းရေကန် အနောက်ဘက်တွင် မြေပဲကြောခေါ် တောင်တန်း၊ မြောက်ဘက်တွင် ဦးကုလားကြီးမြောင်း၊ အရှေ့ဘက်တွင် မဟာဇာလီတောင်တန်းနှင့် အရှေ့တောင်ဘက်တွင် မိုးလယ်ကွင်းခေါ် လယ်ကွင်းကြီးအစရှိသည်တို့နှင့် မထိမစပ်ယှက်ဘဲ ထီးထီးတည်း တစ်လုံးတည်းပေါ်ပေါက်နေသော တောင်ကြီးဖြစ်သည်ကိုတွေ့ရပါသည်။ အာရုံတောင်၏အနေအထားမှာ မကြီးလွန်းမကျယ်ပြန့်လွန်းသော်လည်း ဥတစ်လုံးသက်သက်ကဲ့သို့ ဖြစ်နေသည့်အတွက် ထူးခြားသည့်တောင်တစ်တောင်ဖြစ်ပါသည်။ ထိုတောင်ပေါ်သို့ လူသူအရောက်အပေါက်သို့ လူသူအရောက်အပေါက် အင်မတန်နည်းပါးပြီး ထင်းခွေသူများ၊ နွားကျောင်းသူများ၊ မှျစ်ချိုးသူများ၊ မှိုနုတ်သူများသာ အရောက်အပေါက်ရှိပြီး လူသွားလမ်းမှာ တစ်ပေမျှလောက်သာရှိသည့် တောလမ်းကလေးသာ ရှိပါသည်။ ဆရာတော်ကြီးမှာ တောလမ်းအတိုင်း တက်သွားရာ ယခုပတ္တမြားစေတီတော် တည်ထားနေရာ၏ ရှေ့ဝါးတစ်ရိုက်ခန့်အလိုတွင် မီးခဲကြီးတစ်ခဲကဲ့သို့ နီရဲသောအရာဝတ္ထုတစ်ခုကို တွေ့ရှိရပါသည်။ ဆရာတော်ကြီးမှာ ရှေ့သို့တိုးပြီး အနီး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သောအခါ အလွန်ထူးကဲလှသော ပတ္တမြားကြီး တစ်လုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဤတွင် 'ပတ္တမြားကြီးအား အလှူခံတော်မူပါဘုရား' ဟူ၍ အနီးအနားမှ ဒါယကာတစ်ဦး၏ လျှောက်ထားသံကို ကြားရသဖြင့် လှည့်ကြည့်သော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ မမြင်ရသဖြင့် ထူးဆန်းလှသည်ဟုထင်ကာ ကောက်သင့်၊ မကောက်သင့်ကို စဉ်းစားနေတော်မူပါသည်။ ထိုစဉ် နောက်တစ်ခါထပ်၍ 'အရှင်ဘုရား၊ အဲဒီပစ္စည်းကို အလှူခံတော်မူပါဘုရား' ဟူ၍ ထပ်မံလျှောက်ထားသံကို ကြားရသည့်အတွက် တောစောင့်နတ်များလော၊ မြမျိုးနွယ်များ၏ လျှောက်ထားချက်လော တစ်ခုခုဖြစ်ရမည်ဟုယူဆကာ ပတ္တမြားကြီးကို ကောက်ယူ၍ ကြည့်လိုက်ပါသည်။ ပတ္တမြားကြီးမှာ ဆီးသီးအရွယ်ပမာဏခန့်ရှိပြီးအရည်အသွေး ကောင်းမွန်သည့်အတွက် သရက်မြို့ရှိ ကျောက်ကုန်သည်များ၊ ပန်းတိမ်ဆရာများကို ပြသရာ အလွန်အရည်အသွေး ကောင်းပြီး ဤပတ္တမြားမျိုးကို မြင်ဖူးခြင်းပင်မရှိကြောင်း၊ လျှောက်တင်ကြပါသည်။

ဤပစ္စည်းသည် ဘုရားတည်ရန်အတွက်ဖြစ်ပြီး စေ





တီတော်အတွင်း၌ ဌာပနာရန်ပေးသည့် ပစ္စည်းဖြစ်ကြောင်း ဒကာများအား ရှင်းပြပြီး တစ်ပတ်ကျော်ကျော်ခန့်အကြာတွင် ဤသတင်းမှာ ပျံ့နှံ့သွားပြီး ပတ္တမြားစေတီတော်ကြီး ဖြစ်မြောက်ရေးအတွက် တိုက်နယ်ရွာပေါင်း (၁၀)ရွာမှ အကြီးအကဲများကို ဖိတ်မန္တကပြုကာ စတင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။

## ပတ္တမြားစေတီတည်လေပြီ

တိုက်နယ် (၁၀)ခု၊ ရွာကြီး (၁၀)ရွာတို့မှ စေတီတော် ဖြစ်မြောက်ရေး ဂေါပကအဖွဲ့ဖွဲ့ကာ၊ ဉာဏ်တော် (၃၃)တောင် စေတီတော်ကြီး၏ ပုံပန်းသဏ္ဌာန် အနေအထားမှာ ဘဒ္ဒကမ္ဘာ၌ ဘုရား(၅)ဆူ၏ လက္ခဏာကိုယူ၍ မုခ်ကြီး (၅)ခုနှင့် သီရိပစ္စယာကမ္ဘာ့ဇေစေတီတော်ပုံ၏ ပုံပန်းသဏ္ဌာန်တော်အတိုင်း တည်တော်မူခဲ့ပါသည်။

၁၃၃၄ ခု၊ ပြာသိုလဆန်း (၇)ရက်နေ့တွင် သံဃာတော်အပါး (၃၁)ပါးကို ပင့်ပြီး စေတီကြီးနေရာတော်သမုတ်ခြင်း၊ ပန္နက်တော်တင်ခြင်း မင်္ဂလာပြုခဲ့ပါသည်။ ၁၃၃၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁)ရက်နေ့တွင် ဦးစဇယန္တက



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာအုတ်မြစ်ချကာ အင်္ဂါထောင့်မှစ၍ သံဃာတော်များ ဝါစဉ်အလိုက်အုတ်မြစ်ချ မင်္ဂလာအခမ်းအနားဖွင့်၍ စေတီတော်ကြီးကို စတင် တည်တော်မူပါသည်။

ဤစေတီတော်ကြီး တည်ဆောက်ရာ၌ သရက်မြို့ပေါ်ရှိ ရပ်ကွက်အသီးသီး၊ အောင်လံမြို့ပေါ်ရှိ ရပ်ကွက်အသီးသီး၊ ရန်ကုန်၊ အင်းစိန် ရွှေလင်ဗန်း၊ စမ်းအိုင်သီးကုန်းမုန်စလီကိုးပင်၊ ရေဖြူမဒင်းကြီးတိုင်း ညောင်ဆစ်၊ ရွာတောင်ဆင်တဲကျွန်းအုပ်ဖိုရွာရှိ ဒါယကာ ဒါယိကာမများအပြင် ဗျူဟာစစ်တပ်ကြီးမှ လူအင်အား ငွေအင်အား ယာဉ်အင်အားတို့ဖြင့် တည်ဆောက်ပေးပါသည်။ မူလဘုရားဒါယကာ မောင်နှမနှစ်ဦးလည်း အများနှင့်အတူ လုပ်အားလှူဒါန်းသည်ကို ဆရာတော်ကြီးမှ တွေ့မြင်ခဲ့ရပါသည်။ ၁၃၃၅ ခုနှစ်၊ တပေါင်း လပြည့်နေ့၌ ထီးတော်တင်ကာ ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပခဲ့ပါသည်။ မူလဘုရားဒါယကာတို့၏ လျှောက်ထားချက်အရ ၎င်းတို့အမည်များမှာ မောင်ဖြစ်သူအမည်မှာ 'မြနန်းစကြာရှင်' ဖြစ်ပြီး ညီမအမည်မှာ 'မြနန်းစကြာဒေဝီ' ဖြစ်ပါသည်။

ဤပတ္တမြားစေတီတော် တည်တော်မူပြီးနောက်





မောင်နှမနှစ်ဦးသည် ဆရာတော်တော်ကြီးထံသို့ ထပ်မံလာရောက်ကာ 'အရှေ့ဘက်က ဘုရားကျိုးကြီးဟာလည်း တပည့်တော်တို့နှင့် သက်ဆိုင်ပါသည်။ တပည့်တော်တို့မှာ မောင်နှမလေးယောက်ရှိပြီး ၎င်းဘုရားကျိုးကြီးကို အစ်ကိုကြီးက တာဝန်ယူရသည်။ အရှေ့ဆုံးကစေတီတော်ကို နှမငယ်က တာဝန်ယူရပါသည်။ အစ်ကိုငယ်မှာ ပတ္တမြားစေတီတော်၌ တာဝန်ယူရသည် ဘုရား' ဟု လျှောက်ထားပြီး ငွေများလှူဒါန်းပြီး ပြန်သွားကြပါသည်။ ဆရာတော်ကြီးမှာလည်း မြမျိုးနွယ်တို့လျှောက်တင်ချက်အတိုင်း ဘုရားနှစ်ဆူအား ပြုပြင်ပြီး စိန်စေတီနှင့် မြစေတီဟူ၍ ဘွဲ့တော်များ သတ်မှတ်ခဲ့ပါသည်။

စိန်စေတီပြုပြင်နေစဉ် ၎င်းအထဲမှ ဗုဒ္ဓရုပ်ပွားတော်အဆူ (၂၀)တော်၊ ဓာတ်တော်များ ပလ္လင်ကြီး၊ င၂စ်လုံးခန့်၊ အမတ်ကြီးတစ်ဦးပုံ တစ်ပုံ တွေ့ရှိခဲ့ပါသည်။ စေတီတော်ကြီးအား သန့်ရှင်းပြုပြင်စဉ် ပန်းရံဆရာကြီးဦးမာမက်မှာ တစ်ကိုယ်လုံး တုန်ယင်လာပြီး ဆရာတော်အား ပင့်ပေးပါဟု ပြောသဖြင့် ဆရာတော်ကြီး ရောက်ရှိလာသောအခါ 'ပတ္တမြားစေတီ၊ စိန်စေတီ၊ မြစေတီတို့၏ ဒါယကာ၊ ဒါယိကာမ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော မြန်နန်းစကြာရှင်နှင့်မြန်နန်းစကြာဒေဝီတို့သည် ဘုရားတည်ရသော ကုသိုလ်ကံကြောင့် ကျွတ်တန်းဝင်ပါပြီဘုရား' မှာ၍ တုန်ယင်သောအသံဖြင့် ပူးကပ်ပြောပြီး မကြာမီ လူကောင်းပကတိ ပြန်လည်သတိရလာပါသည်။

ယခုအခါ ဤထူးခြားဆန်းကြယ်သည့်ဖြစ်ရပ်များနှင့် တွေ့ကြုံပြီး စေတီတော်များကို မြမျိုးနွယ်စုတို့၏ လှူဒါန်းမှုကြောင့် တည်ပေးရသူ ဆရာတော်ကြီးမှာ တည်ငြိမ်အေးချမ်းစွာဖြင့် တရားဘာဝနာများကို ပွားများကာ ပတ္တမြားစေတီတော်ပေါ်၌ သီတင်းသုံးနေထိုင်သည်မှာ ယခုထက်တိုင် ရှိပါတော့သတည်း။ ထိုသို့အလွန်ထူးခြားသည့် နာမ်လောကသား မြမျိုးနွယ် မောင်နှမနှစ်ဦးတည်ထားသော ပရမေမြတ်ရှင် စေတီတော်များဖြစ်သည့် ပတ္တမြားစေတီ၊ စိန်စေတီ၊ မြစေတီများကို တစ်ခေါက်တစ်ခါ အရောက်လာ၍ ဖူးမြော်စေနိုင်ကြောင်း အဖြစ်မှန်ကလေးကို တင်ပြရင်း 'ထူးခြားတဲ့ စိန္တေရှင်ကို ထူးချင်ဖူးထား စိန်မြပတ္တမြားစေတီတော်များ၏ သမိုင်းကြောင်းကို ရေးသားလိုက်ရပါတော့သတည်း။

◆ ◆ ◆





# ဘုရားရှင်နှင့် ပါရမီဆက်များ

www.burmeseclassic.com

www.burmeseclassic.com

# ဘုရားရှင်နှင့် ပါရမီဆက်များ

ပါရမီဆက်ဆိုသည်မှာ မြတ်စွာဘုရား မဖြစ်တော်မူခင်၊ ဘုရားလောင်းအဆက်ဆက် ဘဝဌ တွေ့ဆုံခဲ့ကြပြီး အကျိုးအကြောင်းတရားနှင့် ဆက်စပ်ခဲ့ကြသော လူနတ်ဗြဟ္မာ သတ္တဝါများအစရှိသည့် ပုဂ္ဂိုလ်များဖြစ်ကြပါသည်။ ထိုပုဂ္ဂိုလ်များထဲတွင် ကျွန်မတို့ ယနေ့ဖူးမြော်ရသော မန္တလေးမြို့ရှိ မဟာမြတ်မုနိဘုရားကြီး၏ ဒါယကာဖြစ်သော၊ ရခိုင်ပြည့်ရှင် ဓညဝတီမြို့ကို ထီးနန်းအုပ်ချုပ်၍ စိုးစံခဲ့သော စန္ဒသူရိယမင်းကြီးနှင့် မြတ်စွာဘုရားရှင်တို့၏ ပါရမီဆက်အကြောင်းများမှာ ထူးခြားစွာပါဝင်ခဲ့ပါသည်။

ဒုတိယ ဓညဝတီမြို့ကို စိုးစံသော သိရိရာဇာမင်းနှင့် မိဖုရားကြီး ဒေဝီကုမ္မာရီတို့မှ ဘိုးတော်အဠ္ဌန မင်းဖြိုးကြွင်းသည့် မဟာသက္ကရာဇ် (၇၂)ခုနှစ်၊ ပြာသိုလပြည့်နေ့၏ နေဝင်လုဆဲဆဲ၊ လပေါ်သစ်ရဲရဲအချိန်တွင် ဖွားမြင်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



နေနှင့်လကိုဆောင်သည့် အတိတ်နိမိတ်ကိုယူ၍ စန္ဒသူရိယဟူ၍ အမည်မှည့်ခေါ်သော သားတော်တစ်ပါး ထွန်းကားခဲ့ပါသည်။ သားတော် စန္ဒာသူရိယသည် သက်တော် (၂၅)နှစ် မဟာသက္ကရာဇ် (၉၇)တွင် စန္ဒိမာလာနှင့် လက်ဆက်ကာ၊ ရွှေထီးရွှေနန်းကို သိမ်းမြန်းအုပ်စိုးတော်မူပါသည်။

ထိုအချိန့်တွင် အနောက်မဇ္ဈိမဒ္ဒ ဘုရားရှင်ပွင့်တော်မူပါသည်။ သက္ကရာဇ် (၁၀၃)ခုနှစ်၊ ဘုရားပွင့်တော်မူရာ၊ မဇ္ဈိမဒေသရှိ ရာဇဂြိုဟ်သည် ရခိုင်ပြည်နယ်စပ်ရှိ ဘဂီရနဒီမှ (၂၅၆)မိုင်ခန့်သာ ကွာဝေးတော်မူပါသည်။ ရခိုင်ပြည်မှ ကုန်သည်များသည် အနောက်မဇ္ဈိမဒေသသို့ ကုန်းကြောင်းရေကြောင်းတို့ဖြင့် ရောင်းဝယ်ဖောက်ကား သွားလာနေကြသဖြင့်၊ ဘုရားပွင့်တော်မူသည့်အကြောင်းကို တစ်ယောက်စကား တစ်ယောက်နားမှတစ်ဆင့် စန္ဒသူရိယမင်းကြီး ကြားသိတော်မူပါသည်။ ထိုသတင်းကိုကြားရသောအခါ စန္ဒသူရိယမင်းကြီး၏စိတ်ဝယ် ဘုရားရှင်အား ဖူးမြော်လိုသည့်စိတ်များ တဖွားဖွား ပေါ်ပေါက်ခဲ့သည်။ ဤသို့ ဘုရားရှင်၏ အမည်ကို ကြားရုံမျှဖြင့်၊ ဘုရားရှင်အား ဖူးမြော်လိုသည့်ဆန္ဒများပြင်းပြရခြင်းမှာ ဘဝများ အဆက်ဆက်က ဖြည့်





ဆီးခဲ့သော ပါရမီဆက်ကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ပုဏ္ဏားတော်တို့အားခေါ်ယူ၍ ဘုရားရှင်အား သွားရောက်ပင့်ဆောင်စေရာ ပုဏ္ဏားတော်များက ကြွမည်မဟုတ်ဟု လျှောက်တင်သဖြင့် ဆရာပုဏ္ဏားများအား တောသို့နှင်ထုတ်ရန် အမိန့်ထုတ်လေသည်။ ဘိုးတော် နရပတိဝင်စားက တောသို့နှင်မထုတ်အပ်ပါလျှောက်သော် ဘိုးတော်အား တောသို့နှင်ပြန်သည်။ မိဖုရားခေါင်ကြီးက ဘိုးတော်အား တောသို့နှင်မထုတ်သင့်ကြောင်း လျှောက်သောအခါ မိဖုရားခေါင်ကြီးအား တောသို့နှင်ပြန်သည်။ မြောက်နန်းမိဖုရား အဠွန်ဒေဝီက တောင်နန်းမိဖုရားအား နှင်ရန်မသင့်ကြောင်းလျှောက်ထားရာ ၄င်းမိဖုရားကို တောသို့နှင်ပြန်သည်။ မင်းကြီးသည် ဘုရားရှင်အား မဖူးတွေ့ရသဖြင့် မည်သူမျှ ဖျောင်းဖျ၍မရဘဲ ၄င်းနှင့်ဆန့်ကျင်သည်ဟု ထင်ရသော ပုဂ္ဂိုလ်များကို တောသို့နှင်ထုတ်နေသဖြင့် နန်းတွင်းသူ နန်းတွင်းသားများထဲတွင် မင်းကြီးအား ဖျောင်းဖျမည့်သူ တစ်ဦးမျှပင် မရှိဖြစ်နေပါသည်။

နောက်ဆုံးတွင် ပညာအရာနှင့်ပြည့်စုံပြီး စကားဆိုရာ၌ လိမ္မာယဉ်ကျေးသော မင်းကြီး၏နှမတော်ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ဥဒုမ္ဗရဒေဝီသည် မနေသာတော့ဘဲ မင်းကြီးအား ဤသို့ လျှောက်ထားပါသည်။

'အရှင်မင်းကြီး၊ ဘုရားရှင်သည် ဤဌာနသို့ရောက် အံ့သော အကြောင်းရှိလျှင် ဖူးရပါလိမ့်မည်၊ စိုးရိမ်ကြောင့်ကြ ခြင်းမဖြစ်ပါလင့်'

နှမတော် ဥဒုမ္ဗရဒေဝီ၏ စကားကို ကြားရသော အခါ မင်းကြီးသည် သတိသံဝေဂရ၍ ပညာရှိအမတ်ကြီး များအားခေါ်၍ တိုင်ပင်တော်မူပါသည်။

'အမတ်ကြီးများ ငါအရှင်မင်းမြတ်၌မြတ်စွာဘုရား သခင်အား ဖူးတွေ့လိုသော ဆန္ဒပြင်းပြလွန်းလှ၏၊ အသို့ပြု အံ့သော်ကောင်းအံ့နည်း'

'အရှင်မင်းကြီး၊ မြတ်စွာဘုရားအား ရည်မှန်း၍ တံခွန်ငါးရာ၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်တို့ဖြင့် ပူဇော်ပင့်ဖိတ်ပါလော့'

ပညာရှိအမတ်ကြီးများ အကြံပေးလျှောက်တင်သည့် အတိုင်း မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ခုနစ်ရက်တိုင် တိုင် တံခွန်ငါးရာ၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်တို့ ဖြင့် ပူဇော်ပင့်ဖိတ်တော်မူပါသည်။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်





ကျောင်းတော်၌ သီတင်းသုံးနေသော မြတ်စွာဘုရားရှင်သည် ကျွတ်သင့်ကျွတ်ထိုက်သော ဝေနေယျသတ္တဝါအပေါင်းတို့ကို ကရုဏာရှေ့ထား၍ ကြည့်တော်မူစဉ် စန္ဒသူရိယမင်းကြီး ပင့်ဖိတ်တော်မူသည်ကို မြင်တော်မူသဖြင့် ညီတော်အာနန္ဒ အား ခေါ်၍ မိန့်တော်မူပါသည်။ စန္ဒသူရိယမင်းသည် ငါ့ အား မဖူးတွေ့ရသော် ခန္ဓာပင်လျော့ကျအံ့တည်း။ ဘဝများ စွာ သံသရာကလည်း အကြောင်းတရားများနှင့် ဆက်စပ်မှု ပါရမီဆက်များရှိခဲ့ဖူးသောကြောင့်လည်းကောင်း၊ ဓညဝတီ ပြည်ရှိမင်းမိဖုရားအပါအဝင် တိုင်းသူပြည်သားများ သောတ ပတ္တိဖိုလ်၌ တည်ရန်လည်းကောင်း၊ ပဥ္စသီလရှိသော သရဏ ဂုံတည်ရန် လည်းကောင်း၊ ငါ၏ ကိုယ်စားရုပ်ပွားတော် မဟာမုနိကို သွန်းပြုကာ တည်ထားကိုးကွယ်ခြင်းဖြင့် ငါ ဘုရားထားတော်မူသော သာသနာငါးထောင်ပတ်လုံး လူနတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့ ကောင်းမှုတရား ပွားများနိုင်စေ ရန်အတွက် ဓညဝတီကြွအံ့ဟု ကြံတော်မူပါသည်။

စန္ဒသူရိယဘုရင်နှင့် တိုင်းသူပြည်သားများ မပင့်မီ ကပင်၊ ဘုရားရှင်သည် ရှေးနောင်တော်ဘုရားများနည်းတူ ကိုယ်ပွားတော်ရုပ်ထုကို တည်ထားရန် ဆန္ဒရှိခဲ့ဖူးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် လက်ဦးမဆွကပင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေစဉ်တွင် ဗိမ္ဗိသာရမင်းကြီးအား ငါပရိနိဗ္ဗာန်ဝင်ခဲ့လျှင် အမိုက်တိမ်တိုက်ဖြစ်၍ ကျန်ရစ်မည်။ မတရားမင်းများလျက် တရားမတရဂ်မိုဃ်ကွယ်မည်။ ဒုစရိုက်များ၍ အပါယ်လားမည်ဟု နိမိတ်ပြ ဟောကြားတော်မူခဲ့ဖူးလေသည်။ သို့သော် ဘုရားရှင်၏ နိမိတ်ပြဟောပြောချက်ကို ဗိမ္ဗိသာရမင်းကြီးသည် ပါရမီမပါသဖြင့် နားမလည်မသိရှိခဲ့ပေ။ ခပ်မဆိတ်သာ နေခဲ့ပါသည်။ နောင်တစ်ဖန် ကဿပလပြည့်နေ့၌ တရားဟောစဉ်ကလည်း ရှေးဘုရားတို့သည် နိဗ္ဗာန်ကူးမည်ပြုသောအခါ သာသနာကို လူ့ဘုံကျွန်း၌ထားရစ်ခဲ့ပြီး ဘုရားရှင်သည် အရောင်သဏ္ဌာန် ရုပ်ပွားတော် (ကိုယ်စားတော်)ကို သွန်းထားခဲ့ကြသည်။ ဘုရားရှင်သည် သာသနာရောင်ထွန်းလင်း၍ ဒါနပါရမီရှိသည့်အတိုင်း၊ အတိုင်းမသိ အကျိုးရှိခဲ့သည်ဟု နိမိတ်ပြလှစ်ကျူးခဲ့သော်လည်း ဗိမ္ဗိသာရမင်းကြီးမှာ နှုတ်မဟခဲ့ချေ။ ဤသို့ပြုလုပ်ရန် ပါရမီဆက်ပါမလာရကား မည်သို့မျှ နှုတ်ဖွင့်မဟနိုင်ချေ။ မြတ်စွာဘုရားရှင်၏ ကိုယ်ပွားတော်သွန်းရန် ပါရမီဆက်ပါသူကား မဥ္ဇဝတီပြည့်ရှင် စန္ဒသူရိယမင်းပင်ဖြစ်ပါသည်။





စန္ဒသူရိယမင်းသည် ယခု ဘုရားရှင်လက်ထက်တော်မှ ကိုယ်ပွားတော်သွန်းခဲ့ခြင်းမဟုတ်၊ ဘဝအဆက်ဆက်ကပင် (မြတ်စွာဘုရား နှစ်ဆူကာလ) မြတ်စွာဘုရားလောင်းနှင့် ရင်းနှီးကျွမ်းဝင်ကာ၊ ဘုရားအလောင်းတော်၏ ရုပ်ပုံကို ကိုယ်ပွားတော်အဖြစ် သွန်းလုပ်ပူဇော်ခဲ့သော ဘုရားရှင်နှင့် စန္ဒသူရိယမင်းတို့၏ ပါရမီဆက်များ-

(၁) ဘုရားလောင်းသည် ကလိင်္ဂပြည်တွင် ဗြဟ္မာဘာဝီမင်းဖြစ်စဉ်၊ စန္ဒသူရိယ အလောင်းသည် ဓေယျနန္ဒီ အမတ်ကြီးဖြစ်၍ အကျွမ်းတဝင်ရှိခဲ့ဖူးသည်။ အလောင်းတော်က တောထွက်အံ့ဟု အမတ်ကြီးအား ထီးနန်းလွဲအပ်ရာ၊ စန္ဒသူရိယအလောင်း အမတ်ကြီးသည် လက်မခံဘဲ နောက်တော်ပါးမှလိုက်ကာ ရသေ့ဘဝဖြင့် အလောင်းတော်အား ပြုစုလုပ်ကျွေးခဲ့လေသည်။

(၂) ဗာရာဏသီပြည်တွင် ဘုရားလောင်းသည် ဗေဒင်အရာ၌ အထူးကျွမ်းကျင်သော ပုဏ္ဏားတစ်ဦး၏သားတစ်ဖော်ဖြစ်ခဲ့ရာ စန္ဒသူရိယအလောင်းသည် နွားကျောင်းသားဖြစ်ခဲ့သည်။ တစ်နေ့၌ သူခိုးဓားပြများက စန္ဒသူရိယအလောင်း နွားကျောင်းသား၏ နွားများ ဝှက်ထားခဲ့ပါသည်။ နွားများ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ဆုံးနေသည့်အတွက် နွားကျောင်းသားလေးမှာ များစွာ သောကရောက်လျက် ဒေါင်းတောက်အောင် ရှာပါသော်လည်း မတွေ့ရချေ။ ထိုစဉ် ဘုရားလောင်း ပုဏ္ဏားငယ်က ဗေဒင်တွက်ပေးသဖြင့် နွားများ ပြန်လည်ရခဲ့ပါသည်။ ထိုကျေးဇူးကြောင့် တစ်ဦးနှင့်တစ်ဦး မိတ်ဆွေဖြစ်ကာ ဘုရားလောင်းထံ၌ အလုပ်အကျွေးပြုခဲ့ပါသည်။ ပုဏ္ဏားငယ်လေးမှာ မလွဲမရှောင်သာ၍ တစ်ပြည်တစ်ရွာသို့ သွားရသောအခါ ၎င်း၏ကိုယ်စား ရုပ်ကလေးပြုလုပ်ကာ ထားခဲ့ရလေသည်။ ထိုရုပ်တုလေးကို တစ်နေ့လျှင် သုံးကြိမ် ပူဇော်ခဲ့ပါသည်။ ထိုပါရမီဆက်သည် ဂေါတမဘုရားရှင် ဖြစ်တော်မူသောအခါ ကိုယ်ပွားတော် ပူဇော်ခွင့်ရခြင်း၏ အကြောင်းတစ်ရပ်ပင် ဖြစ်ပါသည်။ ထိုနွားကျောင်းသားဘဝ၌ အိပ်ရာဝင်စဉ် ညောင်ပင်စောင့်နတ်က မနာလိုဖြစ်ကာ ထိုရုပ်တုလေးကို ဖုံးကွယ်ဖျောက်ပစ်သဖြင့်၊ ယူကျုံးမရဖြစ်ကာ ဘဝဆုံးသည်အထိ ဖြစ်ခဲ့ရပါသည်။ ဤနွား ကျောင်းသားဘဝကပင် ဘုရားလောင်းကို လွန်စွာ ချစ်ခင်ခဲ့သော ပါရမီဆက်တစ်ရပ် ဖြစ်ခဲ့ပါသည်။

(၃) ထိုမှလွန်၍ ဘုရားလောင်းတော်သည် ဟိမဝန္တာ





တော၌ ရသေ့ဖြစ်စဉ်၊ စန္ဒသူရိယမင်းလောင်းသည် မင်းဖြစ်ခဲ့ဖူးသည်။ ထိုမင်းကြီးသည် တောကစားထွက်ရင်း ရသေ့ကြီးကို မြင်လျှင်မြင်ချင်း ဘဝဆက်မှ ပါရမီကြောင့် အလွန်ကြည်ညိုစိတ်များပွားကာ သားကောင်များ သတ်ဖြတ်ခြင်းမှ စွန့်လွှတ်ကာ၊ ရသေ့ကြီးထံ အလုပ်အကျွေးပြုလေသည်။ ရသေ့ကြီးအား တိုင်းပြည်သို့ပင့်သော်လည်း လက်ခံသဖြင့် ခုနစ်ရက်ပတ်လုံး၊ ဆွမ်း၊ ပန်း၊ ရေချမ်း အစရှိသည်တို့ကို ကပ်လှူဒါန်းခဲ့ပါသည်။ ထိုဘဝ၌ ဤကဲ့သို့ ဆွမ်း၊ ပန်း၊ ရေချမ်း လှူဒါန်းရသော အကြောင်းကြောင့်၊ ဘုရားစင်စစ် ဧကန်ပွင့်သောအခါ ဖူးတွေ့ရလို၏။ နိဗ္ဗာန်သို့ ကြွသွားတော်မူသောအခါလည်း သာသနာတော် အရှည်တည်တံ့ရေးအတွက် ကိုယ်စားတော် တည်ထားခွင့်ရပါလို ၏ဟူ၍ ဆုတောင်းခဲ့ဖူးပါသည်။

(၄) အခြားဘဝတစ်ခုတွင် ဘုရားလောင်းတော်သည် ဟိမဝန္တာတောရှိ ရွှေပဗ္ဗတတောင်တော်တွင် ရသေ့ဖြစ်၍ တရားအားထုတ်နေစဉ် စန္ဒသူရိယ မင်းအလောင်းတော်သည် မုဆိုးဖြစ်ကာ သားကောင်များကို လိုက်လံဖမ်းဆီးနေခိုက်၊ မျက်စိလည်လမ်းမှားကာ ရသေ့ကြီးနှင့်တွေ့



www.burmeseclassic.com

www.burmeseclassic.com



ဆုံပြီး ခရီးလမ်းကို ညွှန်ပြသဖြင့် လမ်းမှန်သို့ရောက်ခဲ့ဖူးလေသည်။ ထိုအကြောင်းတရားကြောင့် ကျေးဇူးအထူးတင်ကာ၊ ဆွမ်းမပြတ်လှူလိုကြောင်း ပြောသောအခါ ရွှံ့ဖြင့်ပြုလုပ်ထားသော ကိုယ်စားရုပ်တုကို ပြုလုပ်ပေးခဲ့သည်။ ဘဝဆက်တိုင်းလည်း ပူဇော်ခွင့်ရရန် ဆုတောင်းခဲ့ဖူးပါသည်။

(၅) ထိုဘဝမှ တစ်ဖန်ပြန်လွန်သော် ဘုရားလောင်းတော်သည်၊ မဟာဇနကမင်းကြီး၏သားတော် ဖြစ်လေသည်။ မင်းသားသည် ရဟန်းတစ်ပါးဖြစ်၍ စန္ဒသူရိယ အလောင်းတော်သည် မဏိစုတ္တရပြည်၊ ထိုရဟန်းအားပင့်၍ ကျောင်းဆောက် လှူဒါန်းတော်မူခဲ့ပါသည်။ ရဟန်းကြီးက ကိစ္စကြီးငယ်ရှိ၍ တစ်ရပ်တစ်ရွာသို့သွားသော်၊ ခွဲခွာမနေလို၍ ရဟန်းကြီးအား လျှောက်ထားသောအခါ ရဟန်းကြီးက ၄င်းကိုယ်စား ရုပ်တုငယ်ပြုလုပ်၍ ပူဇော်စေခဲ့ပါသည်။

ထိုသို့ ဘုရားအလောင်းတော် ဘဝအဆက်ဆက်ကပင် အလောင်းတော်အား ကြည်ညိုချစ်ခင်ကာ၊ ရုပ်တုငယ်သွန်းပြု၍ ပူဇော်ရသော ပါရမီဆက်များကြောင့် မြတ်စွာဘုရားရှင် ပွင့်တော်မူသောအခါ သာသနာ့ဒါးထောင်ထားရစ်ခဲ့သော လှူဘုံခန်းဝါတွင် မြတ်စွာရှင်၏ ကိုယ်စား





တော် ထုလုပ်သွန်းခွင့်ရသော တစ်ဦးတည်းသော ပါရမီရှင်အဖြစ်၊ စန္ဒသူရိယမင်းမှာ ဓညဝတီပြည်တွင် ထင်ရှားကာ ပေါ်ပေါက်လာခဲ့ရပါသည်။ ထို့ကြောင့် ပါရမီဆက်များရှိမှသာလျှင် နောက်နောင်၌လည်း သာသနာ၏အကျိုးကို သယ်ပိုးခွင့်ရရှိမည်ဖြစ်သဖြင့် သူတော်စင်ပါရမီရှင်များဖြစ်ရန် ပါရမီဆက်ရရန် အလွန်အရေးကြီးကြောင်း တင်ပြလိုက်ရပါသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# လူတစ်ယောက်၏ ဘဝနှစ်ခုပြဿနာ

လူ့လောကကြီး၌ ကံဇာတ်ဆရာ၏အကွေ့အကောက် မသိသာသော ကံကြမ္မာတစ်ခု၏ လှည့်စားချက်တို့ကြောင့် ထူးဆန်းသည့် အကြောင်းတရားတို့ ဖြစ်ပေါ်တတ်ပါသည်။ သဘာဝတရားအတိုင်း ဖြစ်ရိုးဖြစ်စဉ်မဟုတ်သော သဘာဝ လွန်ဖြစ်ရပ်တို့နှင့်လည်း ကျွန်ုပ်တို့ တစ်ခါတစ်ရံ တွေ့ကြုံရ တတ်ပါသည်။ သို့သော်လည်း လူတစ်ထောင်တွင် တစ် ယောက်ဖြစ်ခဲလှသော အဖြစ်အပျက်တစ်ခုမှာ ဒလကွမ်းခြံ ကုန်းသွား ကားလမ်းပေါ်ရှိ တောကြီးတန်းရွာကြီးတစ်ရွာ ၌ ဖြစ်ပွားခဲ့ဖူးပါသည်။ ထိုဖြစ်ရပ်မှာ ထူးခြားအံ့သြဖွယ် ကောင်းသည့် ဖြစ်ရပ်ဆန်းတစ်ခုဖြစ်သဖြင့် ကြားသိရသူ အပေါင်းမှာ ရင်သပ်ရှုမော အံ့သြမကုန်နိုင် ဖြစ်ခဲ့ရပါသည်။ ထိုဖြစ်ရပ်ဆန်းမှာ ဖြစ်ရပ်တစ်ခု ဖြစ်ပွားရုံမဟုတ်ဘဲ ပဟေဠိ တစ်ပုဒ်သဖွယ် ရှုပ်ထွေးနေသည့် ပြဿနာတစ်ခု ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ရွာသူရွာသားများနှင့်တကွ စာရေးသူတို့ပါ ပဟေဠိကိုအဖြေညှိရန်အတွက် ခေါင်းဖြူလုနီးပါး အကြံထုတ်ခဲ့ရသည့် ဉာဏ်စမ်းပုစ္ဆာတစ်ပုဒ် ဖြစ်ခဲ့ပါသည်။

ဖြူစင်ရိုးသားသည့် တောသူတောင်သား မိသားစုတစ်စုတွင် သဘာဝတရား၏ ထူးဆန်းသော လှည့်စားချက်တစ်ခုကြောင့် ရွာဦးဆရာတော်ကြီးလည်း မနေရ၊ ရွာသူကြီးလည်း မကြုံစဖူး အကြုံထူးသည့်ဖြစ်ရပ်အတွက် ခေါင်းခြောက်ရဆိုသကဲ့သို့ ဖြစ်ခဲ့ရပါသည်။ ထိုဖြစ်ရပ်ဆန်းဖြစ်ပွားရာ ရွာနှစ်ရွာရှိ ရွာသူရွာသားများမှာ လယ်တောဆင်းလည်း သည်အကြောင်း၊ ရွာထဲရောက်လည်းသည်အကြောင်း ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်ခဲ့ရပါသည်။ ဤမျှရှုပ်ထွေးပြီး ဖြေရှင်းရခက်သည့် အကြောင်းအရာမှာ ဦးထွန်းအုံနှင့် ဒေါ်ခင်နွဲ့တို့၏ မိသားစုမှ စသည်ဟုဆိုရပေမည်။ ထိုသဘာဝအလွန် ပဟေဠိတစ်ပုဒ်အတွက် ကျွန်ုပ်တို့ပေးခဲ့သော အမည်မှာ 'သူတစ်ယောက်၏ ဘဝနှစ်ခုပြဿနာ' ပင် ဖြစ်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော် အချိန်ကာလတစ်ခုတွင် ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်ဆန်းကြယ်တစ်ခုအတွက် အတိတ်၏အရိပ်သဖွယ် ပြန်လည်သတိရစေသည့်





အကြောင်းမှာ 'မောင်မိုးခိုင်' ကြောင့်ဟုပင် ဆိုချင်ပါသည်။

တနင်္ဂနွေနံနက်ခင်း…။

စာရေးသူ၏ အိမ်သို့ မမျှော်လင့်သော ဧည့်သည်တစ်ဦး ရောက်ရှိလာခဲ့ပါသည်။ သူကား ဤဇာတ်လမ်း၏ အဓိကဇာတ်ကောင်ဖြစ်သော မောင်မိုးခိုင်ပင် ဖြစ်ပါသည်။ မောင်မိုးခိုင်သည် အလွန်ကြီးမားသော ပိန္နဲသီးကြီးတစ်လုံးအား ထမ်း၍ စာရေးသူ၏ အိမ်သို့ရောက်ရှိလာခဲ့ပါသည်။

'အန်တီယွန်း၊ နေကောင်းတယ်နော်'

'ဪ… မောင်မိုးခိုင်ပါလား၊ နေကောင်းပါတယ်၊ လာ… လာ'

'မေမေက အန်တီယွန်းအတွက် ပိန္နဲသီးပို့ခိုင်းလို့ လာပို့တာပါ'

မောင်မိုးခိုင်သည် ပြောပြောဆိုဆို ကြီးမားလှသည့် ပိန္နဲသီးကြီးအား စာရေးသူ၏ရှေ့၌ ချလိုက်ပါသည်။

'ပိန္နဲသီးကြီးက တော်တော်ကြီးကာပဲ၊ ဒုက္ခရှာလို့ မောင်မိုးခိုင်ရယ်၊ ဟိုဘက်ကမ်းကတောင် သယ်လာရတယ်ဆိုတော့ တော်တော်လေးမှာပဲ'

'ရပါတယ် အန်တီယွန်းရယ်၊ အန်တီယွန်းရဲ့ကျေး



www.burmeseclassic.com

www.burmeseclassic.com



ဖူးတာရားတွေဟာ အများကြီးရှိတယ်လို့ ခဏခဏ ပြောပါတယ်'

'မပြောပလောက်ပါဘူး ကလေး၊ အကြောင်းအရာတစ်ခုကိုစဉ်းစားရင်း အဖြေမှန်ရသွားတဲ့သဘောပါ၊ဪ… မမနွဲ့… မမနွဲ့၊ နှစ်ပေါင်းနှစ်ဆယ်ကျော် ကြာခဲ့တာတောင် မမေ့နိုင်သေးဘဲကိုး'

စာရေးသူလည်း ဤသို့ပြောဆိုရင်း မမနွဲ့ကိုသတိရမိခဲ့ပါသည်။

မောင်မိုးခိုင်ကို တွေ့လိုက်ရသောအခါ လွန်ခဲ့သောအနှစ်နှစ်ဆယ်ကျော်ခန့်က ထူးခြားအံ့ဩဖွယ်ကောင်းသည့် အဖြစ်အပျက်ကလေးတစ်ခုကို ရုပ်ရှင်ပြသည့်နှယ် တရေးရေး ပြန်လည်မြင်ယောင်လာခဲ့ပါသည်။ (ဤသည်မှာ ဖြစ်ရပ်မှန်တစ်ခုဖြစ်ပြီး ကာယကံရှင်များမှ ယခုထက်တိုင်သက်ရှိထင်ရှား ရှိနေပါသဖြင့် ထိုသူများ၏ဆန္ဒအရ ရွာကြီးများ၏အမည်ကို ချန်လှပ်ထားရပါသည်။)

မောင်မိုးခိုင်၏ ယခုဘဝတွင် မွေးဖွားအမေတော်စပ်သူမှာ စာရေးသူ၏ အစ်မဝမ်းကွဲဖြစ်သည့် ဒေါ်ခင်နွဲ့ဖြစ်ပြီး တောကြီးတန်း ချက်မြှုပ်ရွာသူတစ်ဦး ဖြစ်ပါသည်။ တောသူ





တောင်သားပီပီ ကျေးဖူးတရားကို အင်မတန် ဦးထိပ်ထားသူတစ်ဦး ဖြစ်ပါသည်။ စာရေးသူအား ကျေးဖူးရှိသည်ဟုဆိုကာ ငှင်းခြံမှထွက်ရှိသော ခြံထွက် သီးနှံများပေါ်သည်နှင့် တစ်ပြိုင်နက် ပေးပို့တတ်ပါသည်။ လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ်ကျော်ခန့်ကလည်း သည်လို ပိန္နဲသီးကြီးမျိုးကို ပိုက်၍ဝမ်းနည်းကြေကွဲစွာဖြင့် ထိုတောကြီး တန်းရှိ အစ်မနွဲ့တို့ရွာမှ စာရေးသူ ပြန်လာခဲ့ရဖူးပါသည်။

လေရူးသော့သော့တွင် ဖုန်မှုန့်များ ပြန့်လွင့်နေသော နွေဦးကာလ၏ တစ်ခုသောညနေခင်း…

စာရေးသူသည် ရန်ကုန်မြို့မှ အစ်မဝမ်းကွဲရှိရာ တောကြီးတန်းသို့ သွားရောက်လည်ပတ်ခဲ့ပါသည်။ စာရေးသူအား ဤတောကြီးတန်းတစ်လျှောက်ရှိ သမိုင်းဝင်ခဲ့သည့် နေရာများနှင့် ရှေးဟောင်းစေတီတော်များအားလုံး လိုက်လံပြသခဲ့ပါသည်။ စေတီတော်များ၏ သမိုင်းကြောင်းကို လေ့လာရင်း ကြည်ညိုစွာ ဖူးမြော်ခဲ့ပါသည်။ သောကြာနေ့ ညနေ တရောက်ရှိပြီး စနေနေ့တွင် ညအိပ်ကာ တနင်္ဂနွေနေ့ညနေ တွင် စာရေးသူပြန်လေ့ရှိပါသည်။

ယနေ့သည် တနင်္ဂနွေနေ့ ဖြစ်သဖြင့် ဤညနေတွင်



www.burmeseclassic.com

www.burmeseclassic.com



စာရေးသူအိမ်သို့ ပြန်ရပေမည်။ အစ်မဖြစ်သူ သူ၏ခြံထွက်ဖြစ်သော ပိန္နဲသီးကြီးအား စာရေးသူ၏မိခင်ကြီးစားရန်အတွက် လက်ဆောင်ပေးခဲ့ပါသည်။ စာရေးသူလည်း သည်ညနေတွင် ပြန်မည်ဖြစ်၍ အစ်မဖြစ်သူနှင့် အိမ်ရှေ့ရှိကွပ်ပျစ်ပေါ်တွင် ထိုင်ရင်း စကားစမြည်ပြောနေခဲ့ပါသည်။

နံနက် (၉)နာရီခန့်အချိန်တွင် ရွာ၏အရှေ့ပိုင်းမှ ကျွဲအုပ်တစ်အုပ် လာနေသည်ကို စာရေးသူ လှမ်းတွေ့နေပါသည်။ စာရေးသူတို့ ထိုင်နေသော ကွပ်ပျစ်နှင့် မလှမ်းမကမ်းရှိ ထိန်ပင်ကြီးအောက်၌ အစ်မ၏သားကလေး မောင်လှမြင့်မှာ လောက်လေးတစ်လက်နှင့် ဟိုပစ်သည်ပစ် လုပ်နေပါသည်။ ထိုစဉ်က ထိုကလေး၏ အသက်မှာ ဆယ်နှစ်ကျော်ခန့်ရှိပါသည်။

မောင်လှမြင့်ကလေးမှာ စာကလေးကိုလောက်လေးနှင့်ပစ်ခိုက် လွဲချော်ကာ ကျွဲအုပ်အတွင်းမှ ကျွဲငယ်ကလေး၏ ဦးခေါင်းကို ဒေါက်ခနဲနေအောင် ထိမှန်ပါတော့သည်။ ထိုအခါ ကျွဲကလေးမှာ နာလွန်းသဖြင့် ဆွဲဆွဲငင်ငင် အော်ဟစ်လိုက်ပါသည်။

'ညွန်… ညွန်… ညွန်'





ထိုစဉ် ကျွဲထီးကြီးမှာ မိမိ၏ကျွဲသားပေါက်ကလေး၏အော်သံကြောင့် မောင်လှမြင့်ကို စိမ်းစိမ်းကြီး ရပ်ကြည့်ခိုက် မောင်လှမြင့်မှာ ကျွဲထီးကြီးအား လောက်လေးဖြင့်ထပ်ပစ်လိုက်ပါသည်။

'ရှူး… ရှူး… ရှူး…'

ကျွဲထီးကြီးမှာ မည်သို့ဖြစ်သွားသည်မသိ။ ရှူးရှူးရှားရှားနှင့် ဒေါသအလွန်ထွက်သွားပုံရပြီး နောက်ခြေနှစ်ချောင်းဖြင့် ခွာစုံယက်ကာ ရှေ့ခြေနှစ်ချောင်းအား ညွတ်ကွေးပြီး ကဆုန်ပေါက်ကာ မောင်လှမြင့်ဆီသို့ တရှိန်ထိုးပြေးလာပါတော့သည်။ စာရေးသူသည် အဖြစ်သနစ်၏ အစအဆုံးကို တွေ့လိုက်သည့်အတွက် ဤကျွဲစီး၏အန္တရာယ်ကို သိလိုက်သဖြင့် လှမ်းအော်၍ သတိပေးလိုက်ပါသည်။

'မောင်လှမြင့်… ပြေး… ပြေး… ကျွဲထီးကြီး လာနေပြီ'

စာရေးသူ၏ သတိပေးသံကို ကြားသဖြင့် မောင်လှမြင့်ကိုလည်း ပြေးမိပြေးရာ အနီးအနားဆုံးရှိထိန်ပင်ကြီး၏ အနီးသို့ ရောက်ချိန်တွင် ကျွဲထီးကြီးမှာ မီသလောက်ဖြစ်လာပါသည်။ ထိုသို့ အနီးဆုံးနေရာသို့ ကျွဲထီးကြီးရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ထိန်ပင်ပေါ်သို့ တက်ပြေးရန်အတွက် ထိန်ပင်ကြီးအား ဖက်၍တက်နေစဉ် ကျွဲထီးကြီး၏ ကျွဲချိုဖြင့်ကော်၍ ထိုးစိုက်လိုက်ရာ သွေးများဖြာခနဲ ပန်းထွက်လာပါသည်။

'အမယ်လေး… သေပါပြီ၊ မောင်လှမြင့်ရေ… သားလေး'

အစ်မနွဲ့မှာ အော်ရင်းပြေးလာခဲ့ပါသည်။ စာရေးသူလည်း အစ်မနှင့်အတူ ပြေးလာရာ မောင်လှမြင့်အနီးသို့ ရောက်လာခဲ့ပါသည်။ အငြိုးကြီးသည့်ကျွဲကြီးမှာ ဘယ်ချိုနှင့် မောင်လှမြင့်၏ ဝမ်းဗိုက်ကို ထိုးစိုက်ပြီးညာချိုကိုယမ်းကာ ကျန်နေရာသို့ ထိုးစိုက်လိုက်သည့်အတွက် ထိန်ပင်နှင့် ကျွဲချိုကြားတွင် မောင်လှမြင့်ကလေးမှာ မတ်တတ်ရပ်လျက်သား ထုတ်ချင်းပေါက် သွေးအိုင်ထွန်းသွားပါသည်။

'ဟဲ့… ကျွဲ… ဟဲ့… ကျွဲ'

စာရေးသူတို့နှစ်ယောက်မှာလည်း ဟိုကျွဲကြီးအား နီးရာတုတ်ကို ကောက်ကာ ခြောက်ရပါတော့သည်။ သို့သော်လည်း ကျွဲကြီးမှာ ၎င်း၏ဦးခေါင်းကိုနှဲ့ကာ အငြိုးကြီးစွာ ခါယမ်းနေသည့်အတွက် မောင်လှမြင့်ကလေးမှာ အူများ အထွေးလိုက်ကျလာပြီး 'အမေ' ဟုသာ တစ်ခွန်းတည်းအော်





ဟစ်နိုင်ခဲ့ကာ ဇက်ကျိုးသွားပါသည်။

ထိုအခါမှ ကျွဲထီးကြီးသည် ထိန်ပင်၌စိုက်ဝင်နေသော ကျွဲချိုကိုနုတ်ယူကာ လာရာလမ်းသို့ တရှိန်ထိုးပြေးသွားပါသည်။ အဖြစ်အပျက်မှာ မြန်ဆန်လွန်းလှပါသည်။ မောင်လှမြင့်ဆီသို့ ပြေးသွားသောအခါ အသက်ဝိဉာဉ်ကင်းမဲ့နေသော ရုပ်ခန္ဓာကိုသာ ရလိုက်ပါသည်။ မောင်လှမြင့်ကလေး၌ တစ်ကိုယ်လုံးပေါက်ပြဲကာ ခန္ဓာကိုယ်အတွင်းကလီစာများ ထွက်ကုန်သဖြင့် ကလေးငယ်၏ရုပ်အလောင်းမှာ မြင်ရက်စရာမရှိပေ။

တစ်ဦးတည်းသားကလေး မောင်လှမြင့်၏အဖြစ်ဆိုးကို မြင်ရသည့်အတွက် အစ်မ မခင်နွဲ့မှာ ယူကျုံးမရဖြစ်ကာ သားကလေး၏အလောင်းကို ပိုက်ကာ ငိုရင်းနေပါတော့သည်။

'သားလေး… သားလေး အဖြစ်ဆိုးလှချည်လား သားလေးရယ်'

ကလေးအလောင်းကို ပိုက်ကာငိုရင်း အလွန်ပင်ကြေကွဲဝမ်းနည်းလွန်းသည့်အတွက် တက်သွားကာ မေ့မြော သွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'အစ်မနွဲ့... အစ်မနွဲ့... သတိထားပါဦး'

စာရေးသူမှာ အစ်မနွဲ့နှင့်တူကလေးကိုပွေ့ကာအစ်မနွဲ့အား သတိပေးနေချိန်တွင် အစ်မနွဲ့၏ခင်ပွန်း ဦးထွန်းအုံမှာ ပြေးလာပြီး ၎င်းတို့နှစ်ဦးအား ထွေးပွေ့ထားလိုက်ပါသည်။

'သားလေး... အနွဲ့... သားလေ၊ သေပြီလား လုပ်ကြပါဦး'

ဦးထွန်းအုံမှာ ဇနီးနှင့်သားကလေးကို ပွေ့ထားရင်း သွေးရူးသွေးတန်း အော်ဟစ်နေပါသည်။ ထိုစဉ် ရွာသူရွာသားများ ရောက်ရှိလာပြီး နှစ်ဦးစလုံးကို ပွေ့ကာ အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် တင်ကာ အစ်မနွဲ့အား သတိရစေရန် ယပ်ခတ်ပေးခြင်း၊ ရှူဆေးရှူခြင်း စသည်တို့ဖြင့် ပြုစုကာ အလုပ်ရှုပ်သွားခဲ့ပါသည်။

မကြာခင်တွင် အစ်မနွဲ့ သတိပြန်ရလာသော်လည်း သားကလေး၏ အဖြစ်ဆိုးအတွက် ငိုရင်းတက်ရင်းဆိုသလို ဖြစ်ခဲ့ပါသည်။ ဤသို့ဖြင့် ကံကြမ္မာက ရက်စက်စွာ မောင်လှမြင့်ကလေး၏ အသက်ဇီဝိန်ကို ချွေယူသွားခဲ့ပါသည်။

ဆွမ်းခံရင်းငှက်သင့်ဆိုသလို စာရေးသူရောက်ရှိခိုက်တွင် မမျှော်လင့်ဘဲ အဖြစ်ဆိုးနှင့်ကြုံတွေ့ရသော သားငယ်





ကလေးမောင်လှမြင့်၏ဈာပနအတွက် ကောင်းမွန်စွာသင်္ဂြိုဟ်ပေးခဲ့ရပါသည်။ စာရေးသူလည်း ရုံးသို့ခွင့်တင်နိုင်းကာ ထိုရွာကလေး၌ ရက်လည်သည်အထိ နေခဲ့ရပါသည်။ အိမ်သို့အပြန်တွင် အစ်မနွဲ့တို့ခြံ၌သီးနေသော ပိန္နဲသီးကြီးကိုပေးလိုက်သဖြင့် မယူချင်သည့်အတွက် အတန်တန်ငြင်းသော်လည်း မရသည့်အဆုံးတွင် ပိန္နဲသီးကြီးကိုပိုက်ကာ ငိုရှိုက်ရင်း ထိုမှ ဒလဆိပ်ကမ်းသို့လည်းကောင်း၊ တစ်ဖက်ကမ်းသို့ကူး၍ ရန်ကုန်သို့ပြန်ခဲ့ရပါသည်။ ထိုစဉ် စာရေးသူတို့မှာ လှေငယ်ကလေးဖြင့် ကူးခဲ့ရပါသည်။ ကူးခအဖြစ် တစ်ကျပ်သာပေးခဲ့ရပါသည်။

ငိုယို၍ပြန်လာသော စာရေးသူကို အမေက ထိတ်လန့်စွာ မေးခဲ့ပါသည်။ အကြောင်းစုံကို ရှင်းပြသောအခါ အမေလည်း လွန်စွာ စိတ်မကောင်းဖြစ်ရပါသည်။

'မောင်လှမြင့်ကလေးရဲ့ အဖြစ်ကလည်း ဆိုးလွန်းသကွယ်၊ ကောင်းရာသုဂတိလားပါစေ ကလေးရယ်'

အမေလည်း ဘုရားရှေ့တွင် မောင်လှမြင့်အတွက် တိုင်တည်ဆုတောင်းပေးခဲ့ပါသည်။ အစ်မနွဲ့ကတော့ အရူးတစ်ပိုင်း ဖြစ်နေရှာပါသည်။ နေ့စဉ်ငိုကြွေးကာ သားကလေး



www.burmeseclassic.com

www.burmeseclassic.com



အား တမ်းတနေပါတော့သည်။ ခဲအိုဖြစ်သူ ဦးထွန်းအုံမှာ စာရေးသူအားမှာသဖြင့် စနေ၊ တနင်္ဂနွေ အစရှိသည့် ရုံးပိတ်ရက်များတွင် ထိုသို့သွားကာ အစ်မနွဲ့အား အားပေးစကားပြောခဲ့ရပါသည်။ သို့သော်လည်း ညနေသို့ရောက်ပြီဆိုလျှင် ထိုထိန်ပင်သွားကာ ငိုယိုတိုင်တည်ခဲ့ပါသည်။

'သား… လူလေး… မောင်လှမြင့်၊ အမေ့ဆီကို ပြန်ခဲ့ပါကွယ်'

'အစ်မနွဲ့ရယ်၊ တရားနဲ့ဖြေပါ၊ သေတဲ့သူလည်းပြန်ရှင်မလာတော့ပါဘူး၊ အစ်မရဲ့ကျန်းမာရေးကို ဂရုစိုက်ပါ'

'မရတော့ဘူး ယွန်းရေ၊ အစ်မနွဲ့ သေချင်သေပလေ့စေ၊ သားလေးဆီကို လာပြီးငိုမှာပဲ'

အစ်မနွဲ့မှာ မည်သူတရားပြပြ တရားမရခဲ့ပေ။ သူမ၏အလုပ်မှာ ညနေစောင်းလျှင် ထိန်ပင်သို့သွားကာ ငိုရမည်ဟု စိတ်ထဲမှာစွဲထားပုံရသည်။ နေစဉ်ငိုရင်း ညဉ့်နက်မှအိမ်သို့ပြန်လေ့ရှိသည်။ ထိုသို့ ငိုကြွေးနေသော ညတစ်ညတွင်…

'သားရေ… အမေ့ဆီကို ပြန်လာခဲ့ပါကွယ်၊ အမေစောင့်နေမယ်'

ထိုသို့ပြောနေစဉ် လေပွေတစ်ခုတိုက်လာပြီးကတော့





သည့်သဖွယ် ထိန်ပင်ရှေ့တွင် ပတ်ချာဝိုင်းကာလည်နေပြီး ဖြည်းဖြည်း အစ်မနွဲ့ဆီသို့ ဝိုင်းလည်ကာ ရောက်လာ့လား တော့သည်။ ဤအရပ် ဤဒေသ၌ လေပွေသေးကလေး ပေါ်ပြီး ရွေ့လျားသွားသည်မှာ မကြာခဏ ဖြစ်ပေါ်ရလည်း အဆန်းမဟုတ်သော်လည်း ဤလေပွေကို စာရေးသူ၏ ကြည့်ရင်း ကြက်သီးများ ထလာပါသည်။ စာရေးသူ့ရှေ့ တပင် ငှက်ဖျားရောဂါ အခံရှိသဖြင့် လေကြမ်းကြမ်း တိုက်လျှင် ဤသို့ ကြက်သီးထတတ်သည်ဟု မှတ်ယူလိုက် သည်။ အစ်မနွဲ့၏လက်မောင်းကို လှမ်းကြည့်လိုက်သော ခါတွင်လည်း ကြက်သီးများဖြင်း ဖြင်းထနေသည်ကို တွေ့ သည့်အတွက် ထူးခြားသည်ဟု ထင်မိပါသည်။

နောက်တစ်နေ့ နံနက်စောစော–

အစ်မနွဲ့က စာရေးသူအားနိုးကာ ပြုံးရွှင်သောမျက် ထားနှင့် စကားပြောပါသည်။ စာရေးသူလည်း အစ်မနွဲ့ ပြုံးရွှင်သော မျက်နှာကိုမမြင်ရသည်မှာ ကြာပြီဖြစ်၍ အံ့ နေမိပါသည်။

'ယွန်း… အစ်မနွဲ့ အိပ်မက်မက်တယ်၊ သားက းမောင်လှမြင့် ပြန်လာမယ်တဲ့၊ အစ်မနွဲ့ကို မငိုရဘူး



www.burmeseclassic.com

www.burmeseclassic.com



'ပြုံးပြုံးလေးနေရမယ်လို့ သားလေးက ပြောတယ်'

'ဟုတ်တာပေါ့ အစ်မနွဲ့ရယ်၊ အစ်မနွဲ့ငိုတော့ သားသား တမလွန်ဘဝကနေ စိတ်ဆင်းရဲလို့ နေမှာပေါ့၊ ပြုံးပြုံးလေးနေတာ ကောင်းပါတယ်'

စာရေးသူလည်း ဟုတ်သည်ရှိ မဟုတ်သည်ရှိမှန်းမသိသော်လည်း အစ်မနွဲ့ကို ငိုကြွေးခြင်းမှကင်းစေရန် ဤသို့ပြောမိပါသည်။ ထိုနေ့မှစ၍ အစ်မနွဲ့ မငိုတော့ပေ။ သို့သော်လည်း ထိန်ပင်ကြီးဆီသွားနေတုန်းပင်။

ဤသို့ဖြင့် သုံးလေးလကျော်မျှရှိသော် အစ်မနွဲ့ထံမှ ထူးဆန်းသော စကားတစ်ရပ်ကို ကြားလိုက်ရပါသည်။

'အစ်မနွဲ့မှာ ကိုယ်ဝန်ရှိနေပြီတဲ့'

လက်သည် ဒေါ်ဖွားညွန့်က အတိအကျ ထောက်ခံချက်ပေးသော သက်သေဖြစ်ခဲ့ပါသည်။ ဤသည်မှာ အမှန်ပင်ဖြစ်ပြီး လစေ့သောအခါ ယောကျ်ားလေးတစ်ဦး ဖွားမြင်ပါသည်။

'ဟယ်… ယောကျ်ားလေးတော့'

'မှန်းစမ်း၊ ဗိုက်နဲ့ရင်ဘတ်မှာ အမာရွတ်တွေပါလား'





'ဟုတ်ပါရဲ့တော်၊ ကလေးက ထူးဆန်းလိုက်တာ၊ အမာရွတ်တွေ အပြည့်နဲ့ပါလား'

'ဟဲ့… ဒါဆို မောင်လှမြင့်ဝင်စားတာများလား မသိဘူး'

'ဖြစ်နိုင်တယ်၊ မောင်လှမြင့် သေတုန်းကလည်း အဲဒီနေရာမှာ ဒဏ်ရာတွေပွနေတာပဲ'

ထိုသို့ဖြင့် တစ်ရွာလုံး၌ မောင်လှမြင့်ဝင်စားသည့် လူဝင်စားကလေးဖြစ်ကြောင်း မောင်းမတီးရဘဲ ရပ်ကျော်ရွာကျော် ဖြစ်သွားပါတော့သည်။ ထိုကလေး စကားပြောတတ်သောအခါ…

'ကျွဲ… ကျွဲလုပ်တယ်' ဟု ဆိုကာ ငိုတတ်ပါသည်။ ထိုသို့ဖြင့် စကားကောင်းစွာပြောတတ်သည့် အရွယ်ဖြစ်သော ငါးနှစ်ကျော်ခန့်တွင် ထိုကလေးမှာ စကားများပြောပါတော့သည်။

'သားနာမည် ဘယ်သူလဲ'

'မောင်လှညင့်' အမှန်မှာ ၄င်း၏နာမည်ကားမောင်စိုးလှိုင်ဟု ပေးထားပါသည်။

'သားကို ဘယ်သူတွေက ဘယ်လိုလုပ်တာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကျွဲကြီးလုပ်တယ်၊ ဟိုပင်ကြီးမှာ ကျွဲကြီး သားကို ချိုနဲ့ထိုးတယ်'

'သား ဘာဖြစ်သွားသလဲ'

'သားသေပြီး ဟိုထိန်ပင်မှာနေရတယ်၊ အမေနဲ့ လာငိုတယ်၊ သားက ထိန်ပင်ကဆင်းပြီး အမေနဲ့နောက်လိုက် လာတာ'

'သားကို ကျွဲလုပ်တဲ့အနာ ပြပါဦး'

'ဒီဗိုက်မှာလေ၊ ဒီနားမှာလည်း ထိုးတယ်'

ကျွဲခတ်သည့်ဒဏ်ရာဖြစ်ခဲ့သော နေရာများမှ အမ ရွတ်ကို ပြလေ့ရှိပါသည်။

ထိုသို့ဖြင့် မောင်စိုးလှိုင်ကလေး မွေးပြီးသောအ မောင်လှမြင့်ဝင်စားသည့်ကလေးဖြစ်ပြီး ၎င်းတို့၏သားက လေး ပြန်လာပြီဟုဆိုက ဖနီးမောင်နှံနှစ်ယောက်စလုံး ပြ ပျော်နေကြပါသည်။ စာရေးသူလည်း မောင်လှမြင့် တ ကျော့ပြန် လူဝင်စား မောင်စိုးလှိုင်အား ချီပွေ့ရင်း သူတို့နှ အတူ ပြုံးပျော်ရွှင်မြူးခဲ့ပါသည်။ ထိုသို့ဖြင့် ပျော်ရွှင်သော ဘဝကလေးဖြင့် အဆုံးသတ်၍ ဘဝ၏တစ်ခန်းရပ်ဖောက်ဖြ မည်ဟု ထင်မိခဲ့ပါသည်။ ထိုကလေးမွေးပြီး ရှစ်နှစ်





အကြာတွင် ကံကြမ္မာအလှည့်အပြောင်းသည် အစ်မနွဲ့တို့ မိသားစုဆီသို့ ဝင်ရောက်လာခဲ့ပါသည်။

ထိုရွာနှင့် နှစ်ရွာကျော်ခန့်ရှိသော ရွာတစ်ရွာမှ ကလေးတစ်ယောက်၏ ထူးဆန်းသော စကားကို ကြားရပါ သည်။

'အမေ ကျွန်တော့်ကို တောကြီးတန်း(....)ရွာက အဖေ အမေဆီကို ပို့ပေးပါ'

'ဟဲ့... သားလေး၊ ဘာတွေလျှောက်ပြောနေတာ လဲ၊ သားဟာ အမေတို့သားလေ'

'မဟုတ်ဘူး၊ (....)ရွာမှာ အဖေနဲ့အမေရှိတယ်'

'ဒါနဲ့ သားရဲ့အဖေနဲ့ အမေနာမည်က ဘယ်သူလဲ'

'အမေ မနွဲ့၊ အဖေ ထွန်းအုံ'

'ဒါဆို သားကလေးရဲ့နာမည်ကရော'

'မောင်လှညင့်'

'ဗုဒ္ဓေါ မောင်လှမြင့်ဆိုပါလား'

'အစ်မရေ၊ အဲဒါမှ ဒုက္ခပါပဲ၊ ဒေါ်ခင်နွဲ့တို့သား ကလေးက ကျွဲခတ်သေပြီး ပြန်ဝင်စားလို့တောင် အတော် ကြီးနေပြီ။ အခုမှ မောင်လှမြင့် ထပ်ပေါ်လာပြန်ပြီ၊ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြမတဲ့။

‘မောင်လှမြင့် နှစ်ယောက်ဖြစ်နေတာပေါ့’

ထိုကလေး၏ဝမ်းဗိုက်မှာလည်း ဒဏ်ရာဒဏ်ချက်များမဖြစ်သည့် အမာရွတ်များနှင့် ရင်ဘတ်တွင်လည်း အမာရွတ်များမှာ မောင်စိုးလှိုင်၏ အမှတ်အသားအတိုင်းပင် ဖြစ်ပါတော့သည်။ ထိုသို့ဖြင့် မောင်လှမြင့် ဝင်စားသည်ဆိုသည့် ကလေးတစ်ယောက် ထပ်မံပေါ်ပေါက်လာကြောင်း သတင်းစကားမှာ ရွာနီးချုပ်စပ်သို့တိုင် ပျံ့လွင့်သွားပါတော့သည်။

ဤတွင် သေဆုံးခဲ့သည်မှာ မောင်လှမြင့်တစ်ယောက်တည်းဖြစ်ပြီး ယခုအခါ မောင်လှမြင့်ဝင်စားသည်ဟုဆိုသော ကလေးမှာ နှစ်ဦးဖြစ်နေသည့်အတွက် ကြားရသူအပေါင်းမှာ အံ့သြနေကြရပါသည်။ နောက်ထပ်ပေါ်လာသည့် မောင်လှမြင့် လူဝင်စားကလည်း သူသည် မောင်လှမြင့်ပါဟု မည်သည့်အချိန်မေးမေး ပြောပြတတ်ပါသည်။ အစ်မနွဲ့တို့ဇနီးမောင်နှံကလည်း ဤသတင်းကို ကြားရသော်လည်း မယုံကြည်ပေ။ အဘယ်ကြောင့်ဆိုသော် မောင်လှမြင့်ဝင်စားသည့်အကြောင်း၊ မည်သို့မည်ပုံ သေသွားကြောင်းကို မောင်စိုးလှိုင်က ကောင်းစွာပြောတတ်နေသောကြောင့်ပင်။





ထို့ကြောင့် နောက်ပေါ်သည့် မောင်မိုးနိုင်အား မောင်လှမြင့်ဟု အထင်ရှိရန် သင်ကြားထားခြင်းဖြစ်ပေမည်ဟု ထင်မြင်ယူဆကြပါသည်။ ထိုသို့ ထင်မြင်ယူဆမည်ဆိုလည်း ထင်စရာပင်။ အစ်မနွဲ့တို့မိသားစုမှာ အတော်အတန် ချမ်းသာကြွယ်ဝသူ လူတန်းစားဖြစ်နေသောကြောင့်လည်းကောင်း၊ ၎င်းတို့၏ပစ္စည်းဥစ္စာကိုမက်၍ ဤသို့ပြောနိုင်းသည်ဟု ထင်ကြပါသည်။

ထိုနောက်ပေါက်ကလေးကလည်း အမေ အဖေထံသွားလိုသည်ဟု ပူဆာလွန်းမက ပူဆာသောကြောင့် ၎င်းမောင်မိုးနိုင်၏ မိဘနှစ်ပါးမှာ ထိုကလေးကို လှည်းပေါ်တင်ကာ အစ်မနွဲ့တို့ရွာဆီသို့ မောင်းလာခဲ့ပါသည်။ အစ်မနွဲ့တို့၏အိမ်ရှေ့သို့ရောက်လျှင် လှည်းကိုရပ်နိုင်းကာ အစ်မနွဲ့၏အိမ်ပေါ်သို့ ပြေးတက်သွားပြီး အစ်မနွဲ့အား…

‘အမေ… သားပြန်လာပြီ’

ထိုသို့ပြောကာ အစ်မနွဲ့အားဖက်၍ ငိုပါတော့သည်။ အစ်မနွဲ့မှာ မယုံကြည်သော်လည်း မိခင်စိတ်ရှိသူဖြစ်၍ ကလေးငယ်အားချော့ရင်း ၎င်း၏အမည်ကို မေးလိုက်ပါသည်။

‘သားနာမည် ဘယ်သူလဲ’



www.burmeseclassic.com

www.burmeseclassic.com



‘မောင်လှညွှန့်လေ၊ ကျွဲလုပ်လို့ သေသွားတာလေ၊ ဟိုအပင်ကြီးအောက်မှာ သားသေသွားတယ်’

‘အမေ အရမ်းငိုတယ်လေ၊ ငိုပြီး အမေလဲသွားတယ်လေ’

‘အမေလဲသွားတာ သား ဘယ်လိုသိသလဲ’

‘သားက အဲဒီအပင်ကြီးပေါ်ကနေ အမေ့ကိုတွေ့တာပေါ့’

ထိုသို့ဖြင့် တွတ်တီးတွတ်တာပြောရာ ၎င်း၏အစ်မမှာ ‘အင်း’ လိုက်ကာနေခဲ့ပါသည်။ ထို့နောက် အစ်မနွံ့၏ရင်ခွင်ထဲမှပြေးထွက်သွားပြီး တိုင်တွင်ချိတ်ဆွဲထားသည့်လောက်လေးခွကို ပြေးယူကာ…

‘သားက ကျွဲကြီးကို အဲဒီလိုပစ်လိုက်တာပေါ့၊ ကျွဲကြီးက သားကို ချိုနဲ့ထိုးတော့ သား သေသွားတာပေါ့’

ဤတွင် အစ်မနွံ့ ငိုင်ကျသွားပါသည်။ မောင်လှမြင့်ကလေး ဆုံးပြီးကတည်းက ထိုလောက်လေးခွအား တိုင်မှာချိတ်ထားခဲ့ရာ မောင်စိုးလှိုင် တစ်သက်မကရှိချေပြီ။ ထိုလောက်လေးခွကို မောင်စိုးလှိုင် တစ်ခါမျှမကိုင်ခဲ့ပေ။ အစ်မနွံ့သည် မောင်မိုးခိုင်အပေါ်တွင် ယုံကြည်ရမလို ဖြစ်လာခဲ့





ပါသည်။

ဤအချိန်မှစ၍ ပြဿနာစသည်ဟု ဆိုရပေမည်။ မောင်မိုးခိုင်ကိုလည်း သူ၏သားမောင်လှမြင့်ဟု ထင်သည်။ မောင်စိုးလှိုင်ကိုလည်း မောင်လှမြင့်မှ မောင်လှမြင့်ဟု ထင်သည်။ မောင်လှမြင့်အစစ်ခမျာ မည်သူနည်း။ မောင်လှမြင့်တစ်ယောက်တည်းနှင့် ဘဝနှစ်ခုတော့ မဖြစ်နိုင်ပေ။ သို့သော်လည်း ဒဏ်ရာဒဏ်ချက်၏ အမာရွတ်ကအစ အကုန်တူသည့်အပြင် ကျွဲခတ်ပုံခတ်နည်း မည်သို့သေဆုံးကြောင်းကို နှစ်ယောက်စလုံး အပ်ကျမက်ကျ ပြောပြနိုင်သည်။ ထိုပြဿနာကို မဖြေရှင်းနိုင်သည့်အဆုံး ရွာဦးဘုန်းတော်ကြီးကျောင်းထံသို့ သွားလျှောက်ခဲ့ကြပါသည်။

‘ဟဲ့… ဒီအဖြစ်ကလည်း အတော့်ကို ထူးဆန်းပါလား၊ ဘုန်းကြီးလည်း တစ်ခါမှမကြားဖူးဘူး’

‘ဝိညာဉ်အမွှာပူးလို့ပြောရအောင်လည်း တစ်ခါမှ ဘယ်သူ့မှ ဒီလိုပြောသံမကြားဖူးဘူး’

‘ဝိညာဉ်က နှစ်ခုထက်ကွဲပြီး နှစ်ယောက်ဖြစ်သွားသလား မသိဘူး’

ရွာသူရွာသားများမှာ ၎င်းတို့ထင်ရာမြင်ရာ ပြော



www.burmeseclassic.com

www.burmeseclassic.com



သူမြင် သူကြီးက ဝေါက်လိုက်ရပါသည်။

'တိတ်စမ်း… မဟုတ်တာတွေ လာမပြောနဲ့၊ ဝိဉာဉ် နှစ်ခြမ်းကွဲတယ်လို့ ဘယ်တုံးကကြားဖူးလို့လဲ'

'အေးလေ… တိတ်တိတ်နေကြ'

ထိုသို့ဖြင့် လူဝင်စားပြဿနာအဖြေကို မည်သူမျှ ရှာမရနိုင်အောင် ဖြစ်ခဲ့ရပါသည်။ ထိုစဉ် စာရေးသူမှာ သူကြီးအား အကြံတစ်ခု ပေးမိပါသည်။

'ဦးလေး ကျွန်မအကြံတစ်ခုရတယ်၊ ဒီလို လူအများနဲ့ဆိုရင် ဒီကလေးတွေရဲ့ပြဿနာ ပြေလည်မှာ မဟုတ်ဘူး၊ ဒီကလေးနှစ်ယောက်တည်းကိုပဲ လွတ်လွတ်လပ်လပ် ဆော့ပါစေ၊ သူတို့အချင်းချင်း ဘာပြောမလဲဆိုတာ ကျွန်မတို့ စောင့်ကြည့်ကြတာပေါ့'

ထိုကလေးငယ်နှစ်ယောက်အား လွတ်လပ်စွာ ဆော့ကစားစေခဲ့ပါသည်။ ထိုသို့ဖြင့် တစ်ရက်မှနှစ်ရက်ကူးပြောင်းကာ တစ်ပတ်ကျော်အချိန်သို့ ရောက်ခဲ့ပါသည်။ ကျွန်မတို့၏ ကလေးနှစ်ဦးကို စောင့်ကြည့်သည်မှာ စိတ်မရှည်နိုင်တော့ပေ။ နေဝင်လုလု ညနေချမ်းတွင် ကလေးနှစ်ယောက် ကစားနေမိုက် ကျွဲအုပ်တစ်အုပ် အိမ်တန်းသို့ပြန်ခဲ့ကြပါသည်။ ကျွဲ





ထီးကြီးမှ အနီးမှဖြတ်သွားသော လူတစ်ယောက်အား ခတ်ရန်ပြင်ချိန်တွင် မောင်မိုးခိုင်မှ…

'မလုပ်နဲ့ … မလုပ်နဲ့၊ သေသွားမယ်'

ထိုသို့ တုန်လှုပ်စွာအော်လိုက်ပါသည်။

'ကစားမယ်လေ… ကစားမယ်'

မောင်စိုးလှိုင်မှာ မည်သို့မျှ တုန်လှုပ်မှုမရှိဘဲ ဆက်၍ကစားနေပါသည်။

'ဟေ့ကောင်… ငါ့ကို ကျွဲကြီးလုပ်လို့သေသွားတာ၊ အဲဒီတုန်းက မင်းက သစ်ပင်ပေါ်မှာလေ'

မောင်မိုးခိုင်က ဤသို့ပြောသဖြင့် စာရေးသူတို့အားလုံးမှာ အံ့အားသင့်သွားကြပါသည်။

'ငါက သစ်ပင်ပေါ်က မင်းကိုကြည့်နေတာ၊ မင်းကို ကျွဲကြီးလုပ်တာ ငါ အကုန်မြင်ရတယ်။ မင်းသေသွားပြီး မင်းလည်း သစ်ပင်ပေါ်ရောက်လာတယ်လေ'

'အေး… နောက်တော့ မင်းမရှိတော့ဘူး၊ ဘယ်သွားနေတာလဲ'

'ငါ အမေနဲ့ဆီသွားတာ'

'အမေနဲ့က ငါ့အမေလေ'



www.burmeseclassic.com

www.burmeseclassic.com



မောင်မိုးခိုင်က ဤသို့ပြောသဖြင့် အစ်မခွဲ့မှာ မျက်ရည်များကို မနည်းထိန်းထားရပါသည်။ သည်စကားကို ကြားရသောအခါ မောင်မိုးခိုင်သည် မောင်လှမြင့် လူဝင်စားအစစ်ဖြစ်ကြောင်း သိလိုက်ရပါသည်။ သို့သော်လည်း မောင်စိုးလှိုင်သည် မည်သို့ဤဖြစ်ရပ်ကို အကုန်ပြောနိုင်သနည်းဟူသည့် မေးခွန်းဖြစ်ပေါ်လာခဲ့ပါသည်။

ဤအကြောင်းကို ရှင်းပြသူမှာ ရွာဦးကျောင်းထိုင်ဆရာတော်ကြီးပင် ဖြစ်ပါသည်။

'ဒီလောက်ဆိုရင် ကျုပ် သဘောပေါက်ပြီ၊ မောင်စိုးလှိုင်ဟာ ဝိညာဉ်ဘဝနဲ့ မောင်လှမြင့်သေဆုံးတာကို အကုန်လုံးတွေ့လိမ့်မယ်။ မောင်လှမြင့်ကလေး ဆုံးပြီးတော့ အဲဒီသစ်ပင်မှာ ဝိညာဉ်ဘဝနဲ့ရောက်သွားမယ်၊ ဒကာမလေးက ငိုပြီး သူ့သားကို ပြန်လာပါဆိုတော့ မောင်လှမြင့်အတုက ဒကာမလေးဆီကို ဝင်စားပြီး အစစ်ဟန်ဆောင်ပြီးပြောတာပဲ၊ ဝိညာဉ်ဘဝထဲက သူ့ကိုယ်သူအစစ်လို့ ဟန်ဆောင်ခဲ့တော့ ဒီဘဝမှာလည်း သူဟာ မောင်လှမြင့်အစစ်လို့ထင်ပြီးပြောတာ။ နောက်သုံးနှစ်လောက်ကြာတော့ မောင်လှမြင့်အစစ်ရဲ့ ဝိညာဉ်က လူဝင်စားဖြစ်ပြန်ရော၊ ဒါပေမဲ့ အတုက အစစ်





ယောင်ဆောင်နေတော့ ကျုပ်တို့ ဦးနှောက်ခြောက်ရတာပေါ့။ အဲဒီအချိန်မှာ မြို့ကဒကာမလေး အကြံပေးချက်အတိုင်း လုပ်လိုက်တော့ သူတို့နှစ်ယောက်တွေ့ပြီး ဘဝအမှန်ကို ဖုံးကွယ်လို့မရဘဲ ဗူးပေါ်သလို ပေါ်လာတာပေါ့'

ဆရာတော်ကြီး ဤသို့မိန့်တော်မူပြီး မှန်မမှန်ကို စစ်ဆေးလိုသဖြင့် မောင်စိုးလှိုင်အား မေးမြန်းသောအခါမှ သူ၏ဇာတိကို ဝန်ခံခဲ့ပါသည်။

'တပည့်တော် ဒီရွာနဲ့အတော်ဝေးတဲ့ရွာက မောင်တင်ရွှေပါ၊ ပိုးထိလို့သေပြီး ဝိညာဉ်ဘဝနဲ့လျှောက်သွားရင်း ဒီအပင်ကြီးမှာ နေခဲ့ပါတယ်၊ မောင်လှမြင့်ကို ကျွဲခတ်တုန်းက တပည့်တော်ဟာ သစ်ပင်ပေါ်က ကြည့်နေခဲ့ပါတယ်။ အားလုံးကို တွေ့ရပါတယ်။ ဒီလိုနဲ့ ကျွဲခတ်ပြီးတော့ မောင်လှမြင့် သေသွားတဲ့အခါမှာ အဲဒီအပင်မှာပဲ ဝိညာဉ်တစ်ခုအဖြစ်လာနေခဲ့တယ်၊ အဲဒီအချိန်မှာ အမေနွဲ့က ငိုပြီးပြန်လာခဲ့ဖို့ပြောပါတယ်၊ တပည့်တော်က ကျွတ်ချိန်တန်လို့ အမေနွဲ့ဆီလိုက်သွားပြီး မောင်လှမြင့်အယောင်ဆောင်ခဲ့ပါတယ်၊ ဒါပေမဲ့ တပည့်တော်ဟာ ဝိညာဉ်ဘဝက ဟန်ဆောင်ခဲ့ပေမယ့် တပည့်တော်ရဲ့စိတ်ထဲမှာ မောင်လှမြင့်လို့ပဲ ထင်နေပါတယ်။

www.burmeseclassic.com



မောင်မိုးခိုင်နဲ့တွေ့တဲ့အခါကျမှ အရင်ဝိညာဉ်ဘဝရဲ့အကြောင်းတွေကို ပြန်သတိရလာပြီး မောင်လှမြင့်မဟုတ်မှန်း သိခဲ့ရပါတယ်’

‘အိမ်း… ဘဝ ဘဝတွေရဲ့ ထူးဆန်းတဲ့အကြောင်းအရာတွေပဲ’

ထိုသို့ဖြင့် ပြဿနာတစ်ခု၏ အဖြေကို ရှင်းလင်းစွာ သိခဲ့ရသည့်အတွက် စာရေးသူကို ကျေးဇူးအထူးတင်ခဲ့ကြပါသည်။ စာရေးသူမှာလည်း ဤသို့ရှုပ်ထွေးလှသည့် လူ့ဝင်စားပြဿနာတစ်ခုကို အမှတ်မထင် ဖြေရှင်းပေးနိုင်ခဲ့သဖြင့် လွန်စွာ ဝမ်းမြောက်ဝမ်းသာ ရှိခဲ့ပါသည်။

ကြာတော့လည်း ကြာခဲ့ပါပြီ။ နှစ်ပေါင်းနှစ်ဆယ်ကြာသည့်အချိန်မှာ မောင်မိုးခိုင်ကလေး ဘွဲ့ရ၍ ဤရွာကြီး၌ပင် မူလတန်းဆရာ ဖြစ်နေပါသည်။ ဤအကြောင်းကို ပြောတိုင်း ရှက်ပြုံးကလေးပြုံးနေတတ်ပါသည်။ မောင်စိုးလှိုင်မှာလည်း သားအရင်းဖြစ်နေသဖြင့် ညီငယ်မောင်မိုးခိုင်ကို လွန်စွာချစ်ခဲ့သည်။

ဘဝတစ်ခုတွင် သစ်ကိုင်းတစ်ကိုင်းပေါ်၌ အတူနေထိုင်ခဲ့ဖူးသော ဝိညာဉ်ဘဝ၏ အကြောင်းများကို နှစ်ဦးစလုံး



BURMESE CLASSIC .com



ပြန်ပြောနိုင်သည်မှာ လွန်စွာ ထူးဆန်းလှပါသည်။ ဤအဖြစ်မျိုးမှာ ကြားရသူပေါင်းကြုံ၍သာ ယုံလိုက်ရသော်လည်း မယုံနိုင်ဖွယ်ကောင်းသည့် ဖြစ်ရပ်ဆန်းများဖြစ်ပါသည်။

သဘာဝလွန်ဖြစ်ရပ်တစ်ခု၏ ပဟေဠိကို အဖြေညှိနိုင်ခဲ့သော လူ့ဘဝ၏ဆန်းကြယ်သော ဖြစ်ရပ်တစ်ခုအတွက် ‘လူတစ်ယောက်၏ ဘဝနှစ်ခုပြဿနာ’ အဖြစ် ရေးသားလိုက်ရပါသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# နေကြာနှင့် ကုမုဒြာ

'မေမေရေ··· အန်တီဒေါ်မြသိန်းတို့အိမ်မှာ ကုမုဒြာပန်းတွေ ပွင့်နေတယ်၊ လှလိုက်တာ မေမေရယ်၊ ကြာပန်းအဖြူပွင့်တဲ့အတိုင်းပဲ၊ မွှေးလိုက်တာလည်း အီလို့'

'ဟဲ့··· ဟုတ်ရဲ့လား သမီးရယ်၊ ကုမုဒြာပန်းဟာ မေမေတော့ တစ်ခါမှ မတွေ့ဖူးဘူး'

'မေမေ လာကြည့်'

သမီးဖြစ်သူက ပြောသဖြင့် တစ်အိမ်ကျော်တွင်ရှိသော ဒေါ်မြသိန်းတို့အိမ်သို့ သွားကြည့်မိသည်။ ညအချိန်ဆယ်နာရီကျော်မှ သည်ပန်းက ပွင့်ပါသည်။ ပန်းပွင့်ချိန်တွင်ရွက်ဖတ်ကလေးအာတိုင်း 'ထပ်''ထပ်'ဟူသော အသံကလေး ပေါ်ထွက်လာပါသည်။ ညဆယ့်နှစ်နာရီတွင် အလွန်လှပသော ကုမုဒြာပန်းများ ပွင့်လန်းလာပါသည်။ ၄င်းပန်း



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ကို စာရေးသူ သေချာစွာကြည့်မိပါသည်။ ကုမုဒြာပန်းတွင် ပွင့်ဖတ်နှစ်မျိုးရှိသည်ကို တွေ့ရပါလိမ့်မည်။ အောက်ဖက်ရှိ ပွင့်ချပ်သည် လယ်တောထဲ၌ တွေ့ရတတ်သော ကြာဖြူပန်း ပွင့်ဖတ်ကဲ့သို့ ရှည်မျောမျော ပွင့်ချပ်ပေါင်းဆယ့်နှစ်ချပ်ပါရှိပြီး ၎င်း၏အပေါ်ဘက်တွင် ပဒုမ္မာကြာပန်း၏ ပွင့်ဖတ်ကဲ့သို့ ဝိုင်းသောပုံသဏ္ဌာန်ရှိ ပွင့်ဖတ်ပေါင်း ခြောက်လွှာပါရှိပါသည်။ ၎င်း၏အတွင်းဘက်၌ ဝတ်ဆံမတစ်ခုရှိပြီး ဝတ်ဆံဖိုပေါင်းများစွာ ပါရှိသည်။ ၎င်းပန်းပွင့်သည် ညအခါ လရောင်ဆမ်းမှပွင့်ပြီး လမိုက်ရက်များ၌ မပွင့်တတ်ပါ။ ကုမုဒြာအပင်၏အရွက်မှာ သာမန်အရွက်များနှင့်မတူဘဲ ထူးခြားလှပါသည်။ အရွက်များမှာ တစ်ပေခွဲခန့်ရှိပြီး အနားများမှာ အတွန့် အတွန့်နှင့် လှပပါသည်။ ပို၍ထူးခြားသည်မှာ ကုမုဒြာပန်းသည် အကိုင်းမှပွင့်သည် မဟုတ်ဘဲ အရွက်မှ အဖူးသေးသေးကလေးများထွက်ကာ တဖြည်းဖြည်းကြီးထွားပြီး အရွက်မှပွင့်သော အပွင့်ထူးတစ်မျိုး ဖြစ်ပါသည်။ ၎င်းပန်း၏ရနံ့မှာလည်း မွှေးအီသောအနံ့မျိုး ရှိပါသည်။ ကျွန်ုပ်မတို့၏ နှစ်အိမ်ကျော်မှ အသက်(၇၀)ကျော်ခန့်ရှိသည့် ရှေ့မီနောက်မီ အဘွားမြလည်း လာရောက်ကြည့်ရှုခဲ့ပါသည်။





'ကုမုဒြာပန်းဟာ ဆေးဖက်ဝင်တယ်၊ သူ့ရဲ့ရနံ့ကို ရှူရင် ခေါင်းမူး ခေါင်းကိုက်ပျောက်တယ်၊ သူ့ကို သုတ်စားသည်ဖြစ်စေ၊ ကြော်စားသည်ဖြစ်စေ၊ စားရင် သွေးတိုးနဲ့ နှလုံးရောဂါပျောက်တယ်လို့ ရှေးဆေးပညာရှင်တွေ ပြောတာ ကြားဖူးတယ်'

'အဘွားမြ၊ ဒါဆိုရင် ကုမုဒြာပန်းဟာ ဆေးဖက်ဝင်တာပေါ့'

'ဟုတ်တယ်၊ ကုမုဒြာပန်းရဲ့ ဝတ်ဆံမှုန်ဟာ နှလုံးရောဂါအတွက် အထူးကောင်းတာပေါ့'

အဘွားမြပြောသည့်စကားကို နားထောင်ရင်း ဤကုမုဒြာပန်းကို သေသေချာချာ ကြည့်မိပါသည်။ ၎င်း၏ရနံ့ကိုလည်း သေသေချာချာ ရှူကြည့်မိပါသည်။ ချိုသောမွှေးအီသော ရနံ့ကလေးသည် ရင်ထဲ၌ အေးသွားသလို ခံစားရပါသည်။ ဦးနှောက်အထိ ထိုရနံ့ကလေး ရောက်သွားပုံရသည်။ ကျွန်မ၏ခေါင်းထဲ၌ ကြည်လင်အေးမြသွားသည်ကို သိလိုက်ရပါသည်။

'အဲဒီပန်းကလေးကို အပင်မှာ ဒီအတိုင်းဆက်ထားရင် မနက်ရောက်တာနဲ့ ပြန်ငုံသွားရော'

www.burmeseclassic.com



'ပန်းပွင့်ကလေး ပြန်မငုံအောင် ဘယ်လိုလုပ်ရမလဲ'

'ည(၁၂)နာရီမှာ အစွမ်းကုန်ပွင့်မယ်၊ ည(၁)နာရီကစပြီး တဖြည်းဖြည်း ပြန်ငုံသွားမယ်၊ အစွမ်းကုန် ငွားငွားစွင့်စွင့် ပွင့်ချိန်မှာ အပင်ကနူးပြီး ရေအပြည့်ထည့်ထားတဲ့ ဖန်ခွက် (သို့မဟုတ်) ပန်းအိုးထဲမှာ စိုက်ထားရင် မနက်ထိမငုံတော့ဘူး'

'အဲဒီပန်းဟာ ဘာကြောင့် ညဘက်မှာပွင့်တာလဲ'

'လရောင်လာမှ ပွင့်တယ်၊ လရောင်မရှိတဲ့ လမိုက်ညဆိုရင် ပွင့်ချိန်တန်တဲ့ပန်းအဖူးတွေတောင်မပွင့်ဘဲ လရောင်ကိုစောင့်ပြီး လရောင်လာမှပွင့်တယ်၊ လရဲ့အရောင်ကို လိုချင်တဲ့သဘောရှိတဲ့အတွက် ညဘက်မှာမှ ပွင့်တာပေါ့'

တစ်ယောက်တစ်ပေါက် မေးကြသည့် အမေးကို အဘွားမြက သူသိသလောက် ပြန်လည်ဖြေကြားနေပါသည်။ ကုမုဒြာပန်းကလေးကို ယခုမှပင် မြင်ဖူးသော်လည်း အနီလရောင်ဆမ်းမှ ပွင့်သောပန်း ကုမုဒြာပန်းနှင့် နေရောင်ခြည်လာရာဘက်သို့ အမြဲလှည့်၍နေရောင်နှင့်မှ လန်းဆန်းပွင့်ဝေဆာခဲ့သော နေကြာပန်းကလေးများ၏ အကြောင်းကို တဖြည်းဖြည်း ပြန်လည်သတိရလာမိပါသည်။ လွန်ခဲ့သော





နှစ်ပေါင်း (၃၀)လောက်ဆီမှ အတိတ်၏ဖြစ်ရပ်တစ်ခုသည် အမှတ်တမဲ့ ဖြစ်ခဲ့သော်လည်း ယခုကဲ့သို့ တိုက်ဆိုင်လာသောအခါ အမှတ်တရ ဖြစ်စေခဲ့ပါသည်။ လောကကြီး၏ အတွေ့အကြုံနည်းသေးသည်ကတစ်ကြောင်း၊ ငယ်ရွယ်သူဖြစ်ပြီး လက်တွေ့သဘောတရား၏ ဖြစ်တည်မှုကိုသာ တွေ့ဖူးမြင်ဖူးသည်ကတစ်ကြောင်း၊ ဤကဲ့သို့သော လောကကြီး၏ သဘာဝလွန်ဖြစ်ရပ်များ၊ ဂမ္ဘီရမြန်မာ့ပညာရပ်များကို အတွေ့အကြုံမရှိခဲ့သဖြင့် မြန်မာ့ဂမ္ဘီရပညာရှင်ကြီးများနှင့် တွေ့ဆုံခဲ့သော်လည်း ပညာမရခဲ့သည့် ကျွန်မ၏အဖြစ်မှာ...။

* * *

ထိုစဉ်က ကျွန်မသည် တစ်ဆယ့်ကိုးနှစ်ခန့်ရှိပါသည်။ ဆေးဖက်ပညာ၏ တတိယနှစ်ကျောင်းသူဘဝ(3rd Year Para Medical Student)ကဖြစ်ပါသည်။ တတိယနှစ်ဆေးဖက်ပညာတက္ကသိုလ် စာမေးပွဲများဖြေပြီး၍ ဇာတိချက်ကြွေမွေးရပ်မြေဖြစ်သော ဒေးဒရဲမြို့သို့ ပြန်ရောက်ခဲ့သောအချိန်ဖြစ်ပါသည်။ တစ်နှစ်တာ ရန်ကုန်မြို့၌ ကျောင်းတက်ပြီး စာမေးပွဲအပြီး ဒေးဒရဲမြို့၌ အေးဆေးစွာ အနားယူစဉ်



www.burmeseclassic.com

www.burmeseclassic.com



ဖျာပုံမြို့မှ မိခင်ကြီး၏ အစ်ကိုကြီးဖြစ်သူ 'အဘလှ' ရောက်လာပါသည်။ အဘလှသည် ကျွန်မ၏မိခင်အား အငယ်ဆုံးနှမလေးဖြစ်သည်နှင့်အညီ လွန်စွာ ချစ်ခင်ပါသည်။ ကျွန်မ၏ ဖခင်ကြီးမှာလည်း ကျွန်မငယ်စဉ်က ဆုံးပါးသွားခဲ့သဖြင့် ညီမဖြစ်သူမှာ မုဆိုးမဖြစ်သွား၍ မကြာခဏလိုလို ရောက်လာတတ်ပါသည်။

ကျွန်မတို့အိမ်သို့ အဘလှလာသည်မှာ ထူးဆန်းသော အကြောင်းတစ်ခုမဟုတ်ခဲ့ပါ။ ထူးဆန်းသောအကြောင်းမှာ အဘလှသည် သာမန်လူတစ်ဦးမဟုတ်ဘဲ အသက်လေးဆယ်ကျော်လောက်မှစ၍ အညီယောဂီဝတ် ဂမ္ဘီရပညာရှင်ကြီးများနှင့်တွေ့ဆုံကာ မြန်မာတို့၏ ရှားပါးလှ၍ တိမ်ကောလုနီးပါးဖြစ်နေသော ဓာတ်နက္ခတ်များ၏ ဆက်သွယ်သော ပညာရပ်များ၊ မဟာဂန္ဓာရီ အရိယာဝိဇ္ဇာကျင့်စဉ်များနှင့် ဂမ္ဘီရပညာများကို ရရှိခဲ့ပါသည်။ သို့သော် အဘလှမှာလည်း သူ့အကြောင်းနှင့်သူဖြစ်နေသဖြင့် သူ၏ဖြစ်စဉ်အပြည့်အစုံကို ပြောပြသည်မဟုတ်။ ကျွန်မ၏အမေကိုသာ တစ်ဝက်တစ်ပျက်ခန့် ပြောပြသဖြင့် အမေသည် အဘလှ၏ပညာပိုင်း တစ်ဝက်ခန့်ကို သိထားပါသည်။ သို့သော် ဆေးဖက်ပညာ





တက်နေသော ကျွန်မအား သည်မျှလောက်ပင် ပြောမပြထားသဖြင့် အဘလှ၏ပညာအဆင့်ကို အမေ့လောက် ကျွန်မ မသိခဲ့ပေ။ ကျွန်မအား လုံးစုံပြည့်ဝအောင် မပြောခြင်းမှာလည်း အကြောင်းရှိပါသည်။

ကျွန်မသည် အကျိုးအကြောင်း တစ်ခုပေါ်တွင် လက်တွေ့ကျကျမှ ယုံကြည်သဖြင့် ချက်ချင်းလက်တွေ့မပြနိုင်သော အကြောင်းတရားများ၊ နောင်နှစ်ပေါင်းများစွာဖြစ်သည့် အကြောင်းများနှင့် ဂါထာမန္တာန်တို့၏ သဘောတရားမှာ ပြုသူ၏စရဏတရားပေါ် တည်ရှိကြောင်းများ စသည့် လေးနက်လှသော ပညာများအကြောင်းကို ကျွန်မအား ရှင်းပြရန် ခက်သဖြင့် ဂဃနဏ ရှင်းမပြနဲ့ပေ။ အကြမ်းအားဖြင့် အဘလှကို သိထားသည်မှာ အကြားအမြင် ဗေဒင်ပညာရှင်နှင့် မြန်မာတိုင်းရင်း ဗိန္ဓောဆရာတစ်ဦးဖြစ်သည်ဟူ၍ပင်။ ထို့အပြင် ကျွန်မသည် ငယ်ရွယ်သူဖြစ်ပြီး မည်သည့်ရောဂါမှ မဖြစ်သေးသော နုနယ်လန်းဆန်း တက်ကြွနေသော အချိန်ဖြစ်သဖြင့် အဘလှကို ဂမ္ဘီရပညာရှင်တစ်ယောက်အနေနှင့် မမြင်ဘဲ ဦးကြီးတော်သူအနေနှင့်သာ မြင်သဖြင့် အဘလှ၏ ပြောစကားများအပေါ်၌ အလေးအနက်မထားခဲ့ဘဲ အဘလှ

www.burmeseclassic.com



အား စ,နောက်ကာပြောခဲ့မိပါသည်။

အမေသည် ထိုအချိန်က အသက်(၅၀)ကျော်ခန့်ရှိပြီဖြစ်၍ ခေါင်းမူးခြင်း၊ သွေးတိုးခြင်းနှင့် အသက်ရှူမဝခြင်း၊ နှလုံးခုန်မမှန်ခြင်း စသည့် ဝေဒနာများ ဖြစ်နေပါသည်။ ထို့ကြောင့် အဘလှက အမေ့အား ရှင်းပြခဲ့ပါသည်။

'ညီမလေးအပု မင်းတို့အရွယ်မှာ သွေးလေမမှန်တဲ့ရောဂါတွေ စဖြစ်လာတဲ့အရွယ်ပဲ၊ အသက်လေးဆယ်မှာ မိခင်နို့ရည်ရဲ့ အာနိသင်ကုန်တဲ့ အချိန်ပဲ၊ မိခင်နို့ရည်ရဲ့အာနိသင်ကြောင့် ကျန်းမာခြင်း၊ ခွန်အားရှိခြင်း၊ ကိုယ်ခံအားကောင်းခြင်းကြောင့် အခြားရောဂါများ အလွယ်တကူ မဝင်ရောက်နိုင်ဘူး၊ မိခင်ရဲ့မေတ္တာတရားကြောင့် အနီရောင်သွေးဟာ ဖြူစင်သော အရောင်ပြောင်းသွားပြီး ခုနကပြောတဲ့ အကျိုးတရားတွေ ရစေတယ်၊ ဒါကြောင့် မိမိအသက်(၄၀)ကျော်တဲ့နေ့မှာ နံနက် (၆)နာရီမှ ည(၆)နာရီအတွင်း နွားနို့တစ်ပိသာကို ကျိုချက်ပြီး တစ်နေကုန် ဒီနွားနို့ကျိုပြီးသားတစ်ပိသာကို ကုန်အောင် သောက်ရမယ်၊ ဒါဟာ ကျန်းမာရေးကို ပြန်ဆက်တဲ့သဘောတရားပဲ'

'အဘလှ နွားနို့ကို တစ်ပိသာပဲသောက်ရမှာလား၊





ပိုပြီးသောက်ရင်ရော ရလား'

'တကယ်လိုအပ်တာက နွားနို့ 'တစ်ပိသာ'ပဲ၊ ဒီတော့ တစ်ပိသာပဲသောက်ပေါ့။ နောက်တစ်ခုကတော့ လူမှာ 'နေဓာတ်'(သို့) အပူဓာတ်နှင့် 'လဓာတ်'(သို့) အအေးဓာတ်လိုတယ်၊ နေဓာတ်၊ လဓာတ်ဟာ လူသားတွေအတွက် မရှိမဖြစ် လိုအပ်တဲ့ဓာတ်တွေပဲ၊ ဒီဓာတ်တွေကို သုံးတတ်ရင် အသက်ရှည်တယ်၊ နေမင်းဟာ ရောင်ခြည်တစ်ထောင်ရှိတယ်။ အဲဒီရောင်ခြည်တွေဟာ လူ့ခန္ဓာကိုယ်အတွက် ကျန်းမာခြင်းနှင့် ဆိုင်တယ်'

'ဟုတ်တယ်၊ အဘလှ သမီးတို့ကျောင်းမှာ သင်ရတယ်၊ နေရောင်ခြည်ပါတဲ့ 'RAY' (ရောင်ခြည်)များထဲမှာ အယ်ဖာရေး၊ ဂမ္မာရေး၊ အင်ဖရာရက်ရေးခေါ် အနီရောင်ခြည် အာလ္ထာဘွန်းလက်ရေးခေါ်တဲ့ ခရမ်းလွန်ရောင်ခြည်ရှိတယ်၊ ဒီခရမ်းလွန်ရောင်ခြည်ဟာ ပိုးမွှားများကို သေစေနိုင်တယ်၊ အချို့ ခန္ဓာကိုယ်တွင်းရောဂါကိုလည်း ပျောက်စေနိုင်တယ်'

'ဒီနေရောင်ရဲ့ဓာတ်ကို အများဆုံး စုပ်ယူနိုင်တဲ့ပန်းဟာ နေကြာပန်းပဲ။ နေကြာပန်းဟာ နေရောင်လာတဲ့ဘက်ကို ယိမ်းနွဲ့ပြီး နေရောင်ခြည်ကို စုပ်ယူတယ်။ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



နေကြာပန်းရဲ့ အစေ့ထဲမှာ စကြဝဠာနေဓာတ်များစွာပါတယ်။ ဒါကြောင့် ဒီနေကြာစေ့ကလေးတွေဟာ ကျန်းမာရေးအတွက် နေဓာတ်ရှိတဲ့ သဘာဝအစားအစာပဲ’

‘ဒီနေရာမှာ အနောက်တိုင်းဆေးပညာနဲ့လည်း တူတယ်၊ နေကြာစေ့မှာ (Vatamin E) ဗိုက်တာမင်အီးဓာတ်ရှိတယ်လို့ဆိုတယ်၊ အစိမ်းရောင်အရွက်များမှာ ဗိုက်တာမင် ‘အေ’ပါတယ်။ အချဉ်ဓာတ်ရှိတဲ့ အသီးများမှာ ဗိုက်တာမင် စီ ပါတယ်လို့ဆိုတယ်’

‘နောက်တစ်ခုကတော့ ‘အေးမြသော လဓာတ်’ (သို့) အအေးဓာတ်ရှိတဲ့ အပွင့်ကတော့ ကုမုဒြာပန်းပွင့်ပဲ၊ ဒီအပွင့်ကတော့ ရှားတယ်၊ ဘယ်လောက်အဖူး ဖူးနေပါစေ၊ လရောင်မရရင် မပွင့်ဘူး၊ သူဟာ လရောင်ခြည်ကို အပြည့်အဝစုပ်ယူနိုင်တဲ့ ပန်းတစ်မျိုးပဲ၊ သူ့ရဲ့ရနံ့က အလွန်မွှေးပြီး ဦးခေါင်းကို ကြည်လင်စေတယ်၊ ခေါင်းမူးခေါင်းကိုက် ပျောက်စေတယ်၊ ဒီပန်းကို ဆေးအဖြစ်သုံးတတ်ရင် သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါများ ပျောက်ကင်းတယ်’

‘အဲဒါ ဘယ်လိုသုံးရမလဲ’

‘အင်း… ပြောရရင် အရှည်ကြီးပဲ။ အဲဒီနည်းက





‘ဓာတ်နှင့်နက္ခတ် ဆက်သွယ်မှုကျမ်း’မှာ ဘယ်လိုလုပ်ရမယ် ဆိုတာပါတယ်’

‘အဘလှရေ၊ ကုမုဒြာပန်းလည်း တစ်ခါမှမတွေ့ဖူးဘူး၊ တွေ့မှပဲ အဘလှဆီမေးတော့မယ်’

သည့်လိုနှင့် အဘလှနှင့် စကားဆက်ပြတ်သွားပါသည်။ အဘလှသည် သူ၏အမိဋ္ဌာန်အတိုင်း ကျိုက်ခေးရုံဘုရားကြီးသို့သွားကာ အဓိဋ္ဌာန်ပုတီးစိပ် စိပ်ရန် ထွက်ခွာသွားပါသည်။ အဘလှသည် အညိုရောင်ယောဂီဝတ်စုံကို ဝတ်ဆင်ထားပြီး ၎င်းတွင် လွယ်အိတ်တစ်လုံး အမြဲပါပြီး ၎င်း၏လွယ်အိတ်ထဲ၌ စိပ်ပုတီး ဆေးပုလင်းမျိုးစုံနှင့် စာအုပ် (၂)အုပ်၊ (၃)အုပ် ပါပါသည်။ ၎င်းအာရုံကျသူများကို ဟောပြောပေးတတ်သည်။ အာရုံမကျလျှင် မည်သို့သောသူကိုမျှ မဟောပြောပေ။ ထို့အတူ ကျန်းမာရေးမကောင်းသူများက တောင်းခံလျှင် ၎င်း၏ဓာတ်ဆေးနှင့် ကုသတတ်သည်။ သို့သော် ငွေကြေး တစ်ပြားတစ်ချပ်မှ မတောင်းခံချေ၊ စေတနာရှိသူများက စားသောက်ဖွယ်ရာများ လှူလျှင်သာ လက်ခံသည်။ ဒီလိုနှင့် ညနေစောင်းတွင် အဘလှ ပြန်လာပါသည်။ ရေမိုးချိုးကာ ထမင်းစားပြီးချိန်သည် ည(၇)နာရီ



www.burmeseclassic.com

www.burmeseclassic.com



လောက်ရှိချေပြီ။ အိမ်ရှေ့ကွပ်ပျစ်တွင် ထိုင်ရင်း ရေနွေးကြမ်း၊ လက်ဖက်သုပ်နှင့် အဘလှအား ဧည့်ခံခဲ့ပါသည်။ ကျွန်မ၊ ကျွန်မ၏ အမေနှင့် အဘလှတို့ စကားစမြည် ထပ်မံပြောမိကြပါသည်။

'ညီမလေးအပု - မင်းတို့ ငါတို့ သမီးလေးတို့ဟာ ဘုမ္မိယတွေပဲ၊ လူ့ဘဝကို သာသနာပြုဖို့ ရောက်လာကြတာ၊ ဒါကြောင့် ဘုရား၊ တရား၊ သံဃာရဲ့ဂုဏ်တော်များကို မမေ့နဲ့'

'ဟုတ်ကဲ့ အဘလှ၊ ဘုမ္မိယဆိုတာဘာလဲ၊ အဘလှက လူတွေ့ရင် ဘုမ္မိယတွေပဲ ပြောနေတာ သမီးကြားတယ်'

'သမီးကို ရှင်ပြလည်း နားလည်မှာ မဟုတ်သေးဘူး'

'အဘလှ၊ လူတွေဟာ ဗြဟ္မာကြီးလေးဦး မြေသင်းနံ့ခဲကိုစားပြီး ဗြဟ္မာပြည်ကို မပြန်နိုင်ဘဲ လူတွေဖြစ်လာတယ်လို့ ကြားဖူးတယ်။ ဒါကြောင့် မြေကြီးစားပြီး လူဖြစ်လာတော့ အားလုံးဟာ ဘုမ္မိယတွေ ဖြစ်လာတာလား'

'ဒီကလေး တောက်တီးတာက်တက်တွေ -ပြောရေ့မယ်။ သမီးရဲ့အကြောင်းကို အဘလှပြောခဲ့မယ်။ သမီးဟာ





ကိုယ့်ရဲ့ပဋ္ဌာန်းဆက်တွေရဲ့ ဒုက္ခများကို ကယ်တင်ရမယ်၊ သာသနာပြုရမယ်။ သာသနာရဲ့ရန်စွယ်များကို ဖယ်ရှားပေးရမယ်၊ သမီးရဲ့ခန္ဓာကိုယ်တွင်းမှာ 'ဥဿုန္န'ဆိုတဲ့ အပူဓာတ်များနေတယ်၊ 'သီတ'ဓာတ်နည်းနေတဲ့အတွက် လုပ်ငန်းများလုပ်ဆောင်ရာမှာ အေးဆေးတည်ငြိမ်တဲ့စိတ် မထားနိုင်ဘူး၊ ဒေါသဖြစ်လွယ်တယ်၊ အရင်စလိုလုပ်တတ်တယ်၊ဒါကြောင့် သမီးဟာ 'စေတနာပြုသော်လည်း အကောင်းမထင်ရတတ်၊ ဤအကောင်းမထင်ပေမယ့် တစ်နေ့မှာ သမီးရဲ့စေတနာကို နားလည်သွားမယ်၊ နားမလည်ဘဲ အထင်မှားနေချိန်မှာ သမီး 'လုံး၀'မရှင်းပြပါနှင့်၊ အထင်မှားခြင်းကို ခံယူပါ'

'ဟာ... အဘလှ၊ ဒါတော့မဖြစ်ဘူးနဲ့ တူတယ်၊ သမီးက မမှန်ဘူးထင်ရင် ချက်ချင်းရှင်းတတ်တယ်၊ အဲဒီအချိန်မှာ မိုးပုဆိန်ကြီးရွာနေပါစေ၊ ဓားမိုး လှံမိုးရွာနေပါစေ၊ ရှင်းကို ရှင်းရမှ။ အို... နောက်ဆုံး ရှင်းလို့သေမယ်ဆိုရင်တောင် အသေခံမယ်'

'အိမ်း... ဒါဟာ စိတ်ထက်တဲ့လူတွေရဲ့ သဘောတရားပဲ၊ ဘာပဲပြောပြော အဘပြောတာ နားထောင်ပါ။ ဒါကိုကျင့်ပါ။ သည်းခံခြင်းတရားထားပါ။ နောက်ကမ်



www.burmeseclassic.com

www.burmeseclassic.com



ချက် သမီးအသက်လေးဆယ်ကျော်ရင် နိုင်ငံတကာ အရပ်တကာကို ရောက်မယ်၊ ရောက်တဲ့နေရာမှာ သာသနာပြုပါ၊ နောက် နှလုံးရောဂါနှင့်သွေးတိုးရောဂါဖြစ်မယ်၊ အနောက်တိုင်းနဲ့ မပျောက်ဘူး၊ သက်သာရုံပဲရမယ်၊ အဓိက မြန်မာဆေးပညာရဲ့ စွမ်းပကားကို သမီးသိရမယ်၊ အဲဒီအချိန်ကစပြီး သာသနာပြုလုပ်ငန်းတွေကို ကြိုးကြိုးစားစား လုပ်ရမယ်'

'ဟုတ်ကဲ့ အဘလှ'

'သမီး အဘလာတာ ဒီအကြိမ်ဟာ နောက်ဆုံးဖြစ်ချင်ဖြစ်မယ်၊ အဘရဲ့ ပညာအမွေကို လက်ဆင့်ကမ်းချင်ပေမယ့် သမီးဟာ လောကဓာတ်ပညာရှင်တစ်ယောက်ဖြစ်နေတဲ့အတွက် အချိန်မကျသေးဘူး၊ တစ်နေ့မှာ လောကကြီးမှာရှိတဲ့ လူတွေရဲ့ပရိယာယ်တွေ၊ ချစ်ခြင်း၊ မုန်းခြင်း၊ ချီးကျူးခြင်း၊ ကဲ့ရဲ့ခြင်းစတဲ့ လောကဓံတရားတွေ ခံစားရတဲ့အခါမှ အဘကို သတိရလာမယ်၊ သမီးသတိရတဲ့အချိန်မှာ အဘရှိမှာ မဟုတ်တော့ဘူး၊ ဒါကြောင့် သမီးကို ဒီ'မဟာဂန္ဓာရီအရိယာဝိဇ္ဇာကျင့်နည်းကျမ်း''ဂမ္ဘီရပေါင်းချုပ်ကျမ်း'နှင့်'ဓာတ်နဲ့နက္ခတ်ဆက်သွယ်မှုကျမ်း'စတဲ့ ကျမ်း(၃)အုပ်ကို





ပေးခဲ့မယ်၊ အလိုရှိရာ သုံးတတ်ပါစေ၊ အခုလည်း သမီးကို အန္တရာယ်ကင်းအောင် 'ဆေး'တွေတိုက်ခဲ့မယ်'

အဘလှသည် ဆေးများ တိုက်ကျွေးခဲ့ပါသည်။ နောက်ပိုင်းတွင် ကျွန်မမှာ ဓာတ်ခွဲဘက်ဆိုင်ရာ ကျွမ်းကျင်အဖြစ် ဆေးရုံများ၌ တာဝန်ကျသည်ကတစ်ကြောင်း၊ အိမ်ထောင်ပြုဖြစ်သွားသည်ကတစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဒေးဒရဲသို့ မရောက်ဖြစ်ခဲ့တော့ပေ။ အဘလှမှာသည်း ဂမ္ဘီရအတတ်များကို ဖယ်၍ အဓိဋ္ဌာန်ပုတီးများစိပ်ကာ သာသနာပြုရင်း လူ့ဘောင်လောကမှ စွန့်ခွာသွားခဲ့ပါသည်။

ထိုအချိန်အခါမှစ၍ အဘလှပြောသလိုပင် လူ့ဘုံလောကကြားတွင် စေတနာမှ ဝေဒနာဖြစ်ခြင်း၊ ချစ်ခြင်း၊ မုန်းခြင်း၊ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းစသည့် လှိုင်းကြားထဲတွင် နစ်ချည်ပေါ်ချည် ဖြစ်ခဲ့ရပါသည်။ ကိုယ်က မမှန်ဘူးထင်သဖြင့် ဖြေရှင်းလေလေ ပိုရှုပ်လေလေ ရှင်းမရဖြစ်ခဲ့ရပြီး ကြာမှသာ ကိုယ့်စေတနာကို နားလည်သွားကြပါသည်။ ထိုသော် သူတို့ ကျွန်မ၏စေတနာ နားလည်ချိန်တွင် အချိန်နှောင်းသွားသည်လည်းရှိသည်။ အချိန်မနှောင်းသေးသည်



www.burmeseclassic.com

www.burmeseclassic.com



လည်း ရှိခဲ့ဖူးပါသည်။ ကြာလာသောအခါ အဘလှပြော သလိုပင် ခန္တီတရားတော်ကို လက်ကိုင်ထားရင်း အမိဌာန် ပုတီးစိပ်ကာ စိတ်ကို ဖြေသိမ့်ခဲ့ရပါသည်။ ထိုသို့နေရင်းပင် သွေးတိုးရောဂါနှင့် နှလုံးရောဂါဖြစ်လာသဖြင့် ခေါင်းအမြဲ မူးဝေကာ အသက်ရှူမဝဖြစ်လာသည့်အတွက် အထူးကုဆရာ ဝန်ကြီးများနှင့် ပြသခဲ့ရပါသည်။ သွေးကျဆေး နှလုံးဆေး များစားသော်လည်း မပျောက်ပေ၊ သက်သာရုံသာရှိပါသည်။ လောက၏ဒဏ်ကို ခံစားရလေလေ အဘလှကို သတိရလေ လေ။ သို့သော် အဘလှမှာ လူ့လောကကြီး၌ မရှိတော့ပေ။ သူရှိစဉ်က သူ့ပညာများကို မယူမိသည်မှာ ကျွန်မ၏မဟာ အမှားဖြစ်မှန်း သိခဲ့ရသည်။

နောက်ဆုံးနှုတ်နှင့်ပင် မမေးမိသည်မှာ မှားချေပြီ။ ကျွန်မ ယူကျုံးမရဖြစ်မိပါသည်။ အိမ်၌အဘလှပေးထား သော ကျမ်းစာအုပ်များကို ရှာသော်လည်း မတွေ့ရတော့ချေ။ နောက်ဆုံးလက်လျှော့လိုက်ကာမှ အိမ်၌ခြတက်သဖြင့် အိမ် ရှင်းသောအခါ၌ အဘလှ၏ နောက်ဆုံးအမွေပေးခဲ့သော ကျမ်း(၃)စောင်ကို ပြန်တွေ့ခဲ့ရပါသည်။ ထိုကျမ်း(၃)စောင် ကိုတွေ့သောအခါ ကျွန်မ၏ ဝမ်းသာမှုကို ဖော်ပြ၍မတတ်





အောင်ပင် ဖြစ်ခဲ့ရပါသည်။ ထို့ကြောင့် ပထမဦးစွာ 'ဓာတ် နှင့် နက္ခတ်ဆက်သွယ်မှုကျမ်း' ကို ဖတ်ရှုမိပါသည်။

## 'ဓာတ်နှင့်နက္ခတ်ဆက်သွယ်မှုကျမ်းအဖွင့်'

ပါဝင်သောအခန်းကဏ္ဍများ-

(၁) အာယု၏လျှို့ဝှက်ချက်များ

အာယုစန်းနှင့် ခန္ဓာကိုယ်တို့၏ ဆက်သွယ်မှု အခွန့် ရှည်ခြင်း(သို့မဟုတ်) အာယုစန်းသက်ရှည်ကြာစွာ ခန္ဓာကိုယ် တွင်းရှိနေခြင်း။

(၂)စကြဝဠာအတွင်းရှိ ကမ္ဘာ့ဆွဲငင်အားရှိသောစက် ဝိုင်းများနှင့် လူသားတို့၏ ခန္ဓာကိုယ်တွင်းရှိ အရည်များ အပေါ်၌စိုးမိုးခြင်း။

(၃) ကောင်းကင်နက္ခတ်၊ ဂြိုဟ်နေဂြိုဟ်စား ဂြိုဟ် သွား ဂြိုဟ်လာများနှင့် ခုနစ်ရက်သားသမီးတို့၏ ကံကြမ္မာ

(က) ဂြိုဟ်မြင်၊ ဂြိုဟ်ရှင်၊ ဂြိုဟ်ပူးတို့၏အဟော များ

(ခ) နိရတုံကျင့်ခြင်း၊ ဗျက္ကာစကျင့်ခြင်းနှင့် မွေး ဖွားသောကလေးများ၏ကြမ္မာဖတ်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မသည် အဖွင့်ကျမ်းကို ဆက်မဖတ်တော့ဘဲ အာယု၏လျှို့ဝှက်ချက်များ၏ စာမျက်နှာကို ဖတ်မိပါသည်။

## အာယု၏လျှို့ဝှက်ချက်များ

အသက်ဇီဝ(သို့) အာယုစန်းသည်ကိုယ်ခန္ဓာအတွင်း၌ ကြာရှည်စွာနေထိုင်ခြင်းဟု ခေါ်ဝေါ်ကြပါသည်။ ဤသို့ အသက်ရှည်ကြာစွာ နေခြင်းမှာ စားသောက်သောအာဟာရနှင့် အသက်ကို ချွေတာစွာရှူရှိုက်ခြင်းတို့အပေါ်၌ မူတည်နေပါသည်။ အာယုစန်း၏ လျှို့ဝှက်ချက်များကို သိသူသည် လူ့လောကအတွင်း၌ အသက်ရှည်စွာ အနာမဲ့ကြောင်းဆိုသည် သကဲ့သို့ ရောဂါဘေးကင်းကွာ ကျန်းမာပကတိရှိဘိ၏။

(က) အာယုစန်းနှင့် ခန္ဓာကိုယ်တို့ ဆက်သွယ်မှု အခွန့်ရှည်ခြင်း(သို့မဟုတ်) အာယုစန်းသက်ရှည်ကြာ ခန္ဓာကိုယ်တွင်းရှိနေခြင်း အကြောင်းတရားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ လူသားများသည် ရေ မြေ လေ မီး ဟူသော ဓာတ်ကြီးလေးပါးနှင့်ဖွဲ့စည်းထားသော အမျိုးအစား၌ ပါဝင်သည်။ လူသားတို့အတွက် လိုအပ်သောဓာတ်မှာ နေဓာတ်၊ လဓာတ်များ 'ဥဏှ'နှင့် 'သီတ'ဟုခေါ်သော





အပူဓာတ်နှင့် အအေးဓာတ်ဖြစ်သည်။ ၎င်းဓာတ် (၂)ခုသည် နေကြာစေ့နှင့် ကုမုဒြာ၌ပါရှိပါသည်။

(၁) နေကြာစေ့ လက်တစ်ဆုပ်ခန့်ကို နေထွက်ရာဘက်သို့ကြည့်၍ နံနက် (၉)နာရီ၌စားပါ။

(၂) လရောင်ရရှိမှ ပွင့်သော ကုမုဒြာပန်းကို ထိုညမှာပင် သုတ်စားပါ။ ခန္ဓာကိုယ်တွင်းရှိ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါနှင့် စိတ်ရောဂါအမျိုးမျိုးကို ပျောက်ကင်းစေပါသည်။ (မှတ်ချက်။ ။ နေကြာနှင့် ကုမုဒြာပန်းစားခြင်းသည် တစ်နေ့တည်းဖြစ်ရမည်)ဤသည်မှာ နေကြာပန်းနှင့် ကုမုဒြာပန်းတို့၏ဓာတ်သဘောကို ညွှန်ပြထားခြင်းဖြစ်ပါသည်။ အခြား အကြောင်းအရာ များစွာရှိပါသည်။ သို့သော် အခြားအကြောင်းတရားများမှာ နေကြာနှင့်ကုမုဒြာမသက်ဆိုင်သည့်အတွက် စာရေးသူမှာ ချန်လှပ်ထားခဲ့ပါသည်။ အသက်ချွေတာ ရှူရှိုက်ခြင်းအကြောင်းနှင့် အခြားစကြာဝဠာ၏ ဆက်သွယ်မှု အကြောင်းတရားများအား အလျဉ်းသင့်သလို ဖော်ပြသွားပါမည်။

ယခုမှာမူ စာရေးသူကိုယ်တိုင်ပင် နှလုံးသွေးတိုးရောဂါများဖြစ်နေသည့်အတွက် ငွေကြေးများစွာ ကုန်ကျခြင်း


www.burmeseclassic.com

www.burmeseclassic.com

မရှိဘဲ နေ့ခြောက် လခြောက်ကို ရနိုင်သော ဤနေကြာနှင့် ကုမုဒြာနည်းကလေးကို စမ်းသပ်မည်ဟု စိတ်ကူးထားပါသည်။ ထို့ကြောင့် ဒေါ်မြသိန်းထံသို့ သွားကာ စကားဆိုမိပါသည်။

'ကဲ… နေကြာရဲ့ ကုမုဒြာရဲ့အကြောင်းများကတော့ ခုနက ပြောသလိုပါပဲ၊ ကိုယ်တိုင်စမ်းသပ်ကြည့်ချင်တဲ့အတွက် နောက်တစ်ခါ ကုမုဒြာပန်းပွင့်ရင်တစ်ပွင့်လောက် ပေးပါ'

'ရပါတယ်၊ ပေးပါမယ်။ အခုလိုသိရတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်'

ဒေါ်မြသိန်းက ဤသို့ပြောစဉ် အဘွားမြက ထပ်မံ၍ အကြံတစ်ခုပေးပါသည်။

'ကဲ… ကျုပ်တစ်ခု အကြံပေးချင်တယ်'

'ပြောပါ အဘွားမြ'

'အသက်ရှည်ကာ အနာမဲ့သူသျှပါဂူတဲ့၊ အဲဒီတော့ နေကြာနဲ့ ကုမုဒြာကို မစားခင်မှာ ဘုရားရှိခိုးပြီး တိုင်တည်မယ်။ သျှင်ပါဂူဟာ အသက်ရှည်ကာ အနာမဲ့သူပါ။ ဤမှန်ကန်သော သစ္စာတရားကြောင့် ကျွန်ုပ်တို့လည်း သျှင်ပါဂူ





ကဲ့သို့ အသက်ရှည်ကာ အနာမဲ့ရပါစေ'

'ဒါလည်း ကောင်းတဲ့တောင်းဆု တစ်ခုပါပဲ၊ ကောင်းပါတယ်၊ ကောင်းပါတယ်'

'ဒီတော့ ဆုတောင်းအပြီးမှာ ဇတေန သစ္စဝဇ္ဇေန ဟောတုမေ အယုဝဍ္ဍနံ (ဤမှန်သော သစ္စာကြောင့် ကျွန်ုပ် အသက်ရှည်ပါစေ)လို့ဆိုမယ်'

'ဟုတ်ပါတယ်၊ ကျွန်မကလည်းအားလုံးကိုအသက်ရှည်စွာ အနာမဲ့ပါစေလို့ ဆုတောင်းလိုက်ပါတယ်'

လူသားအားလုံး အသက်ရှည်ကျန်းမာ ဤကမ္ဘာ၌ပျော်ပါစေကြောင်း ဆုမွန်တောင်းလျက်…။


(မှတ်ချက်။ ။ ဓာတ်နှင့်နက္ခတ်ဆက်သွယ်မှုကျမ်း၌ပါရှိသော အကြောင်းအရာများမှာ များစွာရှုပ်ထွေးပါသဖြင့် စာဖတ်သူများ လွယ်ကူစွာသိရှိရန်၊ အကျဉ်းချုပ်တင်ပြထားပါသည်။)

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ဓာတ်တော်ကုန်းမှ ထူးခြားသောဖြစ်ရပ်ဆန်းများ

လောကကြီးတွင် အဖြစ်အပျက်မျိုးစုံတို့ဖြင့် ကျင်လည်ကာ ဖြစ်ပျက်နေသော သဘောရှိပါသည်။ ထိုသို့သော ဖြစ်ပျက်မျိုးစုံကို ကုန်စင်အောင်သိရန်မှာ မြတ်စွာဘုရား သခင်သာရှိပါသည်။ အတတ်ပညာအမျိုးမျိုး၊ ကမ္ဘာကြီး၏ လျှို့ဝှက်သော ဖြစ်ရပ်အထွေထွေနှင့် စကြာဝဠာကြီး၏ ပြောင်းလဲခြင်း၊ ဖြစ်ခြင်း ပျက်ခြင်းတို့သည် အချိန်နှင့်အမျှ ဖြစ်ပျက်နေခဲ့ပါသည်။ ထိုသို့သော သဘာဝကို လေ့လာသော်လည်း ပြီးပြည့်စုံရန် ခက်လှပါသည်။ လူ၏သဘာဝအတိုင်း မွေးဖွားလာခြင်းဖြင့် အစတည်၍ သေခြင်းဖြင့် အဆုံးသတ်ကြပါသည်။ မြတ်စွာဘုရားနှင့် ရဟန္တာတို့ သေဆုံးခြင်းကို ပရိနိဗ္ဗာန်စံသည်ဟု ခေါ်ပါသည်။ မြတ်စွာဘုရားနှင့် ရဟန္တာများ၏ ပရိနိဗ္ဗာန်ဝင်ခြင်းကို လေ့လာသောအခါ ထူးခြား



www.burmeseclassic.com

www.burmeseclassic.com



ရွာ ဓာတ်တော်များ ကြွင်းကျန်ခဲ့ကြောင်း သိရှိရပါသည်။ မြတ်စွာဘုရားရှင် ကြွင်းကျန်ခဲ့သော ဓာတ်တော်များကို စေတီများတွင် ဌာပနာထားပြီး ကိုးကွယ်ခဲ့ကြပါသည်။ ထို့အတူရဟန္တာအရှင်မြတ်များ ပရိနိဗ္ဗာန်ဝင်သည့်အခါ အဓိဋ္ဌာန်တော်မူခဲ့လျှင် ဓာတ်တော်များကျ၍ အဓိဋ္ဌာန်မရှိခဲ့လျှင်ပကတိအရိုးသာကျတတ်ပါသည်။

သုတ္တနိပါတ်အဋ္ဌကထာ(ပ)၊ အာမဂန္ဓသုတ်အဖွင့်(၃၀၃)တွင် အကြင်ပုဂ္ဂိုလ်တွေဟာ ကိလေသာ အလွန်ထူပြောတယ်ဆိုလျှင် ထိုပုဂ္ဂိုလ်တွေဟာ အလွန်အနံ့ဆိုးသည်။ ကိလေသာကင်းတဲ့ ရဟန္တာများကျတော့ ပရိနိဗ္ဗာန်ဝင်စံပြီးတဲ့ ခန္ဓာကိုယ်သော်လည်း မကောင်းသော အပုပ်နံ့မထွက်ချေ။ သို့သော် ခန္ဓာကိုယ်မနံတိုင်းလည်း ရဟန္တာလို့ မဆိုးဖြတ်နိုင်ချေ။ အဘယ်ကြောင့်ဆိုသော် အချို့ပုဂ္ဂိုလ်များ ရေးက ဆုတောင်းကောင်းလျှင်သော်လည်းကောင်း၊ သီလသမာဓိနှင့်ပြည့်စုံသောသူများသည် လည်းကောင်း၊ အပုပ်နံ့မထွက်ဘဲ အမွှေးနံ့ထွက်တတ်သည်။ ရဟန္တာဟူ၍ ဆုံးဖြတ်နိုင်သည်မှာ ခန္ဓာကိုယ်ကို မီးသင်္ဂြိုဟ်ပြီးနောက် ကျန်ရစ်သော အရိုးစုကို ကြည့်ခြင်းဖြင့်သာ ဆုံးဖြတ်နိုင်ပါသည်။





ရှင်ဗာကုလ ရဟန္တာဓာတ်တော်များအကြောင်းတွင် ရဟန္တာအရှင်သူမြတ် ရှင်ဗာကုလသည် ပရိနိဗ္ဗာန်စံဝင်သောအခါ ခန္ဓာကိုယ်မှ တောဇောဓာတ်လောင်ကျွမ်းကာ မုလေးပန်းငုံအဆင်းရှိသော ဓာတ်တော်များကြွင်းကျန်၏။

ညီတော်အာနန္ဒာသည် ပရိနိဗ္ဗာန်စံဝင်တော်မူခါနီးတွင် ရောဟိနီမြစ်၏အထက်ကောင်းကင်ထက်ဝယ် ဖွဲ့ခွေထိုင်နေတော်မူပြီး အဓိဋ္ဌာန်ပြုပါသည်။ ပရိနိဗ္ဗာန်စံဝင်တော်မူလျှင် ၄င်းဝယ်ကိုယ်နှစ်ခြမ်းခွဲ၍ မြစ်၏ဟိုဘက်ကမ်း၊ သည်ဘက်ကမ်း၌ ကျပါစေဟု အဓိဋ္ဌာန်ပြုခဲ့ပါသည်။ ထိုအဓိဋ္ဌာန်အတိုင်း မြစ်၏ဟိုဘက်ကမ်း သည်ဘက်ကမ်းတွင် ဓာတ်တော်များအညီအမျှ ကျခဲ့ကြောင်း ဖတ်ရှုရပါသည်။

ထိုသို့သော ထူးခြားသည့်ဓာတ်တော်များအကြောင်းကို လေ့လာနေခိုက်တွင် မြန်မာပြည်တစ်နေရာ၌ ရဟန္တာဓာတ်တော်များ ကိန်းဝပ်ရာဓာတ်တော်ကုန်းသို့ ထူးခြားသောအစီအစဉ်ဖြင့် ရောက်ရှိသွားကာ ဓာတ်တော်များရရှိခဲ့ပုံ ကြားသိခဲ့ရပါသည်။ ဓာတ်တော်ကုန်းမှ ထူးခြားသောဖြစ်ရပ်ဆန်းများနှင့်အတူ ထိုဓာတ်တော်ကုန်းသို့ ရောက်ရှိသွားသော ဆရာတော်ကြီးတစ်ပါးနှင့် စာရေးသူတို့ မမျှော်လင့်သော



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် တွေ့ဆုံခဲ့ရပါသည်။

စာရေးသူသည် အကြောင်းကိစ္စ တစ်ခုဖြင့် ပဲခူးမြို့သို့ ရောက်ခိုက် ပြုဖွယ်ကိစ္စများအပြီးတွင် ဘုရားဖူးရာမှ 'ဆုတောင်းပြည့်စေတီ'တော်သို့ ရောက်ရှိခဲ့ပါသည်။ စေတီတော်သို့ရောက်ခိုက် လှည့်လည်ဖူးမျှော် ကြည်ညိုခဲ့ပါသည်။ စေတီတော်မှာ ရှေးဟောင်းစေတီတော်မဟုတ်ဘဲ မကြာသေးခင်ကမှ တည်တော်မူသော စေတီတော်တစ်ဆူဖြစ်ပါသည်။ စေတီတော် အမျိုးအစားမှာ မြေစိုက်စေတီတော်ဖြစ်ပြီး အတောင် (၂၀)ကျော်မျှရှိမည်ဟု ခန့်မှန်းရပါသည်။ စေတီတော်ကို အလွန်လက်ရာမြောက်စွာ တည်ထားသည့်အတွက် အလွန် သပ္ပာယ်လှပါသည်။ စေတီတော်၏ ရင်ပြင်တော်သည် သန့်ရှင်းနေပြီး ညနေခင်း၏ လေပြေအနှော့ဝယ် ဆည်းလည်းကလေးများ၏ တချွင်ချွင်မည်သော ရိုက်ခတ်သံကလေးများသည် ဘုရားဖူးလာသူများအတွက် သာယာနာပျော်ဖွယ် အသံကလေးများဖြစ်ပါသည်။ စေတီတော်ကြီးအား ကြည်နူးစွာ လှည့်ပတ်ပူဇော်ရင်း ရင်ပြင်တော်တစ်နေရာတွင် တံမြက်လှည်းနေသော အဘတစ်ဦးကို တွေ့ရပါသည်။ ထိုအဘသည် ဘုရားတရားကို ယုံကြည်ကိုးကွယ်သူ





တစ်ဦးဖြစ်ပြီး ဘုရားပုရဝုဏ်အတွင်း သန့်ရှင်းစေရန် ကုသိုလ်ယူ၍ တံမြက်လှည်းပေးနေသူတစ်ဦး ဖြစ်ပါသည်။ စာရေးသူလည်း စေတီတော်၏ရင်ပြင်တော်တွင် တံမြက်လှည်းရင်း ကုသိုလ်ယူခဲ့ပါသည်။ သည်တွင် ဆုတောင်းပြည့်ဘုရား၏ ထူးခြားသော သမိုင်းရှိကြောင်း၊ ၎င်းသိသည့်အချက်များမှာ အကုန်အစင် မပြည့်စုံကြောင်းနှင့် ဆရာတော်ကြီးအား သိလိုသည့်အချက်များကို မေးမြန်းလျှောက်ထားနိုင်ကြောင်း ပြောပြပါသည်။ ၎င်းပြောပြသော သမိုင်းကြောင်းသည် မပြည့်စုံလင့်ကစား ထူးခြားသော ဖြစ်ရပ်ဆန်းကြယ်များ ပါဝင်နေသဖြင့်၊ ဤစေတီတော်၏ သမိုင်းကြောင်းအပြည့်အစုံကို များစွာသိလိုသည့်အတွက် ဆရာတော်ကြီးအား ထူးခြားသောဓာတ်တော်ကုန်းမှ ဖြစ်ရပ်ဆန်းကြယ်တို့ကို ကြားသိခဲ့ရပါသည်။

ဆရာတော်ကြီးမှာ ထိုနေ့ညက အိပ်မက်တစ်ခု မက်ပါသည်။ အိပ်မက်ထဲတွင် ချောမောပြေပြစ်တင့်တယ်သည့် အသားဖြူဖြူ အသက်(၂၅)ခန့်ရှိမည်ဟုထင်ရသော မိန်းမပျိုကလေးတစ်ဦးနှင့် အသက်လေးဆယ်ကျော်အရွယ် အသားညိုညို အမျိုးသမီးတစ်ဦး၊ ပေါင်းနှစ်ဦးတို့သည် ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com



ရှိရာသို့ ရောက်ရှိလာခဲ့ကြပါသည်။

'ဆရာတော်ဘုရား၊ တပည့်တော်မတို့ဟာ ဓာတ်တော်ကုန်းကပါ ဘုရား'

'အိမ်း... ဘာကိစ္စနဲ့လာတာတုံး'

'မှန်ပါ့ဘုရား၊ မကြာခင်မှာ တပည့်တော်မတို့ ဓာတ်တော်ကုန်းမှာ ရဟန္တာဓာတ်တော်များကို ပင့်ဆောင်တော်မူပါ၊ အသစ်တည်မည့်ဘုရားများ၌ ဌာပနာတော်မူပါ ဘုရား'

'အိမ်း... ဓာတ်တော်ကုန်းကတော့ ဟုတ်ပါပြီ၊ ဓာတ်တော်တွေကို လာယူပင့်ပါဆိုတာလည်း ကျုပ် လက်ခံတယ်။ ဒါပေမဲ့ ဓာတ်တော်ကုန်းက ဘယ်နားမှာလဲ၊ ဘယ်အရာဟာ ဓာတ်တော်တွေလဲ၊ ဘယ်လိုလာပြီး ဘယ်လိုယူရမလဲ'

'မှန်ပါ့ဘုရား... မသိလျှင် ခက်၍ သိလျှင်လွယ်ပါတယ်ဘုရား၊ ဓာတ်တော်ကုန်းဆိုတာ မြင်းခြံမြို့ရဲ့အလွန်မှာရှိပါတယ်။ အရှင်ဘုရား မြင်းခြံမြို့ကိုသာ ရောက်အောင်လာခဲ့ပါ၊ တပည့်တော်မ ပြပါမည် ဘုရား'

အိပ်မက်ထဲတွင် ဆရာတော်ကြီးသည် တစ်ခါမှ





ရောက်ဖူးသော မြင်းခြံမြို့သို့ ရောက်ရှိသွားပြီး ထိုမှတစ်ဆင့် ကျေးရွာများသို့သွားသောလမ်းကို ဆက်၍ သွားခဲ့ပါသည်။ တောအုပ်များကိုလည်းကောင်း၊ ကျေးရွာများကိုလည်းကောင်း အသီးသီး ဖြတ်သန်းခဲ့ရပါသည်။ ဒူးလယ်ခန့်ရှိသော လမ်းကလေးအတိုင်း ဖြတ်သန်းခဲ့ရပါသည်။ ဿယ်ကန်သင်းရိုးဘေးရှိ တာလမ်းမခွဲမှထွက်သော လမ်းကလေးအတိုင်း ဆက်လျှောက်ခဲ့ရာ အတော်ဝေးဝေးနေရာတွင် ရွာကြီးတစ်ရွာကို တွေ့ရှိရပါသည်။ ရွာဦးထိပ်တွင် ကြာပန်းများနှင့် တင့်တယ်လှသော ရေကန်ကြီးတစ်ကန်ကိုလည်း တွေ့မြင်ရပါသည်။ ထိုရေကန်ကြီးတွင် ရေခပ်နေသော ရွာသူရွာသားများကို တွေ့ရပါသည်။ ဆရာတော်အား ထိုအမျိုးသမီးနှစ်ဦးတို့မှ အလွန်ကြည်လင် အေးမြသော ရေကိုခပ်လှူရာ ရင်ထဲတွင် အလွန်အေးမြ၍ အမောပြေသွားခဲ့ပါသည်။

'ကဲ... ဓာတ်တော်ကုန်းကို သွားကြမယ်၊ အသင့်ပြင်ထားကြပါ'

အသက်(၂၅)နှစ်ရွယ်ရှိ ဆရာတော်အားပင့်လာသည့် အသားမမှုပြောကြားရာ အားလုံးသောလူအများသည် ဖယောင်း



www.burmeseclassic.com

www.burmeseclassic.com



တိုင်များကို မီးထွန်းညှိပြီး တစ်ယောက်လျှင် ဖယောင်းတိုင် တစ်ချောင်းကိုင်ဆောင်၍ ဆရာတော်အား အရှေ့ဆုံးမှ ထားကာ၊ အမျိုးသားနှစ်ဦး ခြံရံပြီး ဓာတ်တော်ကုန်းသို့ သွားခဲ့ကြပါသည်။ ထိုအချိန်သည် ညအချိန်ဖြစ်ပြီး ဘေး ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေပါသည်။ စကားတစ် ခွန်းမျှမဆိုဘဲ တိတ်ဆိတ်သောညတွင် ဖယောင်းတိုင်မီးများ ဖြင့် စီတန်းလာသော လူအုပ်ကြီးမှာ ကုန်းကလေးပေါ်သို့ တရွေ့ရွေ့တက်လာပါသည်။ ထိုကုန်းလေးသို့ ရောက်သော အခါ လူများပတ်လည်ဝိုင်းကာ ဖယောင်းတိုင်များကို မြေ ပြင်ပေါ်တွင် ထွန်းလိုက်ပါသည်။

မကြာမတင်အချိန်တွင် ဖယောင်းတိုင်များကြားတွင် ရှိသော မြေကြီးမှ အရောင်မျိုးစုံ တောက်ပစွာ ပေါ်ထွက် လာပြီးနောက် နီညိုရောင် ဓာတ်တော်စုများ၊ အဖြူရောင် ဓာတ်တော်စုများ၊ မုလေးပန်းငုံအဆင်းရှိသော ဓာတ်တော် များကို ဖူးတွေ့ရပါသည်။ ထိုဓာတ်တော်များကို အမျိုးသား နှစ်ဦးမှ ပိတ်ဖြူစပေါ်တွင် ကောက်ယူ ထည့်ပြီး ပိတ်ဖြူစနှင့် တကွ ဓာတ်တော်များကို ပေးအပ်လိုက်ပါသည်။ ဆရာတော် ကြီးမှာလည်း ဝမ်းသာလိုက်သည့်ဖြစ်ခြင်းမှာ ဖော်မပြနိုင်





အောင် ပီတိများဖြာဝေခဲ့ရပါသည်။

ဆရာတော်ကြီး၏ အိပ်မက်မှာ ထူးဆန်းစွာဆက်၍ ဆက်ခဲ့ပါသည်။

'ဆရာတော်ဘုရား၊ တပည့်တော်မတို့ဆီကို အမြန် ဆုံးရောက်အောင် ကြွခဲ့ပါ ဘုရား'

'လာတာကတော့ ဟုတ်ပါပြီ… ဒကာမရှိ ဘာမရှိ နဲ့ ဆွမ်းကွမ်းကိစ္စ ဘယ်နဲ့လုပ်မတုံး'

'ဘာမှ မပူပါနဲ့ဘုရား၊ ဆရာတော်သာ ကြွခဲ့ပါ၊ အားလုံး အဆင်ပြေစေရပါမယ်'

'အေး… ဒါဖြင့် လာခဲ့မယ်'

'အရှင်ဘုရား… ဓာတ်တော်များ [illegible] ရှင်ဟာ သူ့အလိုလိုလာပါလိမ့်မယ်'

'အိမ်း… ကောင်းပြီ'

အိပ်မက်မှ နိုးသောအခါ ဆရာတော်ကြီးမှာ အိပ် မက်အကြောင်းကို တစိမ့်စိမ့် စဉ်းစားနေမိပါသည်။ ဤအိပ် မက်မှာ သာမန်အိပ်မက်မျိုးမဟုတ်။ ဓာတ်တော်များနှင့် ပတ် သက်၍ မက်သော အိပ်မက်ဖြစ်သဖြင့် ဓာတ်တော်ကုန်း သည်လည်း အမှန်တကယ်ပင်ရှိမည်ဟု တွေးထင်ကာ ဓာတ်



www.burmeseclassic.com

www.burmeseclassic.com



တော်ကုန်းရှိ ခတ်တော်များအား အရှာထွက်ရန် အာသီသ ဖြစ်ခဲ့ပါသည်။ ထို့ကြောင့် တပည့်တော် တစ်ဦးနှင့်အတူ မြင်းခြံသို့ ဂျစ်ကားကလေးဖြင့် ခရီးထွက်ခဲ့ပါသည်။ ဆရာတော်အား တင်ဆောင်လာသော ကားကလေးသည် မြင်းခြံမြို့သို့ ချောမောစွာ ရောက်ရှိခဲ့ပါသည်။ ထိုမှ ခရီးဆက်ရန် ခတ်တော်ကုန်းသို့သွားရန် လမ်းကို မေးမြန်းရာ မည်သူမျှ မသိလေသဖြင့် မြင်းခြံမြို့တွင် ယောင်လည်လည်ဖြစ်ကာ တစ်ည အိပ်ခဲ့ရပါသည်။ နံနက်စောစောတွင် ဆရာတော်ကြီးမှာ အကြံရကာ ဂျစ်ကားဆရာအား ရွာများဆီသို့ သွားသည့်လမ်းကို ဦးတည်၍ မောင်းနိုင်းခဲ့ပါသည်။ ထိုရွာများ၊ တောများ၊ လယ်ကွင်းများကို သိနေသည်ဟု ထင်ရပါသည်။ ၄င်းအိပ်မက်ထဲတွင် တွေ့ရသည့် ရှုခင်းများအတိုင်းပင် ဖြစ်ပါသည်။ ထိုမှဆက်၍သွားရာ ချောင်းရိုးကလေးတစ်ခုကို တွေ့ရပါသည်။ ထိုချောင်းမှာ ဒူးလယ်ခန့်အနက်ရှိသော ရေရှိပြီး ကားကို ထိုချောင်းကလေးအား ဖြတ်၍မောင်းရပါသည်။ ထိုချောင်းကိုတွေ့သောအခါ အိပ်မက်ထဲမှချောင်းကို သတိရသည်။ ထို့နောက် လယ်ကန်သင်းရိုးများကိုလည်း တွေ့ရပြီး ၄င်း၏ဘေးတစ်ဖက်တစ်ချက်တွင် တာလမ်းမခွဲကြီးတစ်ခုကို





တွေ့ရပါသည်။ ထိုလမ်းအတိုင်း မောင်းနှင်သွားရာ ညနေစောင်းတွင် ရွာတစ်ရွာသို့ ရောက်ရှိခဲ့ပါသည်။ ထိုရွာ၏ အမည်မှာ 'ဓမ္မရွာ' ဖြစ်ပြီး၊ ခတ်တော်ကုန်းအကြောင်း မေးမြန်းရာ ဤရွာနှင့်မနီးမဝေးရှိသော ကုန်းမြင့်ကလေးသည် ခတ်တော်ကုန်းဖြစ်ကြောင်း ပြောပြသဖြင့် ဆရာတော်ကြီးနှင့် ကားဒရိုင်ဘာ၊ တပည့်ဖြစ်သူများ အားရဝမ်းသာ ဖြစ်ခဲ့ရပါသည်။ ဆရာတော်ကြီးသည် စမ်းတဝါးဝါးဖြင့်သွားခဲ့သော ခတ်တော်ကုန်းသည် အမှန်တကယ်ပင်ရှိကြောင်းသိရသဖြင့် ဝမ်းပန်းတသာဖြစ်ပြီး ရွာသားများကလည်း ဆရာတော်ကြီးအား ခရီးဦးကြိုပြုခဲ့ပါသည်။

'ဆရာတော်... ခတ်တော်ကုန်းအကြောင်း ဘယ်ကဲ့သို့သိသည်ကို မိန့်တော်မူပါ'

'အိမ်း... အိပ်မက်ထဲမှာ ဒကာမနှစ်ဦးက ခတ်တော်ကုန်းက ခတ်တော်များပင့်ဖို့ လျှောက်တယ်၊ ကျုပ်ကလည်း လာခဲ့မယ်လို့ ကတိပြုလိုက်တယ်။ ဒါကြောင့် လာရှာတာ'

'ဒီရွာရဲ့ တောင်ဘက် (၃)ဖာလုံလောက် ဝေးတဲ့ တောက်ကုန်းကလေးဟာ ခတ်တော်ကုန်းပါပဲ၊ တပည့်



www.burmeseclassic.com

www.burmeseclassic.com



တော်တို့ရွာသားတွေဟာ ဓာတ်တော်ကုန်းက ဓာတ်တော်တွေအကြောင်းကို သိပ်မပြောကြပါဘူး။ ဘာကြောင့်လဲဆိုတော့ အဖိုမဖြတ်နိုင်တဲ့ ဓာတ်တော်တွေကို ထိန်းသိမ်းထားတဲ့သဘောတဲ့။ ဒါပေမဲ့ မနက်ဖြန် တော်သလင်းလပြည့်နေ့မှာ ဓာတ်တော်တွေကို ပူဇော်တဲ့ 'ဓာတ်တော်ပူဇော်ပွဲ' ရှိပါတယ်။ ဆရာတော်ကြီးလည်း ကြုံကြိုက်တဲ့အတွက် ဓာတ်တော်ပူဇော်ပွဲကို ကြွပြီး ဓာတ်တော်များကို ပူဇော်ပါ။ ပြန်ရင်လည်း ဆရာတော်ကြီးရဲ့ အိပ်မက်အတိုင်း ဆန္ဒပြည့်အောင်ဓာတ်တော်အချို့ကို ပူဇော်ဖို့ပေးလိုက်ပါမယ်'

ထိုနောက် ရွာသားများကပ်လှူသောရေကို သောက်လိုက်သောအခါ အလွန်ပင် အေးမြကာ၊ အမောပြေခဲ့ပါသည်။ ထိုရွာ၌ ဆရာတော်ကြီးသည် တစ်ညတာရပ်နား၍ တည်းခိုကျိန်းစက်ခဲ့ရပါသည်။ နံနက် လင်းချိန်တွင် အငွေ့တထောင်းထောင်းထနေသော ယာဂုများနှင့်အုန်းထန်းလျက်များဖြင့် ကပ်လှူကြပါသည်။ ထိုလှူအုပ်များထဲတွင် အသက်(၂၅)နှစ်အရွယ်ခန့်ရှိ အမျိုးသမီးတစ်ဦးနှင့် အသက်(၄၀)ကျော်ခန့် အမျိုးသမီးတစ်ဦး ပေါင်းနှစ်ဦးကို တွေ့ရပါသည်။ ဆရာတော်ကြီး၏ အိပ်မက်ထဲမှ ဓာတ်တော်များပင့်ရန်





လျှောက်သော အမျိုးသမီးများနှင့် အလွန်တူပါသည်။ သို့သော်လည်း ဆရာတော်ကြီးမှာ မာတုကာမများဖြစ်နေသဖြင့် သေချာစွာ မကြည့်တော့ဘဲ မျက်နှာလွှဲတော်မူပါသည်။

ထိုစဉ် အသက်လေးဆယ်ကျော် အသားညိုညို ဒကာမကြီးမှ ဆရာတော်ကြီးအား လျှောက်ထားပါသည်။

'ဆရာတော်ဘုရား... အိပ်မက်အရ သည်ရွာကို ကြွလာပြီး ဓာတ်တော်များ ပင့်ဆောင်မည်ဟု သိရသည့်အတွက် ဆရာတော်ကြီးရဲ့ဆန္ဒနှင့်အညီ ဓာတ်တော်များပင့်ရန် ပေးပါမည်။ ဆရာတော်ကြီး သည်ရွာ၌ရှိစဉ်၊ ဆွမ်းကွမ်းအတွက် တပည့်တော်မတို့ သားအမိ တာဝန်ယူပါတယ်ဘုရား'

'အိမ်း... အိမ်း'

ဆရာတော်ကြီးမှာ အိပ်မက်နှင့်များစွာ တူညီနေသည့်အတွက် ဤဖြစ်ရပ်ဆန်းကြယ်ပုံကို ဆင်ခြင်မိပါသည်။ ဆရာတော်ကြီးအား နေ့ဆွမ်းချိန်တွင် ဆွမ်းခဲဖွယ်များနှင့်အတူ ရွာသူ ရွာသားများ ကပ်ကြပါသည်။ ဆွမ်းစားပြီး ဆရာတော်ကြီးမှာ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းကာ အားလုံးကို မေတ္တာပို့သခဲ့ပါသည်။ ညနေ စင်္ကြံလျှောက်ချိန်တွင် မလှမ်း



www.burmeseclassic.com

www.burmeseclassic.com



မကမ်း၌ ကြာပန်းကြာပွင့်များနှင့် ပဏာရလှသော ရေကန်ကြီးကို လှမ်းတွေ့ရပါသည်။ အိပ်မက်ထဲမှာအတိုင်းပင် ရွာသူရွာသားများသည် ညနေဆည်းဆာချိန်တွင် အုပ်ဖွဲ့စကားပြောကာ၊ ရေခပ်နေသည်ကိုလည်း တွေ့မြင်ရပါသည်။ ဆရာတော်ကြီးမှာ ဤမြင်ကွင်းကို ခေါင်းတညိတ်ညိတ်နှင့်အသိအမှတ်ပြုခဲ့ပါသည်။ ထိုသို့ဖြင့် ညအချိန်သို့ရောက်သောအခါ ဓာတ်တော်ပူဇော်ပွဲသို့သွားရန် အသင့်ပြုလုပ်နေကြပါသည်။ ရွာသူရွာသားများသည် ဖယောင်းတိုင်များကို မီးထွန်းညှိကာ တစ်ယောက်လျှင် ဖယောင်းတိုင်တစ်ချောင်းကိုင်ဆောင်၍ ဆရာတော်ကြီးအား အရှေ့ဆုံး၌ထားကာ အမျိုးသားနှစ်ဦးခြံရံပြီး ဓာတ်တော်သို့ သွားခဲ့ကြပါသည်။ ထိုလူစုလူဝေးကြီးသည် စကားတစ်ခွန်းမျှ မဆိုဘဲ တိတ်ဆိတ်သောညတွင် တိတ်ဆိတ်စွာစီတန်း၍ ကုန်းကလေးပေါ်သို့ တရွေ့ရွေ့တက်လာသည်မှာ မိမိ၏အိပ်မက်အတိုင်း ဖြစ်နေသဖြင့် ရုပ်ရှင်ပြသည့်အလား မြင်ယောင်မိပါသည်။

ထို့နောက် ဖယောင်းတိုင်များကို ဓာတ်တော်ကုန်းရှိ မြေကြီးပေါ်တွင် စိုက်၍ မီးပူဇော်ခဲ့ကြပါသည်။ ၄င်းနောက် အမျိုးသားနှစ်ယောက်မှ မြေကြီးကိုဆက်၍ တူးဖော်ရာနီမြေး





သော ဓာတ်တော်များ၊ ဖြူဖွေးသော ဓာတ်တော်များနှင့် မီးခိုးရောင်ဓာတ်တော်များကို ရရှိခဲ့ပါသည်။ ရေဆေးပြီး ဓာတ်တော်များအား ဖြူစင်သော ပိတ်စနှင့်ထုတ်ကာ၊ ဆရာတော်ကြီးအား ပေးအပ်လိုက်ပါသည်။ ဘ၀တစ်သက်တာတွင် ဤသို့သော အဖြစ်မျိုးမှာ တစ်ခါဖူးမျှ မကြုံဘူးသဖြင့် အံ့ဩ၀မ်းသာကာ ဓာတ်တော်များကို အလွန်ကြည်ညိုစွာပူဇော်ခဲ့ပါသည်။

ဓာတ်တော်များရရှိပြီး နောက်တစ်နေ့တွင် ဆရာတော်ကြီးမှာ ထိုရွာမှ ပြန်ကြွခဲ့ပါသည်။ ရွာသူရွာသားများကလည်း ဆရာတော်၏ ဓာတ်တော်ပင့် ခရီးစဉ်မှာ အနှောင့်အယှက်ကင်းစွာဖြင့် ပဲခူးမြို့သို့ ပြန်ရောက်ခဲ့ပါသည်။ အလွန်ထူးဆန်းစွာ အိပ်မက်အရ သွားရောက်ခဲ့သည့်ခရီးမှာ အောင်မြင်ချောမောစွာဖြင့် အဖိုးမဖြတ်နိုင်သော ရဟန္တာ၏ ဓာတ်တော်များကို ရရှိသဖြင့် ဖန်ပေါင်းချောင်ဖြင့်ထည့်ကာ ဘုရားရှင်၏ ရှေ့တော်၌ထားရှိခဲ့ပါသည်။

ဆရာတော်ကြီးသည် ဤတွင် မိမိအိပ်မက်မှာအဆုံးသတ်ပြီဟု ထင်ခဲ့သော်လည်း တစ်နှစ်ကျော်ခန့်အကြာတွင် ဆရာတော်ကြီးဆီသို့ ဒကာအမျိုးသားနှစ်ဦးမှ ရောက်ရှိလာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါသည်။ ၎င်းတို့ထံမှ ထူးဆန်းသော စကားများကိုကြားလိုက်ရပါသည်။

'အရှင်ဘုရား... တပည့်တော် အိပ်မက်တစ်ခုမက်ပါတယ်။ အိပ်မက်ထဲမှာ အသက်ခပ်ကြီးကြီး ဘုန်းတော်ကြီးတစ်ပါးကြွလာပြီး ဘုရားတစ်ဆူတည်ဖို့ ပြောပါတယ်'

ထိုသူမှ ထိုသို့အစချီကာ ပြောပြပါသည်။

'အရှင်ဘုရား... ဘုရားတည်ရန် ဘယ်နေရာမှာ တည်ရမလဲ ဘုရား'

'ဘုရားတည်ရန် ဟိုမှာတွေ့ရတဲ့ တောအုပ်ညိုညို့နေရာပဲ။ အဲဒီမှာရှိတဲ့ ဆရာတော်ကြီးထံခွင့်ပန်ပြီးတည်ပါ'

ထိုသို့ဖြင့် အိပ်မက်ထဲမှ နေရာကို ရှာဖွေခဲ့ရာ တစ်နှစ်ကျော်ကျော်တိုင် ကြာခဲ့လေပြီ။ ထိုနေရာကလေးကိုတွေ့ရန် အရပ်ဒေသများစွာကို သွားရောက်ရှာဖွေခဲ့ကြပါသည်။ ထိုသို့ ရှာဖွေနေစဉ် ဘုရားတည်ရန် ငွေများလည်း ပြည့်စုံစွာ ရရှိလာခဲ့ပါသည်။ ထိုငွေကြေးများ ပြည့်စုံလာသည့်အတွက် ဘုရားတည်ရန် အာသီသပြင်းပြကာ အရပ်တကာလှည့်၍ ဘုရားတည်ရန်နေရာကို ရှာဖွေခဲ့စဉ် ထိုနေရာသို့ ရောက်ရှိလာပါသည်။ ထိုနေရာကလေးမှာ အိပ်မက်ထဲမှနေရာနှင့်





တစ်ပုံစံတည်းတူသည့်အတွက် ဆရာတော်ကြီးထံ ခွင့်ပန်ခဲ့ခြင်းဖြစ်ပါသည်။

'တပည့်တော်တို့လည်း အိပ်မက်ထဲမှနေရာကို ရှာလိုက်တာ တစ်နှစ်ကျော်ကျော် ကြာခဲ့ပါပြီ။ သည်အချိန်အတွင်းမှာ ငွေကြေးကလေးလည်း ရလာတော့ ဘုရားတည်ဖို့ အတော်ကလေး စိုင်းပြင်းပြီး နေရာရှာခဲ့ရာ အခုနေရာကလေးကို တွေ့ရတာပါပဲ။ ဆရာတော်ကြီး ဘုရားတည်ဖို့ ခွင့်ပြုတော်မူပါ'

'အိမ်း... သာသနာ့မြေပေါ်မှာ ဘုရားတည်တာကောင်းတဲ့အလုပ်ပဲ၊ ခွင့်ပြုရမှာပေါ့'

'အရှင်ဘုရား... ဘုရားတည်တဲ့အခါ ဌာပနာဘယ်လိုထည့်ရမလဲ ဘုရား'

'ဌာပနာအမျိုးမျိုး ရှိပါတယ်။ ဘုရားဆင်းတုတော်တို့၊ ဓာတ်တော်တို့ အစရှိသဖြင့် ကိုယ်ကြိုက်တာဌာပနာပေါ့၊ အဲ... တစ်ခုတော့ရှိတယ်။ ကျုပ်မှာ ဓာတ်တော်ကုန်းကရထားတဲ့ဓာတ်တော်တွေရှိတယ်။ အဲဒီဓာတ်တော်တွေဟာလည်း အိပ်မက်အရ သွားခဲ့တာ။ တကယ်ပဲ ဓာတ်တော်ကုန်းကိုတွေ့ပြီး ဓာတ်တော်တွေရခဲ့တယ်။ အဲဒီဓာတ်တော်



www.burmeseclassic.com

www.burmeseclassic.com



တွေဟာ ကျုပ်မှာ ကုန်းတစ်တန်၊ ရေတစ်တန်ဆိုတာမျိုးလိုပဲ အခက်အခဲများစွာနဲ့ သွားခဲ့ရတယ်။ ဒါပေမဲ့ အိပ်မက်ထဲမှာ စေတီအသစ်မှာ ဌာပနာတော်မူပါလို့ဆိုတယ်။ နောက်အလှူရှင်ဟာ သူ့ဟာ သူ အလိုလိုလာလိမ့်မယ်လို့လည်းပါတယ်။ ဒီတော့ ဒကာတို့နဲ့ အံကိုက်တယ်။ ကျုပ်ယူလာခဲ့တဲ့ ဓာတ်တော်များကို အဲဒီစေတီတော်မှာ ဌာပနာမယ်'

'ကျေးဇူးကြီးလှပါတယ် အရှင်ဘုရား… တပည့်တော်တို့မှာလည်း ဒီနေရာကို ရှာလိုက်တာ။ တစ်နှစ်ကျော်အချိန်ကြာသွားပါတယ်ဘုရား'

'ဟုတ်မှာပါလေ၊ ကျုပ်လည်း အိပ်မက်အတိုင်း စောင့်ခဲ့တာ တစ်နှစ်ကျော်ကြာခဲ့ပါပြီ'

ထိုသို့ဖြင့် ထူးဆန်းစွာမက်သော အိပ်မက်ရှင်နှစ်ဦးတို့မှာ ဘဝ,ဘဝ၏ အတိတ်က အကျိုးအကြောင်းများ ပါလာခဲ့လေသလားမသိအောင် တိုက်ဆိုင်လွန်းလှပါသည်။ ဤစေတီတော်ကြီးတွင် ဓာတ်တော်ကုန်းမှရရှိခဲ့သော ဓာတ်တော်များနှင့် ဆင်းတုတော်များကို ဌာပနာပြီး အခက်အခဲအမျိုးမျိုးကြားမှ ပြီးစီးသည်အထိ တည်တော်မူပါသည်။ ဤသို့ဖြင့် ဆုတောင်းပြည့်စေတီတော်ကြီးကို သပ္ပာယ်လှစွာ တည်





တော်မူပြီး ရွှေထီးတော်များတင်လှူနိုင်ခဲ့ပါသည်။

ဆုတောင်းပြည့်စေတီတော်သမိုင်းကြောင်းကို သိရသောအခါ ထူးဆန်းသော ဖြစ်ရပ်များနှင့် တိုက်တိုက်ဆိုင်ဆိုင် ဆုံဆည်းခဲ့ကြသော အိပ်မက်ရှင်နှစ်ဦးတို့၏ ကောင်းမှုကို လည်းကောင်း၊ ထူးခြားဆန်းကြယ်လှသည့် ဓာတ်တော်ကုန်းမှ ရဟန္တာဓာတ်တော်များ အကြောင်းကိုလည်းကောင်း အံ့သြစွာကြားသိခဲ့ရပါသည်။ ထိုစေတီတော်သမိုင်းကြောင်းကို မသိရခင်ကပင် သပ္ပာယ်လှသည့် စေတီတော်ကြီးဖြစ်သဖြင့် များစွာ ကြည်ညိုစွာ ဖူးမျှော်ခဲ့ပါသည်။ ရာဇဝင်တွင် စာတင်လောက်အောင် မကျော်ကြားသော်လည်း သူတော်ကောင်းဓာတ် ရစ်ပတ်စွာ သာသနာတော်ကြီးတွင် ဆုတောင်းပြည့်စေတီတော်ကြီးဟု ပေါ်ပေါက်လာသဖြင့် စာရေးသူလည်း ဤစာစုကိုကြိုးစား၍ ရေးသားခဲ့ပါသည်။ ဆုတောင်းပြည့်စေတီတော်ကြီး၏ သမိုင်းကြောင်းကို သိရသဖြင့် ပိုမို၍ ကြည်ညိုစွာဖူးမျှော်ခဲ့ရပါသည်။ စာရေးသူ၏ စာစုကိုဖတ်ရှုခြင်းဖြင့် သဒ္ဓါကြည်လင်ပါရမီရှင်များအနေနှင့် ပိုမိုကြည်ညိုသဒ္ဓါတရား ပွားများကာ စေတီတော်များကို ပူဇော်နိုင်ကြပါစေဟူသော စေတနာမွန်ဖြင့် ဤဓာတ်တော်



www.burmeseclassic.com

www.burmeseclassic.com



ကုန်းမှ ထူးခြားသော ဖြစ်ရပ်ဆန်းများအကြောင်းကို ရေးသား ဖော်ပြလိုက်ရပါသည်။

◆ ◆ ◆






www.burmeseclassic.com

www.burmeseclassic.com

# မိုးကြိုးသွားအန္တရာယ်

တစ်ခါတစ်ရံ၌ လောကကြီးတွင် မိမိဖာသာရိုးသား၍ အေးချမ်းစွာနေသော်လည်း လူလိမ်လူညာများ၏ အသုံးချခြင်းကို ခံရသည့် ဖြစ်ရပ်များစွာ ရှိပါသည်။ မြန်မာလူမျိုးတို့၏ ဆွေမျိုးကို ချစ်ခင်ပြီး ကူညီတတ်သော ဓလေ့အပေါ်၌ အခွင့်ကောင်းယူကာ မိမိကိုယ်ကျိုးအတွက် အခွင့်အရေးယူတတ်သော တစ်ကိုယ်ကောင်းသမား လူလည်များကိုလည်း တွေ့ရှိခဲ့ရပါသည်။ လူလိမ်လူလည်များသည် အများစိတ်ဝင်စားပြီး လူကြိုက်များသည့် မိုးကြိုးသွားနှင့်ပတ်သက်၍ လိမ်လည်မှု အများအပြားရှိခဲ့ပါသည်။

မိုးကြိုးသွားသည် မိုးကောင်းကင်မှ လျှပ်စီးတောက်ပစွာလင်း၍ ပြင်းထန်သောအသံဖြင့် မိုးကြိုးပစ်ရာမှ မြေပြင်ပေါ်သို့ကျရောက်လာသည့် အတုံးအခဲ၊ ကျောက်၊ ခြေး

www.burmeseclassic.com

www.burmeseclassic.com



စသည့် ပစ္စည်းမျိုးကို မိုးကြိုးသွားဟုခေါ်ပါသည်။ မိုးကြိုးသွား နှစ်မျိုးရှိပါသည်။ ကျောက်မိုးကြိုးသွားနှင့် ကြေးမိုးကြိုးသွား ဟူ၍ဖြစ်ပါသည်။ ကျောက်မိုးကြိုးသွားတွင် ကျောက်မိုးကြိုး ပုဆိန်၊ ကျောက်မိုးကြိုးသွားစက်ကွင်း၊ ကျောက်မိုးကြိုးသွား သရေခြစ်၊ ကျောက်မိုးကြိုးသွားလောက်စာ ဟူ၍ရှိပါသည်။ ကြေးမိုးကြိုးသွားတွင် ကြေးမိုးကြိုးသွားပုဆိန်၊ ကြေးမိုးကြိုးသွားစက်ကွင်းနှင့် ကြေးမိုးကြိုးသွားအပ် ဟူ၍ရှိပါသည်။ ၎င်းမိုးကြိုးသွားတွင် သိဒ္ဓိထူးများ ရရှိပါသည်။ ၎င်းမိုးကြိုးသွား စစ် မစစ် စမ်းသပ်လိုပါက အသံမြည်နေသော ရေဒီယို၊ ကက်ဆက်ပေါ်သို့ မိုးကြိုးသွားတင်ကြည့်ပါက ချက်ချင်း ရပ်သွားပါသည်။ ပွက်ပွက်ဆူနေသော မိုးကြိုးသွားထဲတွင် လက်နှိုက်ကြည့်ပါက မပူမလောင်နိုင်ပေ။ မိုးကြိုးသွားကို အပ်ချည်ကြိုးဖြင့် ရစ်ပတ်၍ မီးရှို့ပါက အပ်ချည်မီးမလောင်ပေ။ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ပါက အလင်းရောင်မထွက်ချေ။ ဓာတ်ပုံရိုက်ပါက ပုံရိပ်မထင်ပါ။ ၎င်းပြင် ငှက်ပျောပင် ငုတ်ပေါ်တွင်တင်ထားပါက အစို့ထွက်မလာဘဲ အပင်သေစေနိုင်ပါသည်။ အစာဖန်းအတွင်း မိုးကြိုးသွားထည့်၍ တိရစ္ဆာန်များအား အစာကျွေးပါက လုံးဝ





မစားပါ။ ၎င်း၏သတ္တိမှာ စက်တန့် အဖုအကျိတ်တို့အား သွေးလိမ်းပါက ခဏအတွင်းပျောက် ကင်းနိုင်ပါသည်။ မီးမဖွားနိုင်သော အမျိုးသမီးများ ခေါင်းပေါ်တင်ထားပါက လွယ်ကူစွာ မွေးဖွားနိုင်ပါသည်။ တိမ်သလ္လာစွဲနေသော မျက်စိကိုမှိတ်၍ မိုးကြိုးအပ်ဖြင့်တဖြည်းဖြည်း ဆွဲချပေးပါက တိမ်သလ္လာ ပျောက်ကင်းသည်ဟုသိ ရပါသည်။

မိုးဥတုဒ္ဓ ကောင်းကင်တွင် လျှပ်စစ်အဖိုနှင့် အမ ပေါင်းစပ်ကာ မိုးကြိုးအဖြစ် မြေပြင်သို့ 'မိုးကြိုး' ပစ်ချတတ်ပါသည်။ ထိုမိုးကြိုးသည် သစ်ပင်များသို့လည်းကောင်း၊ လူနေအိမ်များသို့လည်းကောင်း ပစ်တတ်သဖြင့် အိမ်များတွင် မိုးကြိုးလွှဲများကို တပ်ဆင်ထားကြပါသည်။ မိုးကြိုးပစ်ခြင်း၏ သဘောတရားမှာ ကွင်းထီးထီး၌ တစ်ပင်တည်းပေါက်နေသော သစ်ပင်များအားလည်းကောင်း၊ အမြင့်နေရာ၌ရှိသော သေး၍ ချွန်ထက်သော ပစ္စည်းများသို့လည်းကောင်း၊ မိုးကြိုးပစ်တတ်ကြပါသည်။ ၎င်းမိုးကြိုးပစ်ခြင်းသည် လူကို သေစေနိုင်သည်အထိ အန္တရာယ်ရှိသော်လည်း ၎င်းမိုးကြိုး ပစ်ခြင်းကြောင့် ဖြစ်ပေါ်လာသော မိုးကြိုးသွားမှာ အလွန် တန်ဖိုးရှိပါသည်။ ကြေးမိုးကြိုးသွားများသည် ဈေးအမြင့်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြစ်၍ တစ်လက်မပတ်လည်လျှင် သိန်းရာချီ ဈေးပေါက်နေကြောင်း သိရပါသည်။ ထို့ကြောင့် မိုးကြိုးသွားကို ဝယ်လိုသူ၊ ရောင်းလိုသူနှင့် ပွဲစားများ ခြေချင်းလိမ်လျက် ရှိပါသည်။ အထူးသဖြင့် မိုးကြိုးသွားဈေးကွက်မှာ မန္တလေးမြို့ပတ်ဝန်းကျင်နှင့် အထက်မြန်မာပြည်တစ်ဝိုက်တွင် အရောင်းအဝယ်ဈေးရှိပါသည်။ အစစ်တစ်ခု၊ အတုတစ်ထောင်အယောင်ဆောင် အပလိန်းဟူသော စကားနှင့်အညီ မိုးကြိုးသွားသည် အလွန်ရှားပါးပစ္စည်း ဖြစ်သည့်အတွက် အစစ်တစ်ခုရရန် မလွယ်ကူသဖြင့် အတုပေါင်းများစွာ ထွက်ရှိပါသည်။ မိုးကြိုးသွားနှင့် ပတ်သက်၍ လိမ်ပုံလိမ်နည်းများမှာ အလွန်ပိရိလွန်းလှသဖြင့် စာရေးသူ တွေ့ကြုံရသော မိုးကြိုးသွားအကြောင်းကို တင်ပြခြင်းဖြစ်ပါသည်။

• • •

မန္တလေးမြို့ရှိ ပုသိမ်ကြီးရပ်ကွက်။

ပုသိမ်ကြီးရပ်ကွက်သည် မန္တလေးမြို့အရှေ့ဘက် မြကျောက်စေတီတော်အနီး၌ တည်ရှိပြီး လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သော လယ်ကွက်များသည် ထိုရပ်ကွက်ကြီး၏





အနောက်ဘက်နှင့် အေးဘက်တွင် ရှိပါသည်။ ထိုရပ်ကွက်၌ အိမ်ကြီးအိမ်ကောင်းများ ရှိသကဲ့သို့၊ အိမ်ငယ်အိမ်ပုကလေးများလည်း ရှိပါသည်။ အချို့ အိမ်ကလေးများသည် ဓနိမိုး၊ ဝါးထရံကာဖြစ်ပြီး မိုးတွင်းအခါ၌ လမ်းသွယ်များမှာ ရွံ့များ၊ ဗွက်များနှင့် သွားရခက်ပါသည်။ မိုးတွင်းအခါ၌လည်း လျှပ်စီးလက်ကာ မိုးကြိုးပစ်တတ်ပါသည်။ မိုးကြိုးပစ်သည်မှာ မိုးဥတု၏ သဘာဝဖြစ်သဖြင့် လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်းများရှိသော်လည်း မည်သူတစ်ဦးတစ်ယောက်ကိုမှ ထိခိုက်သည်ဟု မကြားဖူးပါ။

ထိုရပ်ကွက်အတွင်း၌ ဒေါ်လေးမြတို့မိသားစု နေထိုင်ပါသည်။ ဒေါ်လေးမြသည် ဆင်းရဲပြီး ရိုးသားသော မုဆိုးမတစ်ဦးဖြစ်ပြီး သမီးဖြစ်သူ ခင်ခင်လှနှင့်သားဖြစ်သူ မောင်စိုးတို့နှင့် အတူနေထိုင်သည်။ ဒေါ်လေးမြနှင့် သမီးဖြစ်သူ ခင်ခင်လှတို့သည် ကြုံရာကျပန်း အလုပ်များဖြင့်လည်းကောင်း၊ ရာသီကုန်စိမ်းကလေးများ ရပ်ကွက်အတွင်း လှည့်လည်ရောင်းချ စားသောက်ကြပါသည်။ သားဖြစ်သူကလည်း အလုပ်မယယ်မယ်ရရမရှိဘဲ သူများခိုင်းသည်ကို လုပ်ကိုင်ပြီး ညအခါ အရက်တ… ကာမြဲမြဲနှင့် နေသူဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ဒေါ်လေးမြတို့အိမ်သို့ ဧည့်သည်တစ်ဦး ရောက်ရှိလာပါသည်။ ၄င်း၏ပြောပြချက်အရ ကွယ်လွန်သူ ခင်ပွန်းသည်၏ တူဝမ်းကွဲဖြစ်သည်ဟု သိရပါသည်။ ၄င်းဦးလေး ဆင်းရဲနေသည်ဟု သိရသဖြင့် ၄င်းပြေလည်နေချိန်၌ လာရောက်ကြည့်ရှုကြောင်း၊ ၄င်းအမည်မှာ ကိုအောင်မိုးဖြစ်ပြီး ယခု ဦးလေးကွယ်လွန်ကြောင်း သိရသဖြင့် အလွန်စိတ်မကောင်းဖြစ်မိကြောင်း ပြောပြပါသည်။ ဒေါ်လေးမြအား ပိုက်ဆံများပေးကာ ဟင်းချက်စရာများ ဝယ်နိုင်၍ ချက်ပြုတ်စားသောက်ရင်းဖြင့် ထိုအိမ်ပုကလေး၏ ဧည့်သည်ဖြစ်လာခဲ့ပါသည်။

ထိုမှ နှစ်ရက်သုံးရက်ခန့် ကြာသွားပါသည်။ မောင်အောင်မိုးသည် နောက်တစ်နေ့၌ ပြန်မည်ဟု ပြောဆိုခဲ့သဖြင့် အိမ်သားအားလုံး ဝမ်းနည်းနေကြပါသည်။ ထိုညနေခင်းက ဒေါ်လေးမြသည် အိမ်သာသွားရာမှ အပြန်တွင် ရွှေရောင်အတုံးကလေး ကောက်ရခဲ့ပါသည်။

'ဟယ်... ရွှေတုံးကလေးလား မသိဘူး၊ ကြည့်စမ်းပါဦး'

'အမေ ဘယ်နားက ကောက်ရတာလဲ'





'အိမ်သာနားက ကောက်ရတာ'

'အိမ်သာနားက ကောက်ရတာ ဟုတ်လား၊ ရွှေတုံးလေးလား မသိဘူး'

သမီးဖြစ်သူ ခင်ခင်လှမှ ပြောပါသည်။

'ပြစမ်းပါဦး အဒေါ်'

'ဟာ... အဒေါ်ဟာ ရွှေတုံးလားမသိဘူး၊ ပန်းတိမ်ဆရာကို ပြကြည့်ပါလား'

ထိုသို့ဖြင့် ကိုအောင်မိုး ဦးဆောင်ကာ မန္တလေးမြို့ပေါ်ရှိ ၄င်းအသိ ပန်းတိမ်ဆရာဆိုသူထံ သွားရောက်ပြသပါသည်။

'ဒါ ရွှေမဟုတ်ဘူး၊ ကြေးနဲ့သတ္တုတွေရောနေတယ်'

'ဒါဆို တန်ဖိုးမရှိဘူးပေါ့'

'နေပါဦး၊ မဟုတ်မှလွဲရော၊ ဒါဟာ မိုးကြိုးသွားဖြစ်ဖို့များတယ်'

'ဒါဆို မိုးကြိုးသွား စစ် မစစ် ဘယ်လိုစမ်းမလဲ'

'လွယ်ပါတယ်၊ လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်ပေါ့၊ မီးမလင်းရင် မိုးကြိုးသွားပဲ'

'အဒေါ် ကျွန်တော်တို့ ပြန်ကြစို့'



www.burmeseclassic.com

www.burmeseclassic.com



ထိုမှ ပွဲမင်းခွဲကာ အိမ်သို့ ပြန်လာခဲ့ကြပါသည်။ အိမ်သို့ရောက်သောအခါ ကိုအောင်မိုး၍ အသင့်ပါလာသော လက်နှိပ်ဓာတ်မီးနှင့်ထိုးကြည့်ရာ မီးလုံးဝမလင်းဘဲ ဖြစ်နေပါသည်။

အခြားနေရာသို့ ထိုးသောအခါ မီးမှာထိန်လင်းနေအောင် လင်းနေသည်ကို တွေ့ရပါသည်။

'အဒေါ်ရေ… အဒေါ်တို့တော့ သိန်းထီပေါက်တာပဲ၊ ဒါတွေကို သူများတွေ လျှောက်မပြောနဲ့'

လျှောက်မပြောနဲ့ဟုသာ ဆိုသော်လည်း ဒေါ်လေးမြတို့ မိသားစု ပြောပြချက်အရ ပုသိမ်ကြီးတစ်နယ်လုံး ဟိုးဟိုးကျော်သွားပါသည်။ ထိုမှ ပွဲစားများမှတစ်ဆင့် မိုးကြိုးသွား ဝယ်ယူမည့်သူများနှင့် ဆက်မိသွားပါသည်။ ဝယ်ယူမည့်သူ သူဌေးနှင့် ပွဲစားတို့ရောက်လာကာ မိုးကြိုးသွား စစ်ဆေးစမ်းသပ်မည့်အကြောင်း ပြောကြပါသည်။

'အဒေါ် သူဌေးက မိုးကြိုးသွား စစ်မစစ် စမ်းကြည့်မယ်၊ သူတို့ကြိုက်ရင် သိန်း(၃၀)ပေးမယ်'

'အေး… စမ်းချင်သလို စမ်းပေါ့၊ အဒေါ်ကတော့ မသိဘူး'သည်တွင် ကိုအောင်မိုးမှ ထပြီး ပြောပါသည်။





'ကျွန်တော်က ဝင်မပြောဘူးလို့နေတာ၊ စမ်းချင်တယ်ဆိုရင် စမ်းလို့ရပါတယ်၊ သေနတ်နဲ့ပစ်ပြီး စမ်းတာတော့ မလုပ်ပါနဲ့၊ သေနတ်ဟာ လိုင်စင်နဲ့ ကိုင်ရတဲ့ပစ္စည်းဆိုတော့ သေနတ်နဲ့စမ်းတာ ဥပဒေအရ အရေးယူလို့ရတယ်။ ဒီလိုလုပ်ပါ။ လက်နှိပ်ဓာတ်မီးနဲ့ စမ်းတာ အကောင်းဆုံးပါပဲ၊ လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်ပါ၊ မီးမလင်းရင် အစစ်ပဲ၊ အဲလိုစမ်းလို့ ကျွန်တော်တို့ပစ္စည်းက အစမ်းခံနိုင်ရင် ငွေတစ်ခါတည်း ချေရမယ်'

ထို့ကြောင့် မိုးကြိုးသွားအား ကိုအောင်မိုး၏လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်ရာ လုံးဝ မီးမလင်းကြောင်းတွေ့ရှိရပါသည်။ အခြားဘက်သို့ မီးထိုးကြည့်ရာ မီးထိန်နေအောင် လင်းနေကြောင်း တွေ့ရှိရပါသည်။

'ဟုတ်ပြီ၊ ဒါဆို ကျပ်ငွေချေမယ်'

သူဌေးလည်း ခဏအတွင်း ငွေသွားယူပြီး အရောင်းအဝယ်ကိစ္စကို ပြီးမြောက်ခဲ့ပါသည်။ ဒေါ်လေးမြမှာလည်း သည်လောက်များပြားသည့်ငွေကို တစ်ခါမှ မမြင်ဖူးသဖြင့် ဝမ်းသာလွန်း၍ တစ်ကိုယ်လုံး တုန်ယင်နေပါသည်။ သည်တွင် စီစဉ်ညွှန်ကြားသူ ဆရာကြီးမှာ ကိုအောင်မိုးပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'အဒေါ်… ဒီငွေတွေဟာ ကျွန်တော့်ကြောင့်ရတာ နော်၊ အဒေါ်က ကောက်ရတာသာရှိတာ၊ ကျွန်တော့်သူငယ်ချင်းက မိုးကြိုးသွားလို့ပြောတာ၊ စမ်းသပ်တာက ကျွန်တော် နော်'

'ဟုတ်ပါတယ် ငါ့တူရယ်၊ မင်း ကြိုက်သလို လုပ်ပါ'

'ကျွန်တော့်အတွက် အကြောင်းမဟုတ်ပါဘူး၊ ယူလည်းမယူပါဘူး၊ ဒါပေမဲ့ ဒီလောက်များတဲ့ငွေတွေကို အိမ်မှာမထားနဲ့၊ ဘဏ်မှာထားမှဖြစ်မယ် တစ်သိန်းလောက်ဖယ်ထား'

သည်လိုနှင့် ငွေတစ်သိန်းကို အိမ်၌ထားကာ ကျန် (၂၉)သိန်းကို ဘဏ်သို့ သွားအပ်ပါသည်။ ငွေထုတ်နှင့်ဘဏ်ထဲသို့ဝင်သွားသော ကိုအောင်မိုးကို သားအမိနှစ်ယောက်သား ဘဏ်အပြင်မှ စောင့်နေပါသည်။ တစ်နာရီ၊ နှစ်နာရီကြာသွားသော်လည်း ကိုအောင်မိုးတစ်ယောက် ပြန်ထွက်လာခြင်း မရှိချေ။ ဘဏ်အတွင်းသို့ ဝင်ကြည့်သော်လည်း ကိုအောင်မိုးကို မတွေ့ရတော့ချေ။ မည်သည့်အချိန်က ရပ်ဖျက်၍ ထွက်သွားသည်မသိ။ နောက်ဆုံး အချိန်ကုန်၍ ကိုအောင်မိုး





အား မတွေ့သောအခါမှ အိမ်သို့ ပြန်လာခဲ့ပါသည်။

အိမ်သို့ရောက်သောအခါ မိုးကြိုးသွားဝယ်သွားသော သူဌေးနှင့် ပွဲစားအုပ်စုမှာ အိမ်သို့ရောက်နေပါသည်။

'အဒေါ်… အဒေါ့်ဟာ မိုးကြိုးသွားအစစ် မဟုတ်ဘူး။ ကျွန်မတို့ အိမ်ရောက်လို့ ဓာတ်မီးနဲ့စမ်းတာ လုံးဝ မီးမငြိမ်းဘူး၊ ရေနွေးအိုးထဲ ထည့်ကြည့်တာလည်း ရေနွေးက အေးမသွားဘူး၊ ဒါကြောင့် မဝယ်တော့ဘူး၊ ကျွန်မတို့ကို ငွေပြန်ပေးပါ'

'အဒေါ်လည်း ဘာမှမသိဘူး၊ မောင်အောင်မိုးက သူ့ဓာတ်မီးနဲ့ စမ်းပြတာပဲ၊ အခုလည်း ငွေတွေကို ဘဏ်မှာ အပ်ပေးမယ်ဆိုပြီး ငွေတွေရော မောင်အောင်မိုးပါ ပျောက်သွားလို့'

'အဒေါ် ဒီလိုမလိမ်ပါနဲ့၊ ဒါဆို ကျွန်မတို့ ရဲစခန်းမှာ အမှုဖွင့်ရလိမ့်မယ်'

ငွေပြန်မရသည့်အဆုံး ငွေရှင်မှ ရဲစခန်းတွင် လိမ်လည်မှုဖြင့် အမှုဖွင့်ခဲ့သဖြင့် ဒေါ်လေးမြ အဖမ်းခံခဲ့ရပါသည်။ ဒေါ်လေးမြသည် ငိုယို၍ ဖြစ်ကြောင်းကုန်စင် ပြောပြပါသည်။ စခန်းမှ ရဲများက လူဆိုးစာရင်းဝင် ဓာတ်ပုံများ



www.burmeseclassic.com

www.burmeseclassic.com



ကို ပြ၍လိမ်လည်မှုအမျိုးမျိုးဖြင့် ထောင်ကျဖူးသော လူဆိုး မောင်လှမြင့်ဖြစ်ကြောင်း သိရှိရပါသည်။ ထို့ကြောင့် ရဲများမှာ ငွေထုတ်ပိုက်၍ ထွက်ပြေးတိမ်းရှောင်နေသော လူလိမ် မောင်လှမြင့်အား မရမက ပိုက်စိပ်တိုက်၍ ရှာဖွေရာ နောက်ဆုံး၌ မိတ္ထီလာမြို့ပေါ်ရှိ တည်းခိုခန်းတွင် ပုန်းအောင်းနေသော မောင်လှမြင့်ကို လက်ရဖမ်း ဆီးမိပါသည်။

ငင်း၏ အစစ်ခံချက်အရ ငင်းသည် မိုးကြိုးသွား လိမ်နည်းမှာ အကွက်ကျကျ စီစဉ်ခဲ့ကြောင်း သိရှိရပါသည်။ ဆင်းရဲသားရပ်ကွက်အတွင်းရှိ အလွန်ဆင်းရဲ၍ ရိုးသားသော သူအား လိုက်ရှာရာ ဒေါ်လေးမြကို တွေ့ရှိရ၍ ငင်းခင်ပွန်း၏ ဘုတော်စပ်သည်ဟု ဆွေမျိုးစပ်ကာ လာရောက်ခဲ့ခြင်း ဖြစ်ပါသည်။ ဒေါ်လေးမြခင်ပွန်း အမည်နှင့် မည်သည့်နှစ်က ကွယ်လွန်ကြောင်းကိုလည်း ဘေးလူများမှ စုံစမ်းမေးမြန်းပြီး ဦးလေးဖြစ်သူအား ငွေကြေး ကြည့်ရှုစောင်မလို၍ လာသည့် အသွင်ဖြင့် ဟန်ဆောင်ကာ ရောက်လာခဲ့ပါသည်။ ငင်းပြန်ရန် တစ်ရက်အလိုတွင် ငင်းမိုးကြိုးသွားအတု တစ်ခုကို နောက်ဖေးအိမ်သာသို့ သွားရာ လမ်း၌ ပစ်ထားခဲ့ပါသည်။ ဒေါ်လေးမြ ကောက်ရသောအခါ ငင်း[illegible]ဟာ်လိမ်ဖက်





လူဆိုးစာရင်းဝင် မောင်ချစ်ဝင်းအား ပန်းတိမ်ဆရာဟန် ဆောင်ခိုင်းကာ မိုးကြိုးသွားဟု ယုံကြည်အောင် ပြောဆိုစေခဲ့ပါသည်။ မိုးကြိုးသွား စမ်းသပ်ရန် အသုံးပြုသည့် ဓာတ်မီးမှာ ငင်းတို့အထူးပြုလုပ်ထားပြီး လျှာ နှစ်ထပ်ပြုလုပ်ထားပါသည်။ တစ်ဖက်က နှိပ်လျှင် ဓာတ်ခဲနှင့်ဆက်ထားသည့်ကြိုးမှာ လွတ်ထွက်သွားပြီး မီးမလင်းတော့ပေ။ ထပ်၍နှိပ်လျှင် ကြိုးနှင့်ပြန်ဆက်မိပြီး မီးလင်းလာပါသည်။ ထို့ကြောင့် မိုးကြိုးသွားကို မီးထိုးလျှင် မီးမလင်းခြင်း ဖြစ်ပါသည်။ အခြားတစ်ဖက်ကို ထိုးကြည့်ပါက ဘက်ထရီနှင့် ပြန်ဆက်သွားပြီး မီးလင်းလာခြင်းဖြစ်ကြောင်း အစစ်ခံပါသည်။ နောက်ပိုင်းတွင် ဒေါ်လေးမြအား ငွေတစ်သိန်းပေးပြီး ကျန် (၂၉)သိန်းကိုယူ၍ ထွက်ပြေးတိမ်းရှောင်ရင်း ဤသို့ဖမ်းဆီးခံခဲ့ရကြောင်းကို အစစ်ခံပါသည်။ ငင်းမောင်လှမြင့်မှာ မည်သို့ပင် ထွက်ပြေး ပုန်းရှောင်သော်လည်း ရာဇဝတ်ဘေး ပြေးမလွတ်ဟူသော စကားအရ ဖမ်းဆီးခြင်းခံရကာ ပုဒ်မ(၄၂၀)ဖြင့် စွဲချက်တင်၍ ထောင်ဒဏ်ငါးနှစ် ကျခံခဲ့ရပါသည်။ ဒေါ်လေးမြမှာလည်း တရားခံအစစ်ကို ဖမ်းမိသဖြင့် အမှုမှ ကွင်းလုံးလွတ်သွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေကာမူ လူလိမ်များ၏ လှည့်ကွက်ထဲတွင် ဤသို့ပါဝင်လာရခြင်းကြောင့် အလုပ်အကိုင်ပျက်ခြင်း၊ စိတ်ဆင်းရဲ ဒုက္ခရောက်ရပါသည်။ မိမိထံသို့ ရောက်ရှိလာသော မျက်နှာစိမ်းများ၏ ပြောဆိုချက်ကို အလွယ်တကူ မယုံကြည်သင့်ပေ။ မိုးကြိုးသွားနှင့် ပတ်သက်ပြီး လိမ်နည်းအဖုံဖုံရှိသည့်အတွက် ငွေရှင်သူဌေးများအနေနှင့် လောဘတက်ကာ တရားမဝင်ရောင်းဝယ်သည့် ဤအရောင်းအဝယ်မျိုးကို မလုပ်သင့်ပေ။ လိမ်ညာမှုမှ အပြစ်ကြီးလေးစွာရှိသကဲ့သို့ လောဘစိတ်ဖြင့် ဝယ်ယူသူ သူဌေး၌လည်းကောင်း၊ ဒေါ်လေးမြတို့ကဲ့သို့ မဆင်မခြင် ယုံမိသူများ၌လည်းကောင်း အပြစ်မကင်းချေ။ ထိုသို့ပါလျှင် အလိမ်အညာဘေးမှ ကင်းဝေးစေရန် တွေ့ကြုံခဲ့ရသော မိုးကြိုးသွား လိမ်နည်းကို တင်ပြလိုက်ရပါသည်။

• • •





www.burmeseclassic.com

www.burmeseclassic.com

# ထူးခြားကြုံခဲရကွမင်္ဂလာပွဲ

သက်ရှိလောကတွင် ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များစွာရှိပါသည်။ သက်ရှိအရာများကို သတ္တဝါနှင့်အပင်ဟူ၍ နှစ်မျိုးခွဲခြားထားပါသည်။ သတ္တဝါနှင့်အပင်တို့သည် အသွင်အပြင် ကွဲပြားကြသော်လည်း အရေးကြီးသောအခြေခံ လုပ်ငန်းများနှင့် ဖွဲ့စည်းထားပုံမှာ တူညီကြပါသည်။

အပင်တို့သည် သတ္တဝါများနည်းတူ အသက်ရှူသွင်းခြင်း၊ ရှူထုတ်ခြင်း၊ မျိုးပွားခြင်း၊ အစာမှိဝဲခြင်းများ ပြုလုပ်၍ သေဆုံးသွားပါသည်။ ကမ္ဘာပေါ်တွင် သတ္တဝါနှင့်အပင်ညီသည့်အရာမှ စတင်ပေါ်ပေါက်ခဲ့သည်မှာ အငြင်းပွားဖွယ်ဖြစ်ခဲ့ပါသည်။

သတ္တဝါလောကမှ အပင်လောကသို့ ဆင်းသက်ခဲ့ခြင်းပေလော၊ အပင်လောကမှ သတ္တဝါလောကသို့ ဖြစ်ပျက်ပြောင်းလဲခဲ့ခြင်းပေလောဟူ၍ မည်သူမျှ အတိအကျ မပြော



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပေ။ ပထမဆုံး စတင်ပေါ်ပေါက်သော သက်ရှိများသည် မိမိအလိုအလျောက် အစာပြုလုပ်နိုင်စွမ်းရှိရမည်ဟု ယူဆပါက အပင်လောကသည် သတ္တဝါလောကထက် ရှေးဦးစွာ ပေါ်ပေါက်ခဲ့လိမ့်မည်ဟု သိပ္ပံပညာရှင်များက ယူဆကြပါသည်။

ထို့ကြောင့် အပင်လောက (သို့မဟုတ်) ရက္ခကမ္ဘာတွင် ထူးခြားသောစွမ်းရည်များလည်း ရှိပေမည်ဟု ယုံကြည်ကြပါသည်။ အပင်နှင့် သက်ရှိသတ္တဝါတို့၏ အဓိကခြားနားချက်မှာ သွားလာလှုပ်ရှားခြင်းပင် ဖြစ်ပါသည်။

အပင်များသည် သက်ရှိဖြစ်သော်လည်း သတ္တဝါများကဲ့သို့ လှုပ်ရှားသွားလာခြင်း မပြုနိုင်ပေ။ ထိုသို့ သွားလာလှုပ်ရှားခြင်း မပြုနိုင်ဆိုသည့်အချက်မှာ ယေဘုယျအားဖြင့် မှန်သော်လည်း အချို့အပင်များမှာ တစ်ပင်မှ အခြားသစ်ပင်တစ်ပင်ပေါ်သို့ ခုန်ကူးကာ ပေါက်ရောက်တတ်သော 'ကြောင်ပျံ' ကဲ့သို့ အပင်မျိုးလည်း ရှိတတ်ပါသည်။ အချို့အပင်များမှာ အပင်ကြီးများပေါ်တွင် ကပ်ကာ မှီခိုတွယ်ကပ်ပေါက်တတ်သော ကပ်ပါးပင်မျိုးလည်း ရှိတတ်ပါသည်။ အချို့သစ်ခွပန်းပင်များ၊ ကျောက်ဖီးဖူပန်းပင်များ၊ သဇင်နှင့်





ကုမုဒြာပင်များသည် အပင်ကြီးများပေါ်တွင် မှီခိုတွယ်ကပ်၍ ပေါက်တတ်သော အပင်မျိုးဖြစ်ပါသည်။

စာရေးသူသည် အပင်ကြီးများပေါ်တွင်ပေါက်သည့် ပန်းများကို တွေ့ဖူးသော်လည်း သာမန်အမြင်နှင့်သာ မြင်သဖြင့် ထူးခြားမှုရှိမရှိကို မသိခဲ့ချေ။ ဤသို့ အပင်ကြီးများတွင် အပင်ငယ်များပေါက်ခြင်းမှာ ထိုသစ်ပင်နှစ်ပင်၏ သဟဇာတဖြစ်မှုပေါ်တွင် တည်နေပါသည်။

သဟဇာတမဖြစ်သော အပင်များမှာ ပေါင်းစပ်၍ မရနိုင်ပေ။ ဥပမာအားဖြင့်ဆိုလျှင် ထန်းပင်ပေါ်တွင် ဇီးပင်တင်၍ စိုက်သော်လည်း မပေါက်နိုင်ပေ။ ထို့အတူ ငှက်ပျောပင်ပေါ်တွင် မာလကာပင် တင်စိုက်၍လည်း ပေါက်မည်မဟုတ်ချေ။ အချို့ ကုက္ကိုပင်များပေါ်တွင် ညောင်ပင်များပေါက်လာကာ ညောင်ပင်မှာ ရှင်သန်ကြီးထွားလာပြီး ကုက္ကိုပင်ကို ဝါးမျိုသွားသည့် ညောင်ကုက္ကိုပင်များကို တွေ့ဖူးပါသည်။

ထိုသို့ ရှင်သန်နိုင်ခြင်းမှာ သစ်ပင်နှစ်ပင်၏ သဟဇာတဖြစ်မှုကြောင့်ပင်ဖြစ်ကြောင်း သိရပါသည်။ ထိုသို့ဖြင့် စာရေးသူတို့ စကားဝိုင်းတွင် ရက္ခကမ္ဘာမှ ထူးဆန်းသော



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းများကို ပြောကြဆိုကြ ငြင်းခုံကြနှင့် ဆွေးနွေးစဉ် အဘဦးလှမောင်၏ ဆွေးနွေးချက်မှာ အားလုံးသော ပရိသတ်များ အံ့သြဖွယ်ရာ ထူးခြားဆန်းကြယ်သည့် အကြောင်းတစ်ရပ် ဖြစ်ခဲ့ပါသည်။

ရက္ခဗေဒနှင့်ပတ်သက်၍ ထူးခြားသော ဖြစ်ရပ်များနှင့် တိုက်တိုက်ဆိုင်ဆိုင် ကြုံတွေ့ခဲ့ရသော အဘဦးလှမောင်၏ ဘဝတစ်သက်တာတွင် နှစ်ကြိမ်နှစ်ခါ ကြုံဖူးခဲ့ရသည့် ထူးခြားကြုံခဲ့ ရက္ခမင်္ဂလာပွဲ ဇာတ်လမ်းကလေးကို အံ့သြစွာ ကြားသိခဲ့ရပါသည်။ ထိုသို့ ကြားသိရသည့်အတွက် ဖြစ်ရပ်မှန် ဇာတ်လမ်းကလေးအား စာရှုသူတို့ပါ သိစေလိုသောဆန္ဒဖြင့် အရှိအတိုင်းတင်ပြသည့် ဇာတ်လမ်းကလေး ဖြစ်ပါသည်။

'ဆရာမ သစ်ပင်ကြီးပေါ်မှာ အပင်ငယ်ပေါက်တယ်ဆိုတာ သစ်ပင်ကြီးက လက်ခံမှ အပင်ငယ်ပေါက်လို့ရတာ၊ အဲဒါကို လက်ခံပင်နဲ့ ကပ်ပါးပင်လို့ခေါ်ပါတယ်။ဒီလို အပင်နှစ်ပင်ဟာ တစ်ပင်ပေါ်မှာ တစ်ပင်ရှင်သန်ခြင်းဟာ အဲဒီသစ်ပင်နှစ်ပင်ရဲ့ သဟဇာတဖြစ်မှုပေါ်မှာ မူတည်တယ်။

ရှေးလူကြီးသူမများရဲ့ အဆိုအရ ကပ်ပါးပင်က





ပန်းကိုဆောင်ရင် မင်္ဂလာအပေါင်းနဲ့ ပြည့်တယ်လို့ဆိုတယ်။ ဥပမာ သဇင်ပန်းဟာ မြေကြီးပေါ်မှာပေါက်တာ မဟုတ်ဘူး၊ သစ်ပင်ကြီးများပေါ်မှာ ကပ်ပေါက်ပြီး ပန်းပွင့်တာပဲ၊ အဲဒီ သဇင်ပန်းကို နန်းတွင်းပွဲတွေမှာ အသုံးပြုကြတဲ့အတွက် တော်ဝင်သဇင်ပန်းရယ်လို့တောင် တင်စားခေါ်ဝေါ်ကြတယ်။ ဒါဟာ မင်္ဂလာရှိတဲ့ပန်းလို့ သတ်မှတ်ပြီး အသုံးပြုခဲ့ကြတာပဲ'

'အဘ ကျွန်မတို့ကြားဖူးတာတော့ ငှက်တွေက အသီးစားပြီး သစ်ကိုင်းပေါ်မှာ မစင်စွန့်တယ်၊ မစင်ထဲမှာ သစ်စေ့တွေပါပြီး အဲဒီအစေ့က အပင်ပေါက်တယ်လို့ဆိုတယ်'

'ဆရာမပြောတာလည်း မမှားပါဘူး၊ ငှက် မစင်စွန့်လို့ အပင်ပေါက်တယ်ဆိုပေမယ့် အပင်ကြီးရဲ့သဘာဝနဲ့ ကိုက်ညီမှ အပင်ငယ်ပေါက်လို့ရတာ။ အဲဒီအပင်က အပင်ပေါက်တယ်၊ အပွင့်ပွင့်တယ်ဆိုရင် စီးပွားတတက်တယ်လို့ ရှေးလူကြီးများက အယူရှိတယ်။ ဒါပေမဲ့ ငှက်မစင်စွန့်တိုင်းလည်း အပင်မပေါက်ဘူး၊ အဲလိုသာ ပေါက်မယ်ဆိုရင် ဝါးပင်ပေါ်မှာ မာလကာပင်တို့ ငှက်ပျောပင်တို့ ပေါက်ရော



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ ဆရာမ တွေ့ဖူးလား'

'မတွေ့ဖူးပါဘူး အဘာ… ကျွန်မလည်း သစ်ပင်နဲ့ ပတ်သက်တဲ့အကြောင်းတွေကို လေ့လည်းမလေ့လာမိတော့ မသိဘူးပေါ့ အဘာရယ်၊ အခုတောင် အဘာပြောမှ ရက္ခနယ် က ထူးဆန်းတဲ့အကြောင်းတွေကို သိလာရတာ'

'ဆရာမရယ်၊ လေ့လာမယ်ဆိုရင် မယုံနိုင်စရာတွေ ပါပဲ၊ သစ်ပင်ကိုခုတ်လိုက်လို့ ကျလာတဲ့ အစေးတွေဟာ တစ်ခါတစ်ရံမှာ လူသွေးတွေလို ရဲရဲနီနေတာရှိတယ်။ ရေတွေ ပန်းထွက်လာတာ ရှိတယ်။ ဗူးပင်ကနေ နဂါးအမောက် ထောင်သလို အရွက်တွေဟာ နေ့ချင်းညချင်း ကြီးထွားပြီး နေလာတဲ့ဘက်ကို ဦးလှည့်နေတဲ့ ဗူးနဂါးပင်အကြောင်းတွေ ဆရာမ ကြားဖူးလား'

'မကြားဖူးပါဘူး အဘာရယ်'

'ဒါကြောင့် အဘာပြောပြီကော၊ သစ်ပင်တွေမှာ ပေါင်းစပ်လို့ရတဲ့ အပင်နဲ့ ပေါင်းစပ်လို့မရတဲ့အပင်တွေ ရှိ တယ်။ အချို့အပင်တွေက တစ်ပင်ပေါ်တစ်ပင်ပေါက်ပြီး သဘာဝအရ ပေါင်းစပ်ကြတယ်။ အချို့အပင်တွေဟာ သဘာဝအရ ပေါင်းစပ်လို့မရလို့ လူတွေက ပေါင်းစပ်ပေးရ





တယ်'

'လူတွေက ပေါင်းစပ်ပေးရတယ်ဆိုတာ ဘယ်လို လဲ အဘာ'

'သစ်ပင်နှစ်ပင်ကို မင်္ဂလာပွဲ ပြုလုပ်ပေးရတာပါ၊ အဲဒီလို ထူးဆန်းတဲ့ ရက္ခမင်္ဂလာပွဲကို အဘာရဲ့အဘိုးတို့ခေတ် မှာ တစ်ခါကြုံဖူးတယ်။ နောက်တစ်ခါကတော့ ဟိန္ဒူအမျိုး သားများရဲ့ ရွှေညောင်ပင်နှင့် ရွှေတမာကို လက်ထပ်ပေးတဲ့ လက်ထပ်မင်္ဂလာပွဲကို ကိုယ်တိုင်သွားရောက်ခဲ့လို့ ကြုံခဲ့ဖူး တယ်'

'အဘာရယ်၊ သစ်ပင်နှစ်ပင်ကို မင်္ဂလာပွဲလုပ်ပေးရ တယ်၊ ဟုတ်ရဲ့လား အဘာရယ်၊ ကျွန်မတော့ တစ်ခါမှ မကြားဖူးပါဘူး'

'အဘာလည်း အရင်က မကြားဖူးပါဘူး၊ ဒါပေမဲ့ အဘာရဲ့အဘိုး ဦးစံမြဟာ ရက္ခမင်္ဂလာပွဲကို ကိုယ်တိုင်လုပ် ပေးခဲ့ရတာပါ။ အဘိုးတို့တုန်းကလည်း ညောင်ပင်နဲ့တမာ ပင်ကို မင်္ဂလာပွဲပြုပေးခဲ့ရတယ်။ နောက် တစ်ခါကလည်း ဟိန္ဒူလူမျိုးတစ်စုဟာ 'ညောင်ပင်နဲ့ တမာပင်'ကို လက်ထပ် မင်္ဂလာပွဲ ပြုပေးတာတွေ့ခဲ့ရတယ်'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါ ဘာလို့လုပ်ပေးရတာလဲ'

'ဟိန္ဒူလူမျိုးတစ်စုဟာ ညောင်ပင်နဲ့တမာပင်တို့ လက်ထပ်မင်္ဂလာကို ၄င်းတို့ရဲ့ ရိုးရာဓလေ့ထုံးတမ်းစဉ်လာအရ နှစ်ဖက်သောမိဘများရဲ့ လောကီ လောကုတ္တရာ နှစ်ဖြာသောအကျိုး တိုးပွားစေရန် ရည်မှန်းပြီး ပြုလုပ်ပေးတယ်လို့ ဆိုတယ်။ အဘရဲ့အဘိုးဟာ ညောင်ပင်နဲ့တမာပင်ကို မင်္ဂလာဆောင်ပေးခဲ့ရတာဟာ ကြဲကြဲဖန်ဖန် လက်ထပ်ပွဲလို့ ထင်ချင်လည်း ထင်နိုင်ပါတယ်။ ဒီလို ထူးဆန်းတဲ့ရက္ခနှစ်ပင်ရဲ့ မင်္ဂလာပွဲကို ပြုပေးရတာဟာ အဘိုးဟာ သူ့သဘောနဲ့သူ လုပ်ချင်လို့ လုပ်ခဲ့တာ မဟုတ်ပါဘူး၊ ဖြစ်ပုံက ဒီလိုပါ'

• • •

ဦးလှမောင်၏ အဘိုးဖြစ်သူ ဦးစံမြသည် အသက်ခြောက်ဆယ်ကျော်အရွယ်ခန့်တွင် အိပ်မက်မက်ပါသည်။ အိပ်မက်ထဲတွင် အသက်နှစ်ဆယ်ဝန်းကျင်ခန့်ရှိ မိန်းကလေးတစ်ဦးနှင့် ယောကျာ်းလေးတစ်ဦးတို့သည် တစ်ဦးလက်ကို တစ်ဦးကိုင်၍ ဦးစံမြထံသို့ ရောက်ရှိလာခဲ့ပါသည်။

'အဘ… သမီးတို့ဟာ လူ့ဘဝက ချစ်သူတွေဖြစ်





ပါတယ်၊ အကြောင်းမလှလို့ မပေါင်းရဘဲ သေဆုံးခဲ့ရပါတယ်။ အခုကိုက ညောင်ပင်မှာနေပါတယ်။ သမီးက တမာပင်မှာနေပါတယ်။ သားတို့ သမီးတို့ အတူတူနေရအောင် မင်္ဂလာဆောင်ပေးပါ အဘ'

'ဟေ… ငါ ဘယ်လိုဆောင်ပေးရမှာတုန်း'

'ညောင်ပင်ကို သတို့သားအနေနဲ့ထားပါ၊ တမာပင်ကို သတို့သမီးအနေနဲ့ထားပါ၊ မင်္ဂလာဝတ်စုံအပြည့်နဲ့ လူကြီးစုံရာမှာ မင်္ဂလာဆောင်ပေးပါ'

'ဟေ' ဦးစံမြမှာ ဒုတိယပွဲ 'ဟေ' ဟူသောအသံဖြင့် အလွန် အံ့သြသွားပါသည်။

'အဘရယ်၊ သမီးတို့ကို မင်္ဂလာပြုပေးပါနော်'

'ဟုတ်ပါတယ် အဘရယ်၊ သားတို့နှစ်ယောက်ကို မင်္ဂလာပြုပေးပါ'

နှစ်ယောက်စလုံးမှ ဝိုင်းပြောသဖြင့် ဦးစံမြမှာ မည်သို့ပြောရမှန်းမသိအောင် ဖြစ်နေပါသည်။

'သစ်ပင်နှစ်ပင်ကို မင်္ဂလာဆောင်ပေးရမယ် ဟုတ်လား၊ တစ်ခါမှ မကြားဖူးပါဘူး၊ ငါ့အသက်ခြောက်ဆယ်ကျော်ပါပြီ။ ဒီလိုမျိုးလည်း တစ်ခါမှ မတွေ့ဖူးပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'အဘရယ်၊ သမီးတို့ကို မင်္ဂလာဆောင်ပေးပါ၊ တောင်းပန်ပါတယ်'

'မင်းတို့ တောင်းပန်တာက အရေးမကြီးဘူး၊ ဘယ်သူမှမလုပ်တဲ့အလုပ်ကို ငါလုပ်ရင် ငါ့ကို အရူးလို့ထင်တော့မှာပဲ'

အိပ်မက်မှန်းသောအခါ အဘဦးစံမြ ပြုံးမိပါသည်။ ဆောင်းတွင်းအိပ်မက် ကယောက်ကယက် ကြုံကြုံဖန်ဖန် ညောင်ပင်နှင့် တမာပင်ကို မင်္ဂလာဆောင်ပေးရမယ်တဲ့၊ ဘာတွေမက်မှန်း မသိပါဘူးဟု တစ်ကိုယ်တည်း ညည်းညူရင်း အိမ်နှင့်မလှမ်းမကမ်းတွင် ပေါက်နေသော ညောင်ပင်နှင့် တမာပင်ကို လှမ်းကြည့်မိပါသည်။

မနေ့ညကလည်း လသာသာ၌ ညောင်ပင်နှင့်တမာပင်ကိုကြည့်မိသည့်အတွက် စိတ်စွဲ၍ အိပ်မက်မက်ခြင်းပင် ဖြစ်မည်ဟု ထင်မှတ်မိပါသည်။ အမှတ်မထင် မက်ခဲ့သော အိပ်မက်ကို မေ့မေ့ပျောက်ပျောက်နေလာခဲ့ရာ တစ်လခန့် အကြာတွင် ထိုအိပ်မက်မှာ ထပ်မက်ပြန်သည်။ သည်တွင် ဦးစံမြ၏စိတ်တွင် အိပ်မက်ကို သတိထားလာမိပြန်သည်။ နောက် တစ်ပတ်ကျော်ကျော်အကြာတွင် သည်အိပ်မက်





အတိုင်း ထပ်မက်ပြန်သည်။

သုံးကြိမ်သုံးခါ သည်အတိုင်းပင် အိပ်မက်မက်သည့်အတွက် ဂရုမပြုဘဲမနေနိုင်တော့ဘဲ ရွာဦးဘုန်းတော်ကြီးကျောင်းရှိ ဆရာတော် ဦးဓေတိကထံသို့ ရောက်ရှိခဲ့ပါသည်။ ဆရာတော်ထံရောက်မှ လွန်ခဲ့သော လေးငါးလခန့်က အမျိုးသမီးနှင့် အမျိုးသားအလောင်းနှစ်လောင်း မြစ်ကြောတစ်လျှောက်တွင် မျောပါလာခဲ့သည့်အကြောင်းကို ကြားသိရပါသည်။

၄င်းသေဆုံးသူနှစ်ဦးမှာ ဦးစံမြတို့နေထိုင်သော လက်ပံရွာနှင့် သုံးလေးမိုင်ဝေးသော ဇရပ်ကွင်းမှ မောင်စိုးမြင့်နှင့် မခင်မြတို့ဖြစ်ပြီး မင်္ဂလာဆောင်အတွက် ပစ္စည်းများဝယ်ရန်သွားစဉ် လှေမှောက်၍သေဆုံးကာ မြစ်ကြောအတိုင်း မျောပါလာသဖြင့် လက်ပံရွာမှ ၄င်းတို့ကို ဆယ်ယူကာ သင်္ဂြိုဟ်ခဲ့ရပါသည်။ ထိုစဉ်က ဦးစံမြမှာ မြို့သို့တက်ခါ စပါးများသွားရောင်းနေသဖြင့် မသိလိုက်ချေ။ ယခု ဆရာတော်ပြောမှ သည်အကြောင်းများကို သိခဲ့ရပါသည်။

'အိမ်း... လောကီလူ့ဘောင်မှာ အထူးအဆန်းတွေက များသွားလား ဒကာကြီးရဲ့၊ ရေနစ်သေသွားတဲ့ ဒကာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဒကာမလေးတို့ မကျွတ်မလွတ်တာများလား စဉ်းစားစရာပဲ’

ဆရာတော်လည်း မည်သို့မျှ ဆုံးဖြတ်ချက်မပေးခဲ့ပေ။ သို့သော်လည်း ဖြစ်ချင်တော့ သည်အကြောင်းမှာ ရွာထဲ၌ ပျံ့နှံ့သွားပါသည်။ တစ်ပတ်ခန့်အကြာတွင် ချစ်သူနှစ်ဦး၏ မိဘများရောက်ရှိပြီး ဦးစံမြအား အိပ်မက်ကိုမေးမြန်းကာ ၄င်း၏အိပ်မက်အတိုင်း မင်္ဂလာပွဲပြုပေးချင်ကြောင်း ပြောကြားပါသည်။ ဦးစံမြမှာလည်း အိပ်မက်အတိုင်းပြောပြသဖြင့် နောက်ဆုံးတွင် ရွာသူကြီးနှင့် ရွာမိရွာဖလူကြီးများရှေ့တွင် ရွှေညောင်ပင်နှင့် ရွှေတမာပင်တို့အား လက်ထပ်မင်္ဂလာပွဲ ဆင်ယင်ပြုလုပ်ပေးခဲ့ပါသည်။

လက်ထပ်မင်္ဂလာပွဲပြုလုပ်ရာတွင် ညောင်ပင်အား သတို့သား ယောကျ်ားလေးအင်္ကျီ၊ ပုဆိုးများဝတ်ဆင်ပေးပြီး ဦးခေါင်းဟုထင်ရသော နေရာတွင် ခေါင်းပေါင်းကို တင်ထားပါသည်။ တမာပင်အား သတို့သမီးအင်္ကျီ၊ ထဘီကို ဝတ်ထားပေးပြီး ဆံတုကို အထက်နားတွင် တင်ထားပြီး စပယ်ပန်းများ ချိတ်ဆွဲပေးထားပါသည်။ နှစ်ဖက်သော မိဘများမှာလည်း ဤသို့မင်္ဂလာပွဲပြုလုပ်ပေးလိုက်ရသည့်အတွက်





အလွန်ပင် စိတ်ချမ်းသာကာ ပြန်သွားကြပါသည်။

ဤကဲ့သို့ ထူးဆန်းသော မင်္ဂလာပွဲကို တွေ့ကြုံရသည့် အဘဦးလှမောင်မှာ ၄င်း၏တစ်သက်တာတွင် ဤမင်္ဂလာပွဲမျိုးကို မကြုံဖူးသဖြင့် အလွန်စိတ်ဝင်စားကာ အမှတ်တရဖြစ်နေပါသည်။ ၄င်း၏စိတ်တွင်လည်း ဤမင်္ဂလာပွဲမျိုးကို တစ်ခါသာလျှင် ကြုံလိမ့်မည်ဟု ထင်မှတ်ထားမိပါသည်။ ထိုစဉ်က ၄င်း၏အသက် တစ်ဆယ့်ငါးနှစ်လောက်တွင် တွေ့ကြုံခဲ့ရခြင်း ဖြစ်သည့်အတွက် ထိုမင်္ဂလာပွဲကို စေ့စေ့စပ်စပ် လေ့လာကာကြည့်ထားခဲ့ခြင်း ဖြစ်ပါသည်။

သို့သော်လည်း ဤကဲ့သို့ တိုက်တိုက်ဆိုင်ဆိုင် ကြုံတွေ့ခဲ့သော မင်္ဂလာပွဲမျိုး နောက်တစ်ခါပြန်တွေ့လိမ့်မည်ဟု မထင်လင့်ကစား၊ နောက်ထပ် နှစ်ပေါင်းသုံးဆယ်အကြာတွင် ထိုမင်္ဂလာပွဲမျိုးကို ထပ်မံကြုံတွေ့ခဲ့ရပါသည်။ ထိုအချိန်မှာ အဘဦးလှမောင်၏ အသက်လေးဆယ်ငါးနှစ်ခန့်က ဖြစ်ပါသည်။

ရွှေညောင်ပင်နှင့် ရွှေတမာပင်တို့၏ မင်္ဂလာပွဲ၏ ဖိတ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ရွှေညောင်ပင်နှင့် ရွှေတမာပင်တို့၏
## လက်ထပ်မင်္ဂလာသဘင်
## ဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ တာမွေဗလီရပ်ကွက်၊ (ဒီ)လမ်း၊ အိမ်အမှတ်(၁)နေ၊ ဦးမှူးသဲယား + ဒေါ်မာဒီအမွှာ၊ ဦးစွပ်ပွယား +ဒေါ်ကာစီယမ္မာတို့က လောကီလောကုတ္တရာ နှစ်ဖြာအကျိုးတိုးပွားကြပါစေရန်နှင့် ဘာသာသာသနာ အဓွန့်ရှည်တည်တံ့ခိုင်မြဲပါစေရန် အစဉ်ရှည်မှန်းမျှော်ကိုးပါ၍ ကျွန်တော်၊ ကျွန်မတို့၏ ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ ခနောင်ရွာမကျေးရွာအုပ်စု ခနောင်ကွင်းတောင်ရှိ ရွှေညောင်ပင်နှင့် ရွှေတမာပင်တို့အား ဘိုးဘွားမိဘတို့၏ ရိုးရာဓလေ့ထုံးတမ်းစဉ်လာအရ မင်္ဂလာလက်ထပ်သဘင်ပွဲကို ဆင်ယင်ကျင်းပပြုလုပ်ဆောင်နှင်းမည် ဖြစ်ပါ၍ အောက်ပါအတိုင်း ကြွရောက်ချီးမြှင့်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

### မင်္ဂလာပွဲသဘင်အစီအစဉ်

- မင်္ဂလာပွဲသဘင် ကျင်းပမည့်နေ့ရက်။
  ဖေဖော်ဝါရီလ (၁၀)ရက်၊ တနင်္လာနေ့။
  ၁၃၄၇-ခု၊ တပို့တွဲလဆန်း(၁)ရက်။
- မင်္ဂလာပွဲသဘင် ကျင်းပမည့်အချိန်အခါ။
  နံနက် (၁၀)နာရီမှ (၁၂)နာရီအထိ။
- မင်္ဂလာပွဲသဘင် ကျင်းပမည့်ဌာန။
  ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ ခနောင်ရွာမကျေးရွာအုပ်စု၊ ခနောင်တောင်ကွင်း။





**ထိန်းသိမ်းရေးကော်မတီ**

**ဦးလှုပ်ဟန်(ဥက္ကဋ္ဌ)၊ ဦးစံရွှေ(အတွင်းရေးမှူး)**

ရွှေညောင်ပင်နှင့် ရွှေတမာပင်တို့၏ လက်ထပ်မင်္ဂလာပွဲကို ဖေဖော်ဝါရီလ (၁၀)ရက်၊ တနင်္လာနေ့က နှစ်ဖက်သောလူကြီးမိဘများနှင့် ဧည့်သည်ပရိသတ်စုံညီစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။ မင်္ဂလာပွဲ ကျင်းပခဲ့သောနေရာမှာ ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ ခနောင်ရွာမကျေးရွာအုပ်စု ခနောင်တောင်ကွင်းတွင် ကျင်းပခဲ့ပါသည်။

သတို့သား၏ မိဘနှစ်ပါးမှာ ရန်ကုန်မြို့၊ တာမွေဗလီရပ်ကွက်(ဒီ)လမ်း၊ အိမ်အမှတ် (၁)တွင်နေထိုင်သော



www.burmeseclassic.com

www.burmeseclassic.com



ဦးမှုသဲယားနှင့် ဒေါ်မာဒီအမွှာတို့ဖြစ်ပြီး သတို့သမီးရွှေတမာပင်၏ မိဘနှစ်ပါးမှာ ဦးစွပ်ပရားနှင့် ဒေါ်ကာစီယမ္မာတို့ဖြစ်ပါသည်။

ရွှေညောင်ပင်နှင့်ရွှေတမာပင်တို့ မင်္ဂလာပွဲသည် ထူးခြားဆန်းကြယ်ပြီး ဖိတ်စာနှင့်တကွ ကြွရောက်ပါဟုဆိုသဖြင့် ဦးလှမောင်မှာ ခနောင်တောင်ကွင်းကျေးရွာသို့ သွားရောက်ခဲ့ပါသည်။ မင်္ဂလာနေရာသို့ သွားရန်အတွက် အံကြီးဆိပ်မှဘတ်စ်ကား စီးနင်းကာ ပျော်ဘွယ်ကျေးရွာကြီးသို့လည်းကောင်း၊ ထိုမှ ခြေလျင်ခရီးဖြင့် ခနောင်တောင်ကွင်းရွာသို့လည်းကောင်း သွားရောက်ခဲ့ရာ နံနက် ၉နာရီမှ ၄၅ မိနစ်ခန့်တွင် မင်္ဂလာမဏ္ဍာပ်ဆီသို့ ရောက်ခဲ့ရပါသည်။

မင်္ဂလာမဏ္ဍာပ်အတွင်းသို့ ဝင်သွားသောအခါ ထူးခြားသောမြင်ကွင်းတစ်ရပ်ကို တွေ့ရှိရသဖြင့် အလွန်ပင်အံ့အားသင့်သွားခဲ့ပါသည်။ မဏ္ဍာပ်အတွင်းရှိ အပင်နှစ်ပင်အနက် တမာပင်အား အိန္ဒိယအမျိုးသမီးဝတ်စုံ ဆာရီလိမ္မော်ရောင်ကို ဝတ်ဆင်ထားပြီး ပင်စည်၏အထက်နားတွင် နနွင်းမှုန့်ဖြင့် အမျိုးသမီးမျက်နှာသဏ္ဍာန် လိမ်းခြယ်ထားပါသည်။ ၎င်းပြင် ပင်စည်တွင် ပန်းကုံးလေးများ ချိတ်ဆွဲထားပါသည်။





ရွှေတမာပင်သည် နုပျိုသော သတို့သမီးတစ်ဦး၏ပုံသဏ္ဍာန် ပေါ်လွင်နေပါသည်။ ၎င်းတမာပင်နှင့် လေးငါးပေခန့်အကွာတွင် ပင်စည်လုံးပတ် တစ်ခုလုံးအား ထုံးသုတ်ထားသော ညောင်ပင်ကြီးကို တွေ့ရပါသည်။ ခါးအလယ်လောက်တွင် ပုဆိုးသဏ္ဍာန် ပိတ်ဖြူစကို ပတ်ထားပါသည်။ သစ်ကိုင်းတစ်ခုတွင် ပန်းကုံးတစ်ကုံး စွပ်ပေးထားပါသည်။ ဤပုံကိုကြည့်ရုံနှင့် သတို့သားအဖြစ် ညောင်ပင်ကြီးအား လှပစွာ ခြယ်မှုန်းထားသည်ကို သိရှိလိုက်ရပါသည်။

မင်္ဂလာပွဲကျင်းပမည့်အချိန်မှာ နံနက် (၁၀)နာရီမှ ၁၁နာရီ(?) တည့် (၁၂)နာရီအထိဖြစ်ပြီး ဦးလှမောင်သည် ၉နာရီ ၅၀မိနစ်ခန့်တွင် ရောက်လာပါသည်။ လယ်ကွင်းပြင်ထီးထီးတွင် မင်္ဂလာမဏ္ဍာပ်ထိုးထားပြီး အသံချဲ့စက်နှစ်လုံးမှအိန္ဒိယသီချင်းများဖွင့်ကာ သတို့သား သတို့သမီး ဆွေမျိုးမိတ်ဆွေများမှ ကြွရောက်လာသူများကို ဆီးကြိုကာနေရာပေးပါသည်။

ဆယ်နာရီအချိန်တွင် မင်္ဂလာပွဲ အခမ်းအနားစတင်ပြီဖြစ်ကြောင်း ဟိန္ဒူဆရာကြီးမှ ကြေငြာလိုက်ပါသည်။ ၎င်းနောက် ဆီမီးခွက်များ ထွန်းညှိကာ လော်ပန် အမွှေးနံ့သာများပါရော၍ လိုက်လံ ထွန်းညှိပေးပါသည်။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



သတို့သားရွှေညောင်ပင်နှင့် သတို့သမီး ရွှေတမာပင်တို့မှာ အကြင်လင်မယားဖြစ်ကြောင်း ကြေညာလိုက်ပါသည်။

ထိုစဉ် ဧည့်ပရိသတ်ငါးရာကျော်မှ လက်ခုပ်သံများ ထွက်ပေါ်လာခဲ့ပါသည်။ သတို့သားဖခင်မှာ ရွှေညောင်ပင်တွင် ဆွဲထားသော ပန်းကုံးတစ်ကုံး၊ တမာပင်တွင် ချိတ်ဆွဲထားသော ပန်းကုံးတစ်ကုံးကိုဖြုတ်၍ ပန်းများကို ပရိသတ်ဆီသို့ ပစ်ကြဲလိုက်ပါသည်။ အမျိုးသမီးငါးဦးပါသော အဖွဲ့တစ်ဖွဲ့သည် သစ်သီးဝလံများထည့်ထားသော လင်ပန်းကိုယ်စီကိုင်ကာ ၄င်းအပင်များရှေ့တွင် လက်ဖွဲ့ခြင်းသဘောအဖြစ်ထားပါသည်။ အခြားလူများကလည်း ငှက်ပျောသီး၊ အုန်းသီး၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ ပိုက်ဆံများလက်ဆောင်ပေးကြပါသည်။

ထိုသို့ပြုလုပ်ပြီး အိန္ဒိယသီချင်းများဖွင့်ကာ မဏ္ဍပ်အတွင်းရောက်လာသော ဧည့်ပရိသတ်များအား ထမင်းကျွေးသည်။ ထမင်းကျွေးရာတွင် ငှက်ပျောဖက်များပေါ်တွင် ထမင်းပုံထားပြီး ဟင်းနှင့်ပဲဟင်းများ လောင်းချပေးကာ ဧည့်ခံကျွေးမွေးသည်မှာ အလွန်စားမြိန်လှပါသည်။ ၄င်းနောက် မင်္ဂလာအခမ်းအနား ပြီးဆုံးကြောင်း ကြေညာပါသည်။





ဦးလှမောင်လည်း မင်္ဂလာအခမ်းအနားဖြင့် လက်ထပ်မင်္ဂလာပြုပေးခြင်းခံရသော ရွှေညောင်ပင်နှင့် ရွှေတမာပင်ကို သေသေချာချာကြည့်မိပါသည်။ သတို့သား၊ သတို့သမီးဝတ်စုံအပြည့် မင်္ဂလာလက်ဖွဲ့ပစ္စည်းများဖြင့် ဆန်းကြယ်လှသည့် ရုက္ခကမ္ဘာမှ ရုက္ခတို့၏မင်္ဂလာပွဲကို ၄င်း၏တစ်သက်တာတွင် မည်သို့မျှ မေ့နိုင်မည်မဟုတ်ပါ။ အသစ်စက်စက် မင်္ဂလာဧနီးမောင်နှံ၏ နနွင်းများ၊ မျက်နှာများကလည်း ပြုံး၍နှုတ်ဆက်နေသည့်အလား မြင်ယောင်ရင်း ဤမင်္ဂလာပွဲမှ ပြန်ခဲ့ရပါသည်။

'ဆရာမရယ်၊ ကျွန်တော့်တစ်သက်မှာ နှစ်ခါတွေ့ခဲ့ရတဲ့ ရုက္ခမင်္ဂလာပွဲပါ'

'ဒါဆိုရင် တစ်သက်မှာနှစ်ခါနဲ့ ရုက္ခမင်္ဂလာပွဲပေါ့'

'အင်း... ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ၁၉၈၅ ခုနှစ်ကဆိုတော့ အခုဆို တစ်ဆယ့်ခုနစ်တောင်ရှိပြီ'

'တော်တော်ကြာပြီပဲ၊ ဒါတောင် ဒီမင်္ဂလာဆောင်ဖိတ်စာကလေးရှိသေးတယ်နော်'

'ဆရာမရယ်၊ ဒီလိုထူးဆန်းတဲ့ မင်္ဂလာပွဲလုပ်ခဲ့တာ သက်သေမပြနိုင်ရင် ဘယ်သူယုံမှာလဲ၊ သက်သေပြစရာ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ဒီဖိတ်စာကလေးကို သိမ်းထားတာပါ'


'ဟုတ်ပါတယ်၊ ထူးခြားတဲ့ ဒီမင်္ဂလာပွဲအကြောင်းကို ဒီဖိတ်စာကလေးက သက်သေပေါ့၊ ဒါဆို တကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်းကလေးပေါ့နော်'

'ဟုတ်ပါတယ်··· ဒါဟာ စိတ်ကူးယဉ်မဟုတ်ပါဘူး၊ ခနောင်တောင်ကွင်းမှာ အမှန်တကယ်ဖြစ်တဲ့ ဖြစ်ရပ်မှန် မင်္ဂလာပွဲလေးပါ'

လောကကြီး၌ သူ့အကြောင်းနှင့်သူဆိုသလို လူသားတို့နှင့် ရက္ခတို့၏ဆက်နွယ်မှုများ အမှန်တကယ်ရှိခဲ့ပါသည်။ စာရေးသူတို့ မသိသေးသည့် ထူးဆန်းစွာကြုံတွေ့ခဲ့ရသော ရက္ခမင်္ဂလာပွဲဖြစ်ရပ်မှန်တစ်ခုကို အဘဦးလှမောင်ထံမှ ကြားသိရသဖြင့် ရက္ခကမ္ဘာ၏ ဆန်းကြယ်သောဖြစ်ရပ်များကို စာရှုသူတို့ သိစေလိုသောဆန္ဒဖြင့် ရေးသားဖော်ပြလိုက်ရပါတော့သည်။

◆ ◆ ◆





www.burmeseclassic.com

www.burmeseclassic.com

# ပန်ထွာကေရီ
# ရွတ်ဆိုပူဇော်သည့်ဂါထာထူး

စာရေးသူဆီသို့ မမျှော်လင့်သောအချိန်၌ မမျှော်လင့်သူတစ်ဦးသည် အမှတ်မထင်ရောက်ရှိလာပြီး ၄င်းထံသို့ ထူးခြားစွာ ရရှိလာသော ဂါထာတော်ထူးအကြောင်းကို ပြောပြသဖြင့် အံ့သြစွာ ကြားသိခဲ့ရပါသည်။

သူသည် စာရေးသူနှင့် နှစ်ပေါင်းနှစ်ဆယ်ကျော်မျှ ကွဲကွာနေသည့် တပ်မတော်မှ အငြိမ်းစားဗိုလ်မှူးဟောင်း တစ်ဦးဖြစ်ပါသည်။ စာရေးသူနှင့် နှစ်ပေါင်းများစွာ ကွဲကွာနေသည့်အတွက် သူ မည်သည့်အလုပ်များ လုပ်နေသည်ဟူ၍လည်းကောင်း၊ သူ၏ဘဝတွင် မည်သို့ဖြစ်ပျက်ခဲ့သည်ကိုလည်းကောင်း စာရေးသူ မသိခဲ့ချေ။ ယခင်က သူသည် ဘာသာရေးကိုလည်း ဟုတ်တိပတ်တိမလုပ်၊ အထူးသဖြင့် အရက်ကို အလွန်အကျွံသောက်သဖြင့် စာရေးသူတို့ ဇနီးမောင်နှံနှင့် ခပ်တန်းတန်းနေခဲ့ကြသော မိတ်ဆွေပင်ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ယခု အငြိမ်းစားယူပြီးနောက်ပိုင်း အရက်သေစာမသောက်တော့ဘဲ ဘုရား၊ တရားအလုပ်ကို လုပ်နေသည်ဟု အသိမိတ်ဆွေများမှ တစ်ဆင့်စကား တစ်ဆင့်နားဆိုသကဲ့သို့ ကြားသိခဲ့ရပါသည်။ မိတ်ဆွေအချို့ကမူ ၄င်းအား ပုဂံဘုရားများ၊ မန္တလေး၊ စစ်ကိုင်း၊ ရန်ကုန် စသည့်မြို့များမှ တန်ခိုးကြီးဘုရားများတွင် အဓိဋ္ဌာန်ပုတီးစိပ်နေသည်ကို တွေ့ခဲ့ရကြောင်း ပြောပြကြပါသည်။ စာရေးသူသည် သူနှင့်ပတ်သက်သော သတင်းစကားများကို ကနဦးက မယုံကြည်ပေ။ အသက်အရွယ်လေးရလာပြီး လူလတ်ပိုင်းကျော်လုပြီဖြစ်၍ ဘုရား၊ တရားအလုပ် လုပ်ခြင်းပေလော။ သို့တည်းမဟုတ် အရင်ကလိုပင် အရက်သောက်ချိန်သောက်ပြီး ပုတီးစိပ်ချိန်စိပ်နေသလော။ သို့သော်လည်း စာရေးသူမှာ ကိုယ့်အလုပ်နှင့်ကိုယ်ရှုပ်နေကြသဖြင့် သူနှင့်ပတ်သက်သော အကြောင်းအရာများကို ကြာရှည်စွာ မစဉ်းစားနိုင်ခဲ့ပေ။

သူ (သို့မဟုတ်) ကိုစိုးနိုင်. . .။

စနေနေ့တစ်နေ့. . . ကိုစိုးနိုင်တစ်ယောက် စာရေးသူ၏အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ပါသည်။ စာရေးသူတို့ ဇနီးမောင်နှံ၏ မိတ်ဆွေရင်းဖြစ်သည့်အတွက် စာရေးသူတို့မှ ကောင်းမွန်စွာ ဧည့်ခံခဲ့ပါသည်။ သူနှင့်စကားပြောစဉ် သူ့ကို စာရေးသူ အကဲခတ်နေမိပါသည်။ ယခင်က လာလျှင် ပြောချင်တာပြောပြီးရင် ကြိုဟ်ဆန်တတ်သည်။ ယခုမူ အေးဆေးစွာဖြင့် ဘုရားတရားအကြောင်းများ ပြောပါသည်။ ဘဝ၏ဖြစ်တည်မှု၊ ရုပ်သဘောများ၏ ပြောင်းလဲမှုများနှင့် ဂါထာတော် တော်တော်များများကို ရွတ်ပြပါသည်။ သူသည် တောင်ကြီးမြို့၌နေပြီး ယခု ရန်ကုန်သို့ရောက်စဉ် ရွှေတိဂုံစေတီတော်တွင် အဓိဋ္ဌာန်ပုတီးစိပ်ပြီး အပြန်၌ စာရေးသူတို့အိမ်သို့ လာခဲ့ခြင်းဖြစ်ပါသည်။ တောင်ကြီးသို့ မပြန်မချင်း စာရေးသူတို့အိမ်မှာပင် တည်းခိုခဲ့ပါသည်။ စာရေးသူတို့ဇနီးမောင်နှံမှာလည်း တစ်ရက်၊ နှစ်ရက် သူ့ကို အကဲခတ်နေမိပါသည်။ သူ၏ နေပုံ၊ ထိုင်ပုံ၊ ပြောပုံ ဆိုပုံ အစစသိမ်မွေ့သွားပြီး အရက်သေစာပြတ်သွားသည်မှာ ဆယ်နှစ်ကျော်ရှိပြီဖြစ်ကြောင်း ပြောကြားပြီး သူ အဘယ့်ကြောင့် ဤသို့ပြောင်းလဲသွားသည်ကို တဖြည်းဖြည်းချင်း ပြောပြပါသည်။

'မမမြေးရေးတဲ့စာတွေကို မဂ္ဂဇင်းတွေထဲမှာ မကြာခဏဖတ်ရပါတယ်။ ဖြစ်ရပ်မှန်၊ ဖြစ်ရပ်ဆန်းကြယ်အကြောင်း







www.burmeseclassic.com

www.burmeseclassic.com



ရေးနေတာတွေ ဖတ်ရတော့ ကျွန်တော့်အကြောင်းကို ပြောပြချင်တယ်။ ဒါပေမဲ့ ကျွန်တော်ကလည်း ရန်ကုန်မရောက်တာတစ်ကြောင်း၊ ရောက်ပြန်တော့လည်း ကိစ္စမပြတ်တာကြောင့်တစ်ကြောင်းနဲ့ မမဒွေးတို့အိမ်ကို မဝင်ဖြစ်ဘူး။ အခုလည်း ကိစ္စတစ်ခုနဲ့ပတ်သက်ပြီး ရန်ကုန်လာခိုက်မှာ မဖြစ်မနေဝင်မယ်လို့စိတ်ကူးပြီး ကျွန်တော့်ဇာတ်လမ်းကလေးလည်း ပြောရအောင်လို့လာခဲ့တာ'

'ပြောပါ ကိုစိုးနိုင်'

'ကျွန်တော်ဟာ တိုက်ပွဲတစ်ခုမှာ ဒဏ်ရာရပြီး တပ်မတော်က /အငြိမ်းစားယူလိုက်ပါတယ်။ ဒါပေမဲ့ အရင်အတိုင်း အရက်ကို အလွန်အကျွံသောက်တော့ ကျန်းမာရေးမကောင်းဖြစ်လာတယ်။ ဆရာဝန်ကြီးတွေကလည်း အရက်ဆက်မသောက်ဖို့ပြောပေမယ့် မရဘူး။ ကျွန်တော် ဒီလိုဆက်သောက်ရင်းနဲ့ တစ်နေ့မှာ အကြီးအကျယ် နေမကောင်းဖြစ်တယ်။ အဲဒီမှာတင် ခံတွင်းပျက်၊ အစားပျက်ဖြစ်ပြီး အရက်လည်းမသောက်ချင်၊ ဘာမှလည်း စားလို့မရတော့ဘူး။ ဒီလိုအိပ်ရာထဲလဲတဲ့အထိ ဖြစ်လာတယ်။ နောက်တော့ ဆရာဝန်ကြီးတွေနဲ့ ဆေးကုသရင်း အတော်ကလေး နေကောင်းလာ





တယ်။ အဲဒီလိုနဲ့ တစ်ညမှာ ရှေးဦးမြို့က သူငယ်ချင်း ကိုလှမြင့်ကို အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ သူ့ဆီကိုလာခဲ့ဖို့ခေါ်တယ်။ သူ ဆေးကုပေးရင် ပျောက်မယ်လို့လည်း ပြောတယ်။ ကျွန်တော်လည်း ကိုလှမြင့်ဆီကို စိတ်က အရမ်းသွားချင်နေတယ်။ ကျွန်တော့်ရောဂါကလည်း နည်းနည်းသက်သာလိုက်၊ ပြန်ဖြစ်လိုက်နဲ့ အားမရှိသလို နုံးခွေပြီး အိပ်ရာထဲလဲပြန်နဲ့ ရှင်းရှင်းကို မပျောက်ဘူးဖြစ်နေတယ်။ နည်းနည်းကလေး နေကောင်းလာတော့ ကိုလှမြင့်ဆီကို ကျွန်တော် ရောက်အောင် သွားတော့တာပဲ။ အဲဒီမှာတင် ကျွန်တော့်ဘဝရဲ့ အလွန်တရာကောင်းမွန်တဲ့ အပြောင်းအလဲကြီး ပြောင်းလဲသွားတော့တာပါပဲ'

သည်တွင် စာရေးသူလည်း ၄င်းပြောစကားများကို အလွန် စိတ်ဝင်စားလာပါတော့သည်။

'ကိုစိုးနိုင်… ဘယ်လိုပြောင်းလဲလာတာလဲ'

'အဖြစ်က တော်တော်ဆန်းကြယ်ပါတယ်။ ကိုလှမြင့်ဆီရောက်ပြီးမှ ဂါထာတော်တစ်ခုရရှိခဲ့ပါတယ်။ အဲဒီဂါထာတော်ရလာပြီး ရွတ်ဖတ်ပူဇော်တဲ့အချိန်ကစပြီး သူဌေးကြီးမဖြစ်ပေမယ့် စိတ်ချမ်းသာပြီး အစစပြည့်စုံလာတယ်'



www.burmeseclassic.com

www.burmeseclassic.com



'သူမြွေးဖြစ်တာ/ မဖြစ်တာက ရှေးအတိတ်ဘဝရဲ့ ဒါနမျိုးစေ့နဲ့ဆိုင်တာပေါ့။ အခုဘဝမှာ ပြည့်ပြည့်စုံစုံနေရရင်ပဲ ကျေနပ်ရမှာပဲ'

'ဟုတ်ပါတယ် မမြွေး၊ အတိတ်ဘဝကပါလာတဲ့ အကြောင်းတရားတွေကို ဒီဘဝမှာ ရှောင်လွှဲလို့မရပါဘူး။ ကျွန်တော်ရထားတဲ့ဂါထာတော်ဟာ ပန်တွာကေရီရဲ့သက္ကတဘာသာနဲ့ ရွတ်ဆိုပူဇော်တဲ့ စိန္တာမဏိဂါထာတော်ပါ။ ဒီဂါထာတော်ကို ရွတ်ဆိုပူဇော်ရင် ကိုယ့်ရဲ့လိုအင်ဆန္ဒ၊ ကြံစည်တောင့်တတဲ့အရာများကို ဆောလျင်စွာ ပြည့်စုံစေပါတယ်။ အဲဒီဂါထာတော်ရွတ်ပြီးတဲ့နောက်မှာ ကျွန်တော့်ဘဝလည်း အပြောင်းလဲကြီး ပြောင်းလဲလာတယ်လေ။ အရက်သေစာလုံးဝပြတ်သွားတယ်။ ကျန်းမာရေးကောင်းလာတယ်။ ဆရာတော်ကြီးများနဲ့တွေ့ပြီး ဘုရားစာတော်တော်များများ ရလာတယ်။ အဓိဋ္ဌာန်ပုတီးစိပ်ရင်းနဲ့ သာသနာပြုလုပ်ငန်းအတွက် လုပ်ကိုင်လာခဲ့တယ်'

'အဲဒီဂါထာတော်ကို မမြွေးသိချင်လိုက်တာ'

'အဲဒီဂါထာတော်ကို မမြွေးတို့ကိုပေးချင်လို့ တမင်လာခဲ့တာပဲ။ အဲဒီဂါထာတော်ဟာ အင်မတန် အကျိုးထူးတဲ့





ဂါထာလည်းဖြစ်လို့ ဒီဂါထာတော်ကို ပေးရကောင်းနိုး၊ မပေးရကောင်းနိုးနဲ့ ကျွန်တော်လည်း တော်တော်စဉ်းစားပါတယ်။ နောက်တော့ ကျွန်တော် ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပါတယ်။ ကျွန်တော်တစ်ယောက်တည်း ရွတ်ဆိုပူဇော်ရင် ကျွန်တော်တစ်ယောက်တည်းပဲ ကုသိုလ်ရမယ်။ မမြွေးသိလို့ မဂ္ဂဇင်းမှာဖော်ပြရင် စာဖတ်သူများနဲ့ သူတို့ပတ်ဝန်းကျင်မှာရှိတဲ့မိတ်ဆွေများပါ အကျိုးထူးရရှိလိမ့်မယ်။ ထိုက်တဲ့သူတွေ ရပါစေ၊ ပူဇော်တဲ့သူတွေ အကျိုးထူးရပါစေဆိုတဲ့ စေတနာအရင်းခံနဲ့ ကျွန်တော် ဒီဂါထာတော်ကို ပေးပါမယ်။ ဒီဂါထာကို ဘယ်လိုထူးဆန်းစွာရရှိခဲ့တယ်ဆိုတာကတော့ ဒီလိုပါ မမြွေး...'

ကိုစိုးနိုင်သည် ရောဂါသက်သာလာပြီး မကြာမီ ပင် ရှေ့ဦးမြို့မှ ကိုလှမြင့်ဆီသို့ ရောက်လာခဲ့ပါသည်။ ၄င်းအိပ်မက်အကြောင်း ပြောပြသောအခါ ကိုလှမြင့်က အားရပါးရ ရယ်မောပါသည်။

'မင်းရောဂါကိုပျောက်အောင် ငါ မကုပေးနိုင်ပါဘူး သူငယ်ချင်းရယ်။ ငါက ဆရာဝန်မှမဟုတ်ဘဲ။ ဒါပေမဲ့ မင်း စိတ်ချမ်းသာအောင်တော့ ထားနိုင်ပါတယ်။ မင်း နေ



www.burmeseclassic.com

www.burmeseclassic.com



မကောင်းတုန်းမှာ မင်းရဲ့မသိစိတ်က ငါ့ကိုသတိရပြီး ရောဂါပျောက်ချင်တဲ့ စိတ်ဆန္ဒနဲ့ပေါင်းပြီး ငါ့ကို အိပ်မက်မက်နေတာနေမှာပေါ့'

'ဟုတ်မှာပေါ့ကွာ၊ ဒါပေမဲ့ မင်းဆီမှာနေရတာ ငါ့စိတ်ထဲမှာ တော်တော်အေးချမ်းနေသလိုပဲ'

'မင်းစိတ်ထဲမှာ အေးချမ်းတယ်ဆိုရင်လည်း မင်းပျော်သလောက်နေပါ သူငယ်ချင်းရယ်။ ဒါပေမဲ့ နောက်တစ်ပတ်မှာ ငါ ကလေးဝကို သွားစရာရှိတယ်။ ငါသွားလည်း အိမ်မှာ အမေတို့၊ ငါ့ညီတို့၊ ငါ့မိန်းမတို့ ရှိတာပဲ။ မင်းဆက်နေလို့ရပါတယ်'

'မင်းမရှိရင် ငါ မနေချင်ဘူး။ ငါလည်းလိုက်ခဲ့မယ်'

'မင်းလိုက်နိုင်ပါ့မလား'

'ဖြစ်ပါတယ်ကွာ'

သည်လိုနှင့်ပင် ခရီးသည်တင် ရိန်းဂျားဖိုးဒီကားကြီးဖြင့် ရေဦးမြို့မှ စတင်ထွက်ခွာလာခဲ့ကြပါသည်။ ထိုမှ ရွာငယ်ကလေးသုံးလေးရွာကို ဖြတ်ကျော်လာခဲ့ပါသည်။ မိုင်တိုင်အမှတ်(၂၀)ကျော်သို့ လွန်မြောက်လာသောအခါ





လမ်းဘေးဝဲယာတစ်ဖက်တစ်ချက်တွင် အင်ပင်တောများကို တွေ့ရပါသည်။ ထိုမှ တဖြည်းဖြည်းဆက်လာရာ လမ်းအကွေ့အကောက်များ၊ ကျင်းများ၊ ချိုင့်များကိုကျော်လွန်ပြီး တောကြီးတစ်ခု၏ အနားစပ်သို့ ရောက်လာခဲ့ပါသည်။ ထိုသို့ဖြင့် ကုန်းကမူများကို ဆင်းလိုက်၊ တက်လိုက်ဖြင့် ခရီးဆက်လာရာ မိုင်တိုင်အမှတ်(၂၉)သို့ရောက်ရှိလာခဲ့ပါသည်။ လမ်း၏အရှေ့ဘက်ခြမ်းသည် တန့်ဆည်မြို့နယ် ဧရိယာထဲတွင်ပါဝင်ပြီး လမ်း၏အနောက်ဘက်ခြမ်းသည် ရေဦးမြို့နယ်၏ ဧရိယာအတွင်း၌ ပါဝင်ပါသည်။ စခန်းတစ်ခုနှင့် တစ်ခုမှာ မဝေးလှဘဲ ဘေးတစ်ဖက်တစ်ချက်တွင် အင်ပင်တန်းများ အစီအရီ ပေါက်နေသည်မှာ ကြည့်မဝအောင် သာယာလှပနေပါသည်။ ကိုစိုးနိုင်တို့စီးလာသော ရိန်းဂျားကားကြီးမှာ တောကြီးတောင်ကြီးအတွင်း ကွေ့ကောက်၍ တက်လိုက်၊ ဆင်းလိုက်နှင့် မောင်းနှင်နေပါသည်။ ကိုစိုးနိုင်၏ အတွေးများ ဟိုမှသည်မှ တွေးတောရင်း လိုက်ပါလာခဲ့ပါသည်။

'သူငယ်ချင်းလှမြင့်၊ ဒါ... မဟာမြိုင်တောကြီးသား'



www.burmeseclassic.com

www.burmeseclassic.com



'အေး… ဟုတ်တယ်။ မဟာမြိုင်တောကြီးလေ ကွာ။ အခုမှ အစရှိသေးတယ်'

'မဟာမြိုင်တောကြီးကို ငါတစ်ခါမှ မရောက်ဖူး ဘူး။ ဒီခရီးကိုလာရတာ စိတ်ထဲမှာ ပျော်သလိုပဲ'

တစ်ခါတစ်ရံ ချောင်းကူးတံတားများကို ဖြတ်ကျော် လာခဲ့ရသည်။ သစ်သားတံတားများဖြစ်ပြီး နှစ်အတော်ကြာမှ ဆောက်ထားခြင်းဖြစ်ဟန်တူသည့်အတွက် တောင့်တင်းခိုင် မာမှု အားနည်းနေသည်ကို တွေ့ရပါသည်။ တံတားအောက် တွင် ရေများမတွေ့ရဘဲ သဲများကိုသာ တွေ့ရပါသည်။ သည် လိုနှင့် ခရီးဆက်လာရာ သစ်ပင်ကြီးတစ်ပင်အနီး၌ ကား သည် ဦးသုံးကြိမ်တိုက်ပြီးမှ ထွက်ခွာလာခဲ့ပါသည်။ နောက် တစ်နေရာအရောက်တွင် နတ်ကွန်းတစ်ခုကို တွေ့ပါသည်။

'သူငယ်ချင်း၊ ဒါ ဘာလုပ်တာလဲ'

'ဓောင်ပိုင်ဘိုးဘိုးကြီးကို ဦးတိုက်ကန်တော့တာ လေ။ ဒီနတ်ကွန်းကတော့ ပန်ထွာမင်းသမီးရဲ့ နတ်ကွန်းပေါ့'

'ပန်ထွာမင်းသမီးနဲ့ ဘာဆိုင်လို့လဲ။ ပန်ထွာမင်း သမီးရဲ့ ဗိသနိုးမြို့ဟောင်းက တောင်တွင်းကြီးအလွန်မှာ ရှိတာမဟုတ်လား'





'ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမဲ့ ငါလည်း တိတိ ကျကျမသိပါဘူး။ သူများပြောသံ ကြားဖူးတာပဲ'

ကိုလှမြင့်၏ မတင်မကျ၊ မရေမရာ မသေချာသော စကားများကြောင့် စကားအဆက်ပြတ်သွားရင်း ကိုယ့်အတွေး နှင့်ကိုယ် လိုက်ပါလာခဲ့သည်။ သည်လိုနှင့် ခရီးဆက်ရင်း ဆယ့်တစ်နာရီကျော်ကျော် အချိန်တွင် ကားပျက်ပါတော့ သည်။ ကားပြင်ရမည်မှာ ကြာဦးမည်ဟုဆိုသဖြင့် ခရီးသည် များ သစ်ပင်အောက်တွင် နားနေကြပါသည်။ ထမင်းစား ချိန်ဖြစ်သဖြင့် ဗိုက်ဆာလာပြီဖြစ်၍ အစားတစ်ခုခုစားရန် စဉ်းစားမိပါသည်။ အနီးအနား၌လည်း မည်သည့်ဆိုင်မျှ မရှိပေ။ ကိုစိုးနိုင်သည် နာလန်ထစ လူမမာဖြစ်၍ လိုရမည် ရစားရန် ကိုလှမြင့်၏ဇနီးမှ ဘီစကွတ်မုန့်တစ်ထုပ်နှင့် ရေ သန့်ဘူးတစ်ဘူး ထည့်ပေးလိုက်ပါသည်။ ထို့ကြောင့် အဆာ ပြေမုန့်စားရန် မုန့်ထုပ်ကို ယူလိုက်ပါသည်။

ထိုစဉ် ငှင်းနှင့်မလှမ်းမကမ်း သစ်ပင်ရိပ်တွင် ပုတီး စိပ်နေသော ရသေ့တစ်ပါးကို တွေ့လိုက်ရပါသည်။ ရသေ့ ကြီးသည် မိမိတို့ကားပေါ်တွင် ပါလာသော ရသေ့ကြီးဖြစ် ပြီး အသက်ခြောက်ဆယ်ကျော်မျှရှိပြီဟု ခန့်မှန်းရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရသေ့ကြီးမှာ နေမွန်းတည့်ကျော်သွားပါက ဆွမ်းမစားရဘဲ ဖြစ်ချေမည်။ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားသည့် ခရီးဖော်ဖြစ်သည့် ရသေ့ကြီးမှာ သည်အတိုင်းသာဆိုလျှင် ဆွမ်းကိစ္စမီမည့်ပုံမရချေ။ ထို့ကြောင့် ရသေ့ကြီးအား ၄င်း၌ ပါသော ဘီစကွတ်မုန့်နှင့် ရေသန့်ဘူးကို ကပ်လှူလိုက်ပါသည်။

ရသေ့ကြီးသည် မုန့်အနည်းငယ်နှင့် သောက်ရေ အချို့ကိုသောက်ပြီး ကိုစိုးနိုင်တို့အား ပြန်စွန့်လိုက်ပါသည်။ သည်လိုနှင့် ရသေ့ကြီးနှင့် စကားပြောဖြစ်သွားပါသည်။ ရသေ့ကြီးသည် ဤခရီးလမ်းကို သွားနေကျဖြစ်ပုံရသည်။ ဤခရီးကို ကျွမ်းကျင်ပုံလည်း ရပါသည်။ ထို့ကြောင့် ခုန ကိုလှမြင့်နှင့် စကားပြောရင်းက ကိုလှမြင့် ပြောမပြနိုင် သော ပန်ထွာမင်းသမီးနှင့် မဟာမြိုင်တောကြီးတို့ ဆက်စပ် ပုံကို ရသေ့ကြီးအား မေးမြန်းမိပါသည်။

'ဒီလိုကွဲ့... ပန်ထွာမင်းသမီးအကြောင်းကို ပြော ရရင် ပွေးဖို၊ ပွေးမဖြစ်စဉ်က ဇာတ်ကြောင်းကလေးက စရမှာပဲ။ ဒွတ္တဘောင်မင်းကြီးဟာ ဟိုအရင်ဘဝက ပွေးဖို ကြီးဖြစ်ပြီး ပန်ထွာမင်းသမီးက ပွေးမဖြစ်ခဲ့တယ်။ အင်မတန် ချစ်တဲ့ ပွေးမောင်နှံပေါ့ကွယ်။ ပွေးဖိုကြီးကို စိတ်ဆိုးပြီး ပွေးမက ဘဝဆက်တိုင်း မပေါင်းရပါစေနဲ့လို့ ဆုတောင်းမှား ခဲ့တယ်။ ပွေးဖိုကြီးကတော့ ဘဝဆက်တိုင်းပေါင်းရပါစေလို့ ဆုတောင်းခဲ့တယ်။

ပန်ထွာဧကရီဖြစ်လာတဲ့အခါမှာ သူမရဲ့ဆုတောင်း ကြောင့် ဒွတ္တဘောင်မင်းကြီးနဲ့ အကြောင်းအမျိုးမျိုး အတိုက် အခိုက်၊ အကွေ့အကောက်တွေ ဖြစ်လာတယ်။ ဒွတ္တဘောင် မင်းကြီးက ဗိဿနိုးမြို့ကို တိုက်ခဲ့တယ်။ မအောင်မြင်တော့ ဥပါယ်တံမျဉ်နဲ့ ရဟန်းဟန်ဆောင်တဲ့ မင်းကြီးရဲ့လူဟာ စည် ကြီးရဲ့မျက်နှာပြင်ကိုဖောက်ပြီး စစ်နိုင်ခဲ့တယ်။ ဒီသမိုင်း ကြောင်းကို ဒကာကြီးတို့သိမှာပါ။ အဲဒီမှာ ပန်ထွာဧကရီ ဟာ ထွက်ပြေးပုန်းရှောင်တဲ့အခါ ဒီမဟာမြိုင်တောကြီးကို ရောက်လာခဲ့တယ်လို့ဆိုတယ်။ ရဟန်းအတုအယောင်ကြောင့် ဗိဿနိုးမြို့ ပျက်ရတယ်ဆိုပြီး ရသေ့ရဟန်းယောင်များကို စိတ်နာတယ်လို့ဆိုတယ်'

'မှန်ပါ့ဘုရား'

'ဟိုအရင် ကားသမားများဟာ အယူအဆလွဲပြီး ရသေ့ ရဟန်းများကို ကားခေါင်းမှာ မတင်ကြဘူး။ ခုခ




အားမာန်သစ်စာပေ

www.burmeseclassic.com



တော့ ဒီအယူအဆတွေ ပျောက်သလောက်ရှိပါပြီ။ ဒါပေမဲ့ ရသေ့ကြီးကတော့ ကိုယ့်ကြောင့် သူတစ်ပါးစိတ်မှာ ငြိငြင်မှုမဖြစ်စေချင်လို့ ဒီလမ်းခရီးကိုလာတိုင်း နောက်ခန်းမှာပဲ စီးပါတယ်။' ဒါပေမဲ့ ကားဆိုတာ ပျက်ချင်ရင်ပျက်တာပဲ။ အခုကြည့်… ရသေ့ကြီး နောက်ခန်းက လိုက်လာတာလည်း ပျက်တာပဲ”

‘ရေသန့်လေး ဘုန်းပေးပါဦး’

‘ပြည့်စုံပါပြီ ဒကာကြီး၊ ဒါနဲ့ ပန်ထွာမင်းသမီး အကြောင်း ဆက်ပြောဦးမယ်။ ဒီမဟာမြိုင်တောကြီးထဲမှာ ပုန်းနေပေမယ့် တစ်နေ့ကျရင် မိမှာပဲဆိုတာ သိတယ်။ အဲဒီခေတ်က စစ်ရှုံးရင် အသတ်ခံရတယ်။ ပန်ထွာမင်းသမီးရဲ့ အထိန်းတော်ကြီးဟာ သူတို့မိဘဘိုးဘွားစဉ်ဆက် ဒီဂါထာတော်ကို သက္ကတဘာသာနဲ့ ရွတ်ဆိုပူဇော်ခဲ့ကြတယ်။ အဲဒီဂါထာတော်ကို ရွတ်ဆိုရင် ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံပြီး လိုအင်ဆန္ဒများကို အမြန်ဆုံးပြည့်စေတယ်လို့ ဆိုတယ်။ ပန်ထွာမင်းသမီးမှာ ဒီဂါထာတော်ကို ရေချိုးခေါင်းလျှော်၊ အမွှေးနံ့သာလိမ်းကျံပြီးမှ ရွတ်လေ့ရှိတယ်လို့ ဆိုတယ်’





မကြာမီပင် ကားလည်း ပြင်ပြီးသွားသဖြင့် ခရီးသည်များ ကားပေါ်သို့ တက်ခဲ့ကြပါသည်။ ရသေ့ကြီးသည် ကိုစိုးနိုင်တို့နှင့် မလှမ်းမကမ်းနေရာတွင် လိုက်ပါလာခဲ့ပါသည်။ ထိုဂါထာတော်ကို ရွတ်ဆိုကြည့်လိုက်သောအခါ အလွန်ပင် ရွတ်၍ကောင်းပြီး အမြန်ဆုံး အလွတ်ရသွားပါသည်။ မည်သို့ဖြစ်သည်မသိ။ ဤဂါထာတော်သည် ကိုစိုးနိုင်အတွက် အနှစ်နှစ်အလလက ရထားသည့်ဂါထာတော်ကဲ့သို့ တတွတ်တွတ်နှင့် ရွတ်ရသည်မှာ အရှိန်ရလာပါသည်။ ထိုသို့ရွတ်ဆိုရင်း မကြာမီ၌ ကိုစိုးနိုင်နှင့် ကိုလှမြင့်တို့ အိပ်ပျော်သွားပါသည်။ အိပ်ရာမှနိုးသောအခါ ခရီးလမ်းဆုံးသို့ပင် ရောက်လုနီးပါးဖြစ်နေပါသည်။ ရသေ့ကြီးကိုသတိရ၍ ကြည့်လိုက်သောအခါ ရသေ့ကြီး မရှိတော့ပြီ။ မည်သည့်အချိန်က မည်သည့်နေရာ၌ ဆင်းသွားမှန်းမသိတော့ချေ။

ကိုစိုးနိုင်သည် အိပ်မက်ကို ပြန်စဉ်းစားမိရင်း အိပ်မက်ကိုပင် ကျေးဇူးတင်ရပေမည်။ အကယ်၍ ဤအိပ်မက်သာ မမက်ပါက ကိုလှမြင့်ဆီကို သွားမည်မဟုတ်ပေ။ ကိုလှမြင့်ဆီသို့ မသွားပါက ဤရသေ့ကြီးနှင့်လည်း တွေ့မည်မဟုတ်။ ဤကဲ့သို့ ထူးခြားလှသော ဂါထာတော်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ရွာသူရွာသားများနှင့်တကွ စာရေးသူတို့ပါ ပဟေဠိကိုအဖြေညှိရန်အတွက် ခေါင်းဖြူလုနီးပါး အကြံထုတ်ခဲ့ရသည့် ဉာဏ်စမ်းပုစ္ဆာတစ်ပုဒ် ဖြစ်ခဲ့ပါသည်။

ဖြူစင်ရိုးသားသည့် တောသူတောင်သား မိသားစုတစ်စုတွင် သဘာဝတရား၏ ထူးဆန်းသော လှည့်စားချက်တစ်ခုကြောင့် ရွာဦးဆရာတော်ကြီးလည်း မနေရ၊ ရွာသူကြီးလည်း မကြုံစဖူး အကြုံထူးသည့်ဖြစ်ရပ်အတွက် ခေါင်းခြောက်ရဆိုသကဲ့သို့ ဖြစ်ခဲ့ရပါသည်။ ထိုဖြစ်ရပ်ဆန်းဖြစ်ပွားရာ ရွာနှစ်ရွာရှိ ရွာသူရွာသားများမှာ လယ်တောဆင်းလည်း သည်အကြောင်း၊ ရွာထဲရောက်လည်းသည်အကြောင်း ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်ခဲ့ရပါသည်။ ဤမျှရှုပ်ထွေးပြီး ဖြေရှင်းရခက်သည့် အကြောင်းအရာမှာ ဦးထွန်းအုံနှင့် ဒေါ်ခင်နွဲ့တို့၏ မိသားစုမှ စသည်ဟုဆိုရပေမည်။ ထိုသဘာဝအလွှန် ပဟေဠိတစ်ပုဒ်အတွက် ကျွန်ုပ်တို့ပေးခဲ့သော အမည်မှာ 'သူတစ်ယောက်၏ ဘဝနှစ်ခုပြဿနာ' ပင်ဖြစ်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော် အချိန်ကာလတစ်ခုတွင် ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်ဆန်းကြယ်တစ်ခုအတွက် အတိတ်၏အရိပ်သဖွယ် ပြန်လည်သတိရစေသည့်





မကြာမီပင် ကားလည်း ပြင်ပြီးသွားသဖြင့် ခရီးသည်များ ကားပေါ်သို့ တက်ခဲ့ကြပါသည်။ ရသေ့ကြီးသည် ကိုစိုးနိုင်တို့နှင့် မလှမ်းမကမ်းနေရာတွင် လိုက်ပါလာခဲ့ပါသည်။ ထိုဂါထာတော်ကို ရွတ်ဆိုကြည့်လိုက်သောအခါ အလွန်ပင် ရွတ်၍ကောင်းပြီး အမြန်ဆုံး အလွတ်ရသွားပါသည်။ မည်သို့ဖြစ်သည်မသိ။ ဤဂါထာတော်သည် ကိုစိုးနိုင်အတွက် အနှစ်နှစ်အလလက ရထားသည့်ဂါထာတော်ကဲ့သို့ တတွတ်တွတ်နှင့် ရွတ်ရသည်မှာ အရှိန်ရလာပါသည်။ ထိုသို့ရွတ်ဆိုရင်း မကြာမီ၌ ကိုစိုးနိုင်နှင့် ကိုလှမြင့်တို့ အိပ်ပျော်သွားပါသည်။ အိပ်ရာမှနိုးသောအခါ ခရီးလမ်းဆုံးသို့ပင် ရောက်လုနီးပါးဖြစ်နေပါသည်။ ရသေ့ကြီးကိုသတိရ၍ကြည့်လိုက်သောအခါ ရသေ့ကြီး မရှိတော့ပြီ။ မည်သည့်အချိန်က မည်သည့်နေရာ၌ ဆင်းသွားမှန်းမသိတော့ချေ။

ကိုစိုးနိုင်သည် အိပ်မက်ကို ပြန်စဉ်းစားမိရင်း အိပ်မက်ကိုပင် ကျေးဇူးတင်ရပေမည်။ အကယ်၍ ဤအိပ်မက်သာ မမက်ပါက ကိုလှမြင့်ဆီကို သွားမည်မဟုတ်ပေ။ ကိုလှမြင့်ဆီသို့ မသွားပါက ဤရသေ့ကြီးနှင့်လည်း တွေ့မည်မဟုတ်။ ဤကဲ့သို့ ထူးခြားလှသော ဂါထာတော်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ရစည်မဟုတ်ပေ။ ဤအိပ်မက်ကြောင့် အလွန်တိုက်ဆိုင်စွာ ဤဂါထာတော်ထူးကို ရရှိခဲ့ခြင်းမှာ ကိုစိုးနိုင်၏ ဘဝအကြောင်းဆက်ကြောင့်ပင်လော။ ကိုစိုးနိုင်မှာ ဤဂါထာတော်ကြီးကို ရွတ်ဆိုပူဇော်ရင်း ကျန်းမာရွှင်လန်းစွာဖြင့် ကိုလှမြင့်အိမ်သို့ ပြန်ရောက်ခဲ့ပါသည်။ ထိုအခါမှ ကိုလှမြင့်က ဤသို့ပြောလာပါသည်။

'သူငယ်ချင်း စိုးနိုင်ကြီး၊ မင်းကို ငါသွားမယ့်လမ်းကို ခေါ်သွားရတယ်။ လမ်းမှာ တစ်ခုခုဖြစ်မလားဆိုပြီး စိတ်ပူလိုက်ရတာ။ အခုလို နေကောင်းလာတာ မြင်ရမှပဲ စိတ်အေးတော့တယ်'

'သူငယ်ချင်း၊ ငါ ဒီလိုကျန်းမာလာတာ ရသေ့ကြီးပေးတဲ့ ဂါထာတော်ကြောင့်ပဲ'

'ဟုတ်တယ် သူငယ်ချင်း၊ ငါလည်းရွတ်တယ်။ ဒါကြောင့် လူလည်းကျန်းမာ၊ စိတ်လည်းချမ်းသာပြီး လုပ်ငန်းတွေလည်း အောင်မြင်တယ်'

ထိုသို့ဖြင့် ကိုစိုးနိုင်လည်း ၄င်းနေထိုင်ရာ တောင်ကြီးမြို့သို့ ပြန်လာခဲ့ပါသည်။ ဤသို့ နေကောင်းပြီးပြန်လာသဖြင့် တစ်အိမ်သားလုံး ဝမ်းသာနေကြပါသည်။ ကိုစိုးနိုင်





၏ဇနီးကမူ–

'ကိုစိုးရယ်၊ ရှင့်ကို ကျွန်မ တားမရလို့သာ လွှတ်လိုက်ရတယ်။ ဘယ်နေ့ ရှေးကိုလိုက်ခဲ့ပါဆိုတဲ့ သံကြိုးရောက်လာမလဲလို့ စိတ်ပူနေတာ။ အခုလို ကျန်းမာလာတော့ ကျွန်မ အရမ်းဝမ်းသာတာပဲ'

'အေး··· ကိုစိုး အခုလို ကျန်းမာလာတာကတော့···' အစချီ၍ ပြောပြခဲ့ရပြန်ပါသည်။

ဤသို့ဖြင့် အကျိုးအကြောင်းဆက်စွာ ရရှိလာသော ဂါထာတော်အား နေ့စဉ် ရွတ်ဖတ်ပူဇော်ခဲ့ပါသည်။ ဤသို့ဖြင့် ကျန်းမာလာကာ မတောင့်မတ ရှိခဲ့ပါသည်။ ယခုစာရေးသူပင် သူ့အား စားကောင်းသောက်ဖွယ်များနှင့် စေတနာအပြည့်အဝထားကာ အိမ်ဦးခန်း၌ ကျွေးထားရပါသည်။ စာရေးသူလည်း သူပေးသွားသော ဂါထာတော်ကို ရွတ်ဆိုကြည့်ရာ ရွတ်ရင်း၊ ရွတ်ရင်း စိတ်ဝင်စားလာကာ ထပ်တလဲလဲ ရွတ်ဆိုပူဇော်မိပါသည်။

ထို့ကြောင့် ကိုစိုးနိုင်၏ဆန္ဒအရ မိမိတစ်ယောက်တည်း ပူဇော်ပါက မိမိတစ်ဦးတည်းသာ အကျိုးရှိပေမည်။ ဤဂါထာတော်ကို စာရေးသူတင်ပြခြင်းဖြင့် ဖတ်မိသူများ



www.burmeseclassic.com

www.burmeseclassic.com



လည်း အကျိုးရှိပြီး မှန်မှန် ရွတ်ဆိုပူဇော်သူများမှာ ကျန်းမာရေး၊ စီးပွားရေးသာမက လိုအင်ဆန္ဒများ အမြန်ပြည့်ဝစေပါသဖြင့် 'ပန်ထွာကေရီရွတ်ဆိုသော စိန္တာမဏိဂါထာတော် (သို့မဟုတ်) ဆဗ္ဗမင်္ဂလ မဟာမန္တာန်တော်ကြီး' အား ဦးထိပ်ထား၍ ရေးသားတင်ပြလိုက်ရပါသည်။

◆ ◆ ◆





# ဆေးစွမ်းထက်စေသော ဂါထာတော်များ

www.burmeseclassic.com

www.burmeseclassic.com

# ဆေးစွမ်းထက်စေသော
# ဂါထာတော်များ

တစ်ခုသော တနင်္ဂနွေနေ့ နံနက်ခင်း။

စာရေးသူသည် ထုံးစံအတိုင်း ရွှေတိဂုံဘုရားသို့ ပုတီးစိပ်ရန် လာခဲ့ပါသည်။ စာရေးသူ၏မွေးနံ ရာဟုထောင့်တွင် ပန်း၊ ဆီမီး၊ ရေချမ်းနှင့် ကြိုပြာ်ပြေနံ့ပြေ ထီးတံခွန်ကုက္ကားများကို ကပ်လှူပူဇော်ပြီး ရှင်အရဟံ ပုတီးစိပ်ခဲ့ပါသည်။ ထိုသို့ပြုဖွယ်ကိစ္စများကို ပြုပြီးနောက် ရှင်အဇ္ဇဂေါဏတန်ဆောင်းသို့သွားကာ ပဋ္ဌာန်းတရားတော်များကို ရွတ်ဖတ်ပူဇော်ခဲ့ပါသည်။ ထိုသို့ တရားတော်များ ရွတ်ဖတ်ပူဇော်ပြီးချိန်တွင် စာရေးသူနှင့် ခမ္မမိတ်ဆွေ အဘဦးလှမောင်ကို ထိုတန်ဆောင်းအတွင်း၌ တွေ့ရပါသည်။ အဘဦးလှမောင်နှင့် အလ္လာပသလ္လာပစကားပြောရင်း ရှင်အဇ္ဇဂေါဏအကြောင်းကို ရောက်ရှိသွားပါသည်။

အားမာန်သစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'မြန်မာတွေရဲ့ ဆေးပညာအဆင့်အတန်းဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက မြင့်မားခဲ့တယ် သမီးရဲ့'

'ပြောစမ်းပါဦး အဘရဲ့'

'သြော်… ရှင်အဇ္ဈဂေါဏမထေရ်မြတ်ဟာ နွားမျက်လုံးတစ်ဖက်၊ ဆိတ်မျက်လုံးတစ်ဖက်ကို ပကတိ လူမျက်စိသဖွယ် ဖြစ်အောင် လုပ်နိုင်စွမ်းရှိခဲ့တယ်'

'ဟုတ်တယ်နော် အဘ'

'ရှေးက ဆေးပညာရှင်တွေဟာ ဆေးပင်တွေတိုင်း ဆေးဖော်တာ မဟုတ်ဘူး၊ ဆေးဖော်အပ်တဲ့အပင်၊ ဆေးမဖော်အပ်တဲ့အပင်ဆိုတာရှိတယ်၊ နောက် ဆေးပင်စောင့်တဲ့ ဖုတ်၊ ပြိတ္တာတွေကို နှင်ရတယ်၊ ဆေးပင်နှုတ်စဉ်မှာ ရွတ်ဆိုရတဲ့ မန္တာန်တော်တွေရှိတယ်၊ ဒါကြောင့်လည်း ဆေးစွမ်းထက်တာပဲ'

'ဒီဂါထာမန္တာန်တော်တွေကို အခုခေတ်လူတွေ ကြားတောင် မကြားဖူးပါဘူး'

'ဟုတ်တာပေါ့ သမီးရယ်၊ မြန်မာတို့ရဲ့ ရိုးရာရှေးပညာတွေ မတိမ်ကောမပပျောက်အောင် အဘကတော့ ဒီဂါထာမန္တာန်တော်တွေကို ကျက်မှတ်ထားတယ်၊ အခုကြုံ





တုန်းကို သမီးတို့ကို လက်ဆင့်ကမ်းခဲ့ချင်တယ်'

'ပြောပါ အဘရယ်၊ သမီးတို့လည်း မှတ်သားရတာပေါ့၊ နောက် မျိုးဆက်သစ်တွေလည်း မြန်မာ့ရိုးရာဆေးပညာရှင်တွေရဲ့လက်ဆင့်ကမ်းအမွေကို ထိန်းသိမ်းရတာပေါ့'

'ပထမဦးဆုံးအနေနဲ့ ဆေးဖော်စပ်ရာမှာ အသုံးပြုသင့်တဲ့ ဆေးပင်များအကြောင်းကို စပြောမယ်'

နံပါတ်တစ်အနေနဲ့ နတ်ကွန်းမှာပေါက်တဲ့ဆေးပင်၊ တောင်ပို့မှာပေါက်တဲ့ဆေးပင်၊ သင်္ချိုင်းမှာပေါက်တဲ့ဆေးပင်၊ ခရီးလမ်းဆုံ၌ ပေါက်တဲ့အပင်၊ အခါမဟုတ်ပေါက်တဲ့အပင်၊ ဟောင်းမြည့်အိုဆွေးနေသောအပင်၊ မီးလောင်ထားသော အရပ်မှာ ပေါက်တဲ့အပင်၊ ချစားတဲ့နေရာမှာပေါက်တဲ့ အပင်၊ အဲဒီအပင်မျိုးကို ဆေးဖော်စပ်ရာမှာ မသုံးအပ်ဘူး'

'ဟုတ်ကဲ့ပါ အဘ'

'နောက်ပြီးတော့ သင့်တင့်တဲ့အရပ်မှာပေါက်တဲ့ ဆေးပင်တို့ကို ခူးမယ်ဆိုရင် ပထမဦးဆုံး ဆေးပင်မှာစောင့်တဲ့ ဖုတ်ပြိတ္တာတို့ကို နှင်ရတယ်၊ အဲဒီ ဆေးပင်စောင့်များကို နှင်တဲ့ဂါထာတော်ကတော့-

၁။ နိဝသန္တိ ဟိ ဘူတာနိ၊ ယာနိ အသ္မိ နကာနိစိ။



www.burmeseclassic.com

www.burmeseclassic.com



ဒုမေ ပက္ကမန္တုတာနိ၊ ပဓာယ ပါရုတေဒုမံ။

၂။ ယေ ပေတာစ ဝိပါသာစ၊ ရက္ခသာစ သရိသပါ။

ယေဘူတာ တေပက္ကမန္တု၊ ရက္ခာ အသ္မာသိဝါဇုညာ။

အဓိပ္ပာယ်ကတော့ ဤခံ ဤအရပ်ဒေသတို့၌ ယာနိဘူတာနိ အကြင်မြေဖုတ်၊ ပြိတ္တာဘီလူးတို့သည် နိဝသန္တိ၊ မှီတင်းနေထိုင်ကြကုန်၏။ တထာ ထိုမှတစ်ပါး အသ္မိဒုမေ၊ ဤသစ်ပင်၌ ယာနိဘူတာနိ၊ အကြင်ဖုတ်ပြိတ္တာဘီလူးတို့သည် နိဝသန္တိ၊ မှီတင်းနေထိုင်ကြကုန်၏။ တာနိဘူတာနိ၊ ထိုဖုတ်ပြိတ္တာဘီလူးတို့သည် ဣဓ၊ ဤအရပ်ဒေသ၊ ဤဆေးပင်မှ၊ ပက္ကမန္တု၊ အရပ်တစ်ပါးသို့ ရှောင်ရှားကြကုန်လော့၊ ပဓာ၊ သ၊ သတ္တဝါခပင်းတို့၏ ကျန်းမာစေခြင်းအကျိုးငှာ အဟံ-ငါသည်၊ ပါရုတေ-ပါရုပိဿာမိ တူးဆွခုတ်ယူတော့အံ့။

ယေပေတာစ - အကြင်ဘီလူးသရဲသဘက်တို့သည် လည်းကောင်း၊ ယေပိသာစာစ၊ အကြင်ပြိတ္တာဘီလူးတို့သည် လည်းကောင်း၊ ယေရက္ခသာစ၊ အကြင်ရိက္ခိုသ်တို့သည် လည်းကောင်း၊ ယေသရိသပါစ အကြင်မြွေနဂါးတို့သည် လည်းကောင်း၊ ယေဘူတာစ - အကြင်နတ်တို့သည်လည်း





ကောင်း၊ နိဝသန္တိ - နေကုန်၏။ တေသဗ္ဗေ - ထိုအလုံးစုံတို့သည် သိဝါဇုညာ၊ ပရမေသွာ၊ နတ်မင်း၏တန်ခိုးတော်ဖော် အာနုဘော်ကြောင့်၊ အသ္မာရက္ခာ - ဤဆေးပင်မှ ပက္ကမန္တု ရှောင်ဖယ်သွားကြကုန်လော့'

'အဲဒါပြီးတော့ ဆေးပင်နုတ်စဉ် ရွတ်ဖတ်ရမယ့် မန္တာန်ကတော့-

ယေနတွံ ခဏတိဗြဟ္မာ၊ ယေနိ၊ န္တော ယေန ကေသဝေါ။

ယေနာ ဟံ တွံ ခဏိသာမိ၊ ပဉ္စသာခေန ပါဏိနော။

ပဉ္စသာခေန - ငါးခုသော အခက်အလက်ရှိသော၊ ယေနပါဏိနာ - အကြင်လက်ဖြင့်၊ တွံ - သင်ဆေးပင်ကို၊ ဗြဟ္မာ - လူတို့ကိုးကွယ်ရာ ဗြဟ္မာနတ်သည်၊ ခဏတိ - တူးနုတ်၏၊ ယေနပါဏိနော - ငါးချောင်းသောလက်ဖြင့်၊ ဣန္ဒော - နတ်တို့သနင်း သိကြားမင်းသည်၊ ခဏတိ - တူးနုတ်၏၊ ယေနပါဏိနာ - အကြင်ငါးချောင်းသောလက်ဖြင့်၊ ကေသဝေါ - ပရမေသွာမည်ရသနင်း နတ်မင်းသည်၊ ခဏတိနာ - အကြင်ငါးချောင်းသောလက်ဖြင့်၊ ကေသဝေါ - ပရမေသွာမည်ရသနင်း နတ်မင်းသည်၊ ခဏတိနာ - တူးနုတ်၏၊ တေနပါဏိနာ - ထိုဗြဟ္မာသိကြား ပရမေသွာ



www.burmeseclassic.com

www.burmeseclassic.com



နတ်တို့၏ လက်အလားရှိသော ငါ၏လက်ဖြင့်၊ တွဲ - သင်ဆေးပင်ဆေးဖြစ်ကို၊ ခဏာတိ၊ ခဏိသာမိ - တူးနုတ်ပေအံ့။

နောက်ပြီးတော့ ဆေးစဖော်တဲ့အခါ ကောင်းတဲ့နက္ခတ်မှာ ဖော်ရတယ်၊ အဲဒီ နက္ခတ်များကတော့ ပြုဗ္ဗါသဋ်နက္ခတ်၊ မာဃနက္ခတ်၊ ဘရဏီနက္ခတ်၊ ဝိသာဝါနက္ခတ်၊ အဿလိနက္ခတ်၊ တနင်္ဂနွေနေ့၊ ဒ်သဘာဝမည်သောလင်္ဂ၊ ကောင်းသော တိထိ၊ ကောင်းကျိုးကိုပေးတတ်သော စန်းနှင့်ယှဉ်ပြီး ဆေးဖော်စပ်ရပါတယ်'

'ဒါဆို ဆေးဖော်ခြင်း ပြီးမြောက်ပြီပေါ့နော်'

'ဟုတ်ပါတယ်၊ အဲဒီအဆင့်ကတော့ ဆေးဖော်ခြင်းပြီးမြောက်တဲ့အဆင့်ပေါ့။ အဲဒီအဆင့်ပြီးရင် နောက်ဆုံးအနေနဲ့ ဖော်စပ်ထားတဲ့ဆေးများကို သိဒ္ဓိတင်ရပါတယ်၊ အဲဒီဆေးတော်များအတွက် သိဒ္ဓိတင်တဲ့ဂါထာကတော့-

၁။ ပြုဗ္ဗ ဒက္ခာ သို့ ရှဒ္ဒိန္န၊ ဘူစန္ဒတ္တာ န လာ နိ လာ။
ဏ္ဏသယော သောမဝိက္ကမာ၊ ဘူတသံဃာစ ပါတုတော။

၂။ ရသယနမိဝေ သိန်၊ ဒေဝါနံ အမတံ ယထာ၊
သုစာ ဝုတ္တ မနာဂါနံ၊ ဘေသဇ္ဇ မေ ဒမတ္တတော၊





၃။ ပြဟ္မ တွမေဝ ဗိသဏ္ဍာ၊ ရုဒ္ဒေါစ သဘာ မင်္ဂနာ၊
အာတသာ ဗျာဓိ ကန္တတ္တုံ၊ ပစ္စက္ခံ ဘဝပါဝကော။

ပြဟ္မာနတ်၊ ဒက္ခနတ်၊ အဿိနီနတ်၊ ပရမေသွာနတ်၊ သိကြားနတ်၊ ဘုမ္မစိုး၊ လနတ်၊ နေနတ်၊ မီးနတ်၊ လေနတ်တို့သည်လည်းကောင်း၊ ဏ္ဏသယောစ - ရသေ့တို့သည်လည်းကောင်း၊ သောမဝိက္ကမာစ - ဆေးစောင့်နတ်တို့သည်လည်းကောင်း၊ ဘူတ သံဃာစ - ဖုတ်ဘီလူးအပေါင်းတို့သည်လည်းကောင်း၊ တေ - သင့်အား၊ ပါတုရက္ခတု-စောင့်ရှောက်မစပါစေသတည်း။ ဏ္ဏသီနံ - ရသေ့တို့၏၊ ရသာယနမိဝ - အရသာဆေးကဲ့သို့လည်းကောင်း၊ ဒေဝါနံ-နတ်တို့၏၊ အမတံထတာ - အမြိုက်ဆေးကဲ့သို့လည်းကောင်း၊ ဝုတ္တမနာဂါနံ - နဂါးမြတ်တို့၏၊ သုဓာဣဝ - သုဓ္ဓာကဲ့သို့လည်းကောင်း၊ ဣဒဘေသဇ္ဇံ - ဤဆေးသည်၊ တေ-သင့်အား အတ္တဖြစ်ပါစေသတည်း။

ပြဟ္မာသည်လည်းကောင်း၊ ဗိဿစိုးနတ်သည်လည်းကောင်း၊ ပရမေသွာနတ်သည်လည်းကောင်း၊ မီးနတ်သည်လည်းကောင်း၊ လူနာအား အနာငြိမ်းစေခြင်းအကျိုးငှာ ကျက်မောက်ထင်ထင် ဖြစ်ပါစေသော။ သိကြားမင်း၏



www.burmeseclassic.com

www.burmeseclassic.com



အကြောင်စွမ်းသည် ရှိ၏။ မီးနတ်၏ အကြောင်စွမ်းသည် ရှိ၏။ ဖြပ္ဗာမင်း၏အကြောင်စွမ်းသည် ရှိ၏။ ဘီလူး၏အကြောင်အစွမ်းသည် ရှိ၏။ မိုးနတ်၏အကြောင်အစွမ်းသည် ရှိ၏။ ကုဝေရနတ်၏အကြောင်အစွမ်းသည် ရှိ၏။ ထိုအစွမ်းဟူသမျှ အနာရောဂါ ပျောက်ကင်းစေခြင်း အကျိုးငှာ၊ သက်ဝင်ခြင်းသို့ ရောက်စေသတည်း။

ဓန္ဝန္တရိဆရာ၊ အဿိနီနောဆရာ၊ နကုလဆရာ၊ သမဒေဆရာတို့သည် အနာကို ပျောက်ဖျက်တတ်ကုန်သည် ဖြစ်ပါစေသတည်း။

'ဒီသုံးမျိုးပြုလုပ်ပြီးရင်တော့ ရောဂါအတွက် အစွမ်းထက်တဲ့ ဆေးတော် သောက်လို့ရပါပြီ'

'ဒီလို ရှေးထုံးစဉ်ဆက် သုံးခဲ့သည့်နည်းများကိုပေးတဲ့ အဘကို ကျေးဇူးတင်ပါတယ်'

'အဘကတော့ မြန်မာ့ရိုးရာ အစွမ်းထက်တဲ့ဆေး ဖော်စပ်ရာတွင် အသုံးဝင်တဲ့နည်းလမ်းကောင်းများကို ညွှန်ပြပြီးပါပြီ၊ လက်ဆင့်ကမ်းအမွေကို ထိန်းသိမ်းဖို့အတွက်ကတော့ သမီးတို့ရဲ့ တာဝန်ပါပဲ'

ရှေးရိုးစဉ်ဆက် မပျက်သုံးခဲ့တဲ့ နည်းများကို စာရေး





သူ သိရှိသကဲ့သို့ စာရှုသူများလည်း လေ့လာမှတ်သားနိုင်စေရန် တင်ပြလိုက်ရပါသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားလှသော
ဆုကောင်းပြည့်
ဩဘာသိဒ္ဓိ စေတီတော်

www.burmeseclassic.com

www.burmeseclassic.com

# ထူးခြားလှသော
# ဆုတောင်းပြည့်
# အောင်သိဒ္ဓိစေတီတော်

အားမာန်သစ်စာပေ

စာရေးသူသည် အကြောင်းကိစ္စတစ်ခုကြောင့် မရောက်သည်မှာ ကြာမြင့်ပြီဖြစ်သော အင်းစိန်မြို့သစ် (ခ) ရပ်ကွက်သို့ ရောက်ခဲ့ပါသည်။ လာရင်းကိစ္စများ ပြောရင်းကပင် စကားဆပ်မိ၍ ဆုတောင်းပြည့်အောင်သိဒ္ဓိ စေတီတော်အကြောင်း ပြောမိကြပါသည်။ အင်းစိန်မြို့သစ်၊ ပေါက်တောထိပ်တွင် တည်ထားသော အောင်သိဒ္ဓိစေတီတော်မှာ အလွန်ထူးခြားပြီး အဓိဋ္ဌာန်ဝင်သူများ အကျိုးကျေးဇူးများလာခြင်း၊ အောင်မြင်မှုများရှိခြင်းတို့ကြောင့် ဘုရားဖူးများ၊ အဓိဋ္ဌာန်ပါရမီရှင်များ တစ်နေ့တခြား ပိုမိုတိုးကာ စည်ကားနေကြောင်း ပြောပြကြသည်။ ကိုယ်တွေ့အဓိဋ္ဌာန် အောင်မြင်သူများကလည်း မည်သို့မည်ပုံ အောင်မြင်ကြောင်းနှင့် ဆုတောင်းသူများကလည်း အလွန်ဆုတောင်းပြည့်ကြောင်း ပြောပြကြပါသည်။ အကျိုးတရားကြောင့် အကြောင်းအရာများ

အားမာန်သစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ်လာသည်။ ဤသို့ ထူးခြားလှသော စေတီ၏သမိုင်းကြောင်းကို အတန်အသင့် ပြည့်စုံစွာသိထားလျှင် ပိုမို၍ ကြည်ညိုသဒ္ဓါပွားများနိုင်ကြပါစေဟူသော ရည်ရွယ်ချက်ဖြင့် ကျွန်မကိုယ်တွေ့သိထားသော အကြောင်းများကို ဖော်ပြလိုက်ရပါသည်။

လွန်ခဲ့သော အနှစ်သုံးဆယ်ကျော်ခန့်က ကျွန်မတို့မိသားစုသည် အင်းစိန်မြို့၊ စပ္ပာယ်ရုံလမ်း၌ နေထိုင်ခဲ့ပါသည်။ ယခု အင်းစိန်မြို့သစ် (က)ရပ်ကွက်၊ (ခ)ရပ်ကွက်ပင် မပေါ်သေးချေ။ ချုံတောများ၊ မြက်တောများ ဖုံးလွှမ်းနေသောနေရာတစ်ခု ဖြစ်ခဲ့ပါသည်။ ယခင်က ၎င်းနေရာကို ပေါက်တောဝဟုခေါ်၍၊ ၎င်းအနီးရှိ ဘုန်းတော်ကြီးကျောင်းကို အရပ်အခေါ်အရ ပေါက်တောဘုန်းကြီးကျောင်းဟု ခေါ်ကြပါသည်။ ထိုကျောင်း၏ ကျောင်းထိုင်ဆရာတော်ကြီးမှာ ဦးခမ္မိက ဖြစ်ပါသည်။ စာရေးသူတို့မိသားစုသည် ထိုဆရာတော်ထံ၌ သီလခံယူကြသဖြင့် ထိုကျောင်းသို့ မကြာခဏ ရောက်တတ်ပါသည်။ ထိုဘုန်းကြီးကျောင်းဝန်းထဲ၌ ရှိသော ဇရပ်မှာ အမိုးများပျက်စီးနေခြင်းကြောင့် ထိုဇရပ်အား ပြန်လည်ပြုပြင်ရန် အမိုးမိုးရန်အတွက် ဒကာ၊ ဒကာမ





များက ဝိုင်းဝန်းဆောင်ရွက်၍ အလှူခံတစ်ခု ပြုခဲ့ကြပါသည်။ ဆရာတော်ကြီး၏ ဒကာ၊ ဒကာမများ အလှူရှင်များ၏ ကောင်းမှုကြောင့် ထိုဇရပ်ကလေးမှာ အမိုးမိုးပြီး သပ်ရပ်စွာပြုပြင်နိုင်ခဲ့ကြပါသည်။ ထိုဇရပ် ပြုပြင်ပြီးနောက်၊ နောက်ထပ်ပြုပြင်စရာများကို ပြုပြင်ရန် ကြည့်သောအခါ ကျောင်းပုရဂုဏ်အတွင်း၌ ယိုယွင်းပျက်စီးနေသော ဘုရားငုတ်တိုကြီးတစ်ခုကို တွေ့ရပါသည်။ ထိုဘုရားငုတ်တိုကြီးအား ဆက်လက် ပြုပြင်လိုကြောင်း လျှောက်တင်သောအခါ ဆရာတော်ကြီးမှာလည်း ဆန္ဒရှိသဖြင့် ခွင့်ပြုခဲ့ပါသည်။ ထို့ကြောင့် ဘုရားကြီးအား ပြန်လည်တည်ထားရန် အလှူခံတစ်ခု ဖွင့်ခဲ့ပါသည်။ ထိုစဉ်က ဘုရားကြီး ပြန်လည်တည်ဆောက်ရေးအတွက် ကမကထပြု လုပ်သူများထဲတွင် မြန်မာ့မီးရထားဌာန၌ တာဝန်ထမ်းဆောင်နေသော ဦးတင်လှိုင်သည်လည်း တက်ကြွစွာ ပါဝင်ခဲ့သည်။ (ဘုရားကြီးအတွက် ကြိုးပမ်းအလှူခံခဲ့သူ ဦးတင်လှိုင်မှာ ယခုအခါ ကိုးသိန်းကိုးသန်းဆရာတော်ကြီး ဦးကေတုမာလာဖြစ်ပါသည်။) ဆရာတော်မဖြစ်မီ လူ့ဘဝကပင် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ သာသနာနှင့် ပတ်သက်သည့် အဆောက်အဦ



www.burmeseclassic.com

www.burmeseclassic.com



များကို ပြုပြင်ခြင်းစသည့် သာသနာပြုနေသူ တစ်ဦးဖြစ်ပါသည်။

တစ်နေ့သ၌ ထိုအလှူခံဌာန၌ အလှူခံနေစဉ်အသက် သုံးဆယ်ခန့်ရှိမည်ထင်ရသော လွန်စွာကြည့်ရှု၍ တင့်တယ်သောအမျိုးသမီးတစ်ဦး ရောက်လာပါသည်။ သူမသည် ဤဘုရားနှင့် ပတ်သက်သည့် အလှူခံကိစ္စများကို စေ့စေ့စပ်စပ် မေးမြန်းပါသည်။ ထို့နောက် အလှူကိစ္စအတွက် တိုင်ပင်လို၍ ဦးတင်လှိုင်၏အိမ်သို့ လာလိုကြောင်း ပြောသဖြင့် ဦးတင်လှိုင်မှ ၄င်းနေထိုင်ရာ ကြေးတိုင်စုလမ်းရှိ အိမ်လိပ်စာကို ပေးလိုက်ပါသည်။ ထိုနေ့ညနေက ကျွန်မသည် ကျွန်မခင်ပွန်းသည်နှင့်အတူ ဦးလေးတော်သူ ကြေးတိုင်စုရပ်ကွက်နေသူ ဦးတင်လှိုင်ထံသို့ အကြောင်းကိစ္စတစ်ခုဖြင့် ရောက်ရှိနေခဲ့ပါသည်။ ဦးလေးနှင့် လာရင်းကိစ္စများကို ပြောနေစဉ် အမျိုးသမီးတစ်ဦး ရောက်ရှိလာပါသည်။ ထိုအမျိုးသမီးမှာ ဆံပင်ကို တစ်ပတ်လျှိုထုံးထားပြီး ဆံမြိတ်ချထားရာ ၄င်း၏ဆံမြိတ်မှာ ဒူးခေါက်ကွေးအကျော်တွင်ရှိပါသည်။ အသားအရေမှာ ဖြူဝင်းပြီး ချောမွေ့လှပသည့် မိန်းမပျိုတစ်ယောက် ဖြစ်ပါသည်။ အရပ်အမောင်းမှာ





ငါးပေနှစ်လက်မကျော်ကျော်ခန့် ရှိမည်ဟု ခန့်မှန်းရပြီး ရုပ်ရည်ရူပကာမှာ ချောမောပြေပြစ်သည့် အမျိုးသမီးတစ်ဦး ဖြစ်ပါသည်။ ထိုအမျိုးသမီးက ဦးလေးကြီးအား ဘုရားကြီးနှင့် ပတ်သက်သည့် အလှူခံကိစ္စအတွက် စတင်ပြောကြားပါသည်။

'ဆရာ ကျွန်မ ဒီဘုရားကြီးအတွက် အုတ်လှူချင်လို့ပါ၊ ဘာကြောင့်လဲဆိုတော့ ဘုရားအတွက် အဓိကလိုအပ်တာ အုတ်တွေပဲလို့ ကျွန်မ ထင်ပါတယ်'

'ဟုတ်ပါတယ်၊ အုတ်တွေလှူမယ်ဆိုရင် ကျွန်တော်တို့အလှူခံအဖွဲ့က ဝမ်းမြောက်စွာနဲ့ လက်ခံပါတယ်'

'ဒါဆိုရင် ဒီဘုရားကြီးအတွက် အုတ်အချပ်ပေါင်း ဘယ်လောက်လှူရမလဲ'

'ကျွန်တော့်အထင်တော့ အုတ်သုံးသောင်းလောက်ဆိုရင် ရပါလိမ့်မယ်'

'ဒါဆိုရင် ကျွန်မ လှူပါ့မယ်၊ ဒါပေမဲ့ ဆရာတို့အုတ်ရှိတဲ့နေရာကို လာယူပါ'

'လာယူပါဆိုလည်း လာယူပါ့မယ်၊ ဘယ်နေရာမှာ လာယူရမလဲ'



www.burmeseclassic.com

www.burmeseclassic.com



'မြန်မာနိုင်ငံ ဆေးဝါးထုတ်လုပ်ရေး စက်ရုံ(ဘီပီအိုင်)ရဲ့ နောက်ကျောက ကွက်လပ်ကြီးမှာပါ၊ မနက်ဖြန် မနက် (၇)နာရီလောက်မှာ ဆရာနဲ့တကွ အုတ်သယ်မည့် လူတွေပါခေါ်ပြီး လာခဲ့ပါ'

'ကောင်းပါပြီ၊ ကျွန်တော်တို့ လာခဲ့ပါ့မယ်'

ထိုသို့ပြောပြီး ပြန်သွားပါသည်။ ဦးလေးနှင့် ကျွန်မတို့ဇနီးမောင်နှံမှာ များစွာ အံ့သြခဲ့ရပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုစဉ်က မြန်မာနိုင်ငံ ဆေးဝါးထုတ်လုပ်ရေးစက်ရုံ၏ နောက်ကျောမှာ ချုံနွယ်ပိတ်ပေါင်းများစွာ ထူထဲလှသော လူအရောက်အပေါက်နည်းသည့် နေရာကြီးတစ်ခု ဖြစ်ပါသည်။ အုတ်လှူသူအမျိုးသမီးသည် အုတ်များကို လမ်းမတွင်မချဘဲ အဘယ်ကြောင့် ဘီပီအိုင်နောက်ကျောတွင် ထားရသနည်း။ ခရီးလမ်းပန်းမလွယ်ကူသော နေရာဖြစ်သဖြင့် သူမ ပြောသည့်စကားမှ ဟုတ်မှဟုတ်ပါ့မလား၊ ကျွန်မတို့အား မဟုတ်ဘဲ ပြောသွားလေသလားဟူ၍ အမျိုးမျိုးတွေးထင်ခဲ့ပါသည်။

'ကဲ… တူနဲ့ တူမ အုတ်တွေက ဘီပီအိုင်နောက်ကျောက မြေကွက်မှာလို့ ပြောသွားတယ်၊ ယုံတာ မယုံတာ





အပထား၊ ဘုရားကြီးအတွက် လှူတာဖြစ်လို့ မမှန်တာလည်း မပြောဘူးလို့ ဦးလေး ယုံကြည်တယ်။ မနက်ဖြန် (၇)နာရီမှာ အဲဒီကို သွားမယ်၊ မင်းတို့လည်း လိုက်ခဲ့ကြ'

ဦးလေး၏ပြောစကားအရ နောက်တစ်နေ့နံနက် (၇)နာရီခန့်တွင် ဦးလေးအပါအဝင် အလှူခံအဖွဲ့နှင့် ကျွန်မတို့ အုပ်စုသည် သူမ ချိန်းထားသောနေရာသို့ ရောက်သောအခါ သူမကို အခန့်သင့်ပင် တွေ့ရပါသည်။ သူမက ကျွန်မတို့ အုပ်စုအလာကို သူ စောင့်နေကြောင်းနှင့် မြေပေါ်တွင် ပုံထားသော အုတ်ချပ်များကိုညွှန်ပြ၍ သူမ လှူကြောင်း ပြောပြပါသည်။ ထိုအုတ်များကို ကြည့်လိုက်သောအခါ ထိုအုတ်များသည် ယခုအုတ်များနှင့်မတူဘဲ ရှေးဟောင်းဘုရားများ၌ တွေ့ရတတ်သော ရှေးဟောင်းအုတ်ပြားအချပ်ကြီးများဖြစ်သည်ကို ထူးခြားစွာ တွေ့ရပါသည်။ မြေပေါ်တွင် ပုံထားသော အုတ်ချပ်အရေအတွက်မှာ အလွန်ဆုံးရှိမှ အချပ်နှစ်ထောင်ခန့်လောက်သာ ရှိပါသည်။ ထို့ကြောင့် ဦးလေးမှ ၄င်းမိန်းမပျိုအား မေးမြန်းပါသည်။

'သမီး ဆရာကိုလာပြောတုန်းက အုတ်သုံးသောင်းလှူမယ်ဆို၊ အခုဟာက အလွန်ဆုံးရှိမှ အုတ်နှစ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



လောက်ပဲရှိမယ်၊ ကျန်တာက ဘယ်တော့လာယူရမှာလဲ’

‘ဆရာတို့ ဒီအုတ်တွေ သယ်ပြီးရင် အောက်မှာ အုတ်တွေသုံးသောင်းကျော်ရှိပါတယ်။ တူးယူပါ’

‘ဒါနဲ့ အလှူရှင်အမည်ကို ဘယ်လိုရေးရမလဲ’

‘အမည်က အဓိကမဟုတ်ပါဘူး၊ ဆရာတို့ အဖွဲ့တွေ အုတ်တူးယူရမှာဆိုတော့ အားလုံးရဲ့အလှူပါပဲ’

ထိုသို့ဖြင့် အုတ်များကိုတူးယူရာ သူမပြောသည့် အတိုင်းပင် အုတ်သုံးသောင်းကျော် ရခဲ့ပါသည်။ ၎င်းအုတ်များ၏ ထူးခြားချက်မှာ မြေကြီးထဲမှ တူးရသော်လည်း ညစ်ပေခြင်း၊ ရေညှိတွယ်ကပ်ခြင်း၊ ကျိုးပဲ့ခြင်းမရှိဘဲ သန့်ရှင်းသော အုတ်များကို ရရှိခဲ့ပါသည်။ အချို့ကလည်း ၎င်းနေရာမှာ အင်္ဂလိပ်စစ်တပ်များ အသုံးပြုခဲ့သော ဘန်ကာဟောင်းတစ်ခုဖြစ်မည်ထင်ကြောင်း အမျိုးမျိုး ထင်ကြေးပေးကြပါသည်။ ထိုအုတ်များဖြင့် အောင်သိဒ္ဓိ စေတီတော်ကြီးကို စတင်တည်ခဲ့ပါသည်။ ဘုရား စတင် တည်တော်မူသော အခမ်းအနားတွင် ခုနစ်နေ့၊ ခုနစ်နံသားသမီးများ ပါဝင်ရသည် ဆိုသဖြင့် တနင်္ဂနွေသားဖြစ်သူ ခင်ပွန်းသည် ဦးအောင်တင် နှင့်တကွ ကျန်နေ့သားများ ပရိသတ်များသည် သူပြေခဲ





များ၊ ထီး၊ တံခွန်၊ ကုက္ကားများကိုင်ဆောင်၍ စေတီတော်ကြီး၏ ရင်ပြင်တော်အား လှည့်ပတ်ပူဇော်ခဲ့ပါသည်။ ဆရာတော်ကြီးများကလည်း တရားတော်များ ရွတ်ဆိုပူဇော်ကြပါသည်။

ထိုစဉ်က ကျွန်မတို့ မိသားစုမှာ အသံချဲ့စက်ထောင်ထားသဖြင့် အသံချဲ့စက်အလှူကိုလည်း လှူခဲ့ပါသည်။ ဤသို့နှင့်ပင် ဤဆုတောင်းပြည့်အောင်သိဒ္ဓိစေတီတော်ကြီး ပြီးမြောက်အောင်မြင်ခဲ့ပါသည်။ ဘုရားကြီးပြီးနောက်၊ အလှူရှင်များ များစွာပေါ်ပေါက်လာကာ စေတီတော်ကြီးမှာ ပိုမိုတိုးတက် ကောင်းမွန်လာပါသည်။ ခုနစ်ရက် သားသမီးများ ပေါင်းကောင်းမှုကြောင့်လည်းကောင်း၊ ဘုရားလူကြီးများ၏ စွမ်းဆောင်မှုကြောင့်လည်းကောင်း၊ သပ္ပာယ်လှသော ဘုရားဆင်းတုတော်များ၊ ရုပ်တုတော်အမျိုးမျိုး၊ သိုက်နန်းရှင် မြနန်းရှင်နှင့် မြနန်းထွေးတို့၏ ရုပ်တုတော်များပါ တွေ့ခဲ့ရပါသည်။

ဤဘုရားကြီးသည် စတင် တည်တော်မူစဉ်ကပင် ထူးခြားသော အုတ်အလှူတော်များရရှိခြင်း၊ ဘုရားတည်ရန် ခုနစ်ရက်သားသမီးများ၏ အလှူတော်ငွေများ ပြည့်စုံစွာ ရရှိ



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ဆုတောင်းပြည့် အောင်သိဒ္ဓိစေတီတော်အဖြစ် ပေါ်ထွန်းခဲ့ရပါသည်။ ဘုရားကြီး၏ ဘွဲ့အမည်မှာ အောင်သိဒ္ဓိဖြစ်သဖြင့် အောင်မြင်စေသော အတိတ်နိမိတ်များရှိသော အောင်ဓာတ်အပြည့်ရှိသော သိဒ္ဓိများနှင့် ပြည့်စုံတော်မူသည်ဟု အဓိပ္ပာယ်ရပါသည်။ ထို့ကြောင့် အောင်ဓာတ်လိုချင်သူများ၊ တောင်းသောဆုနှင့် ပြည့်လိုသူ ပါရမီရှင်များသည် ဤဘုရား၌ လာရောက်အဓိဋ္ဌာန်ဝင်ခြင်းဖြင့် ပေါက်မြောက်အောင်မြင်ကြပါသည်။ ကျွန်မလည်း အတိတ်ကအကြောင်းများကို ပြန်လည် သတိရရင်း၊ စေတီတော်၌ ဘုရားရှိခိုး၊ ပုတီးစိပ်ခြင်းတို့ ပြုခဲ့ပါသည်။ ဘုရားဖူးပရိသတ်များလည်း ဝင်လာမစဲအောင် ရောက်ရှိကာ ဘုရားကြီးအား ဆီမီး၊ ပန်းများ ကပ်လှူပူဇော်နေသည်ကို တွေ့ရပါသည်။

ထိုသို့ ခုနှစ်ရက်သားသမီးများ ဘုရားဖူးကြ၊ အဓိဋ္ဌာန်ဝင် ပုတီးစိပ်ကြနှင့် စည်ကားစွာတွေ့မြင်ရသောအခါ ကျွန်မတို့ အစပြု၍ ကြိုးစားခဲ့သည့်အကြောင်းလေးများကို သတိရကာ ရင်ထဲ၌ ကြည်နူးမဆုံး ပီတိဖုံးခဲ့ရပါသည်။

ထို့ကြောင့် ထူးခြားလှသော အောင်သိဒ္ဓိစေတီတော်ကြီး၏အကြောင်းကို ကျွန်မသိသမျှ တင်ပြရင်း ဘုရားကြီး





တည်တံ့ခိုင်မြဲပါစေ၊ ဘုရားဖူးများဖြင့် စည်ကားပါစေ၊ အလှူရှင်များ၊ ပါရမီရှင်များ၊ အဓိဋ္ဌာန်ဝင်သူများ အကျိုးထူးရပါစေဟု ဆုတောင်းမိပါသည်။ ဤစေတီတော်မြတ်ကြီး၌ အဓိဋ္ဌာန်ဝင်သူ ပါရမီရှင်များအနေနှင့် အဓိဋ္ဌာန်အထူးပြည့်သော နေရာကြီးတစ်ခုဖြစ်သဖြင့် မသိရှိသူများလည်း သိရှိပြီး၊ အကျိုးထူးများရပါစေကြောင်း စေတနာကောင်းဖြင့် ဤစာစုကို ရေးသားတင်ပြလိုက်ရပါသည်။

ရီရီမြေး၊



BURMESE CLASSIC .com
www.burmeseclassic.com